ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေ့ဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့၊ အင်္ဂါနေ့။ Tuesday, 11 February 2020 ၉၈၂၂

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ဖတ်ကြားတင်သွင်း




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက လေ့လာစိစစ်ရေးပူးပေါင်းကော်မတီအနေဖြင့် လေ့လာစိစစ်မှုဆောင်ရွက်ရမည့် ဥပဒေမူကြမ်းများအနေဖြင့် ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦးက တင်သွင်းထားသည့် ဥပဒေမူကြမ်း၊ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦးက တင်သွင်း

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

## (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားများကို နေပြည်တော်ရှိ မြို့တော်ခန်းမနှင့် ရှမ်းပြည်နယ် ပင်လုံမြို့တို့မှာ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**တိုက်ရိုက်ထုတ်လွှင့်သွားမည်**

နေပြည်တော်ရှိ မြို့တော်ခန်းမတွင် ကျင်းပမည့် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယင်းနေ့ နံနက် ၆ နာရီ မိနစ် ၄၀ ၌ လည်းကောင်း၊ ရှမ်းပြည်နယ် ပင်လုံမြို့တွင်ကျင်းပမည့် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယင်းနေ့နံနက် ၉ နာရီ ၁၅ မိနစ်၌ လည်းကောင်း စတင်ထုတ်လွှင့်သွားမည်ဖြစ်ရာ အဆိုပါ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC Channel)၊ MRTV–4၊ Skynet Up to Date၊ Channel 9၊ တိုင်းရင်းသား၊ MITV၊ MNTV၊ Mizzima၊ မြန်မာ့အသံ ရေဒီယိုအစီအစဉ်နှင့် Ministry of Information Facebook Page၊ MRTV Facebook Page၊ Myanmar Digital News Facebook Page နှင့် Skynet DTH Facebook Page တို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုနေ့တိုင်းရင်းသားပဒေသာကပွဲ ဖျော်ဖြေမှုကို ယင်းနေ့ ညနေ ၆ နာရီ၌ ယခင်နှစ်များကဲ့သို့ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း (NRC Channel)တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံကုန်စည်ဒိုင်သို့ ဝင်ရောက်သည့်ကားများကို ကုန်စည်ဒိုင်ကြေး နှစ်ပတ်ကင်းလွတ်ခွင့်ပြု

**မူဆယ် ဖေဖော်ဝါရီ ၁၀**

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံကုန်စည်ဒိုင်သို့ ဝင်ရောက်သည့်ကားများကို ကုန်စည်ဒိုင်ကြေး နှစ်ပတ်ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးအောင်သက်ဦးက ယနေ့ ပြောကြားသည်။

လက်ရှိ တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ကြောင့် မူဆယ်နယ်စပ်တွင် ကုန်သွယ်မှုအခက်အခဲများ ဖြစ်ပေါ်လျက်ရှိပြီး ကုန်သည်များ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် သစ်သီးဝလံကုန်စည်ဒိုင်မှ ကောက်ခံနေသော ကုန်စည်ဒိုင်ကြေးများကို ယခုလ ၁၀ ရက်မှ ၂၃ ရက်အတွင်း ဝင်ရောက်နေသော ကားများအပေါ် ကင်းလွတ်ခွင့်ပြုမည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# စည်းလုံးညီညွတ်မှု ပြည်ထောင်စုကြီးခိုင်မြဲ

ဤမြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်နေထိုင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးများသည် ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းမြစ်ကြီးများ၊ လွင်ပြင်များနှင့် ပတ်လည်ဝိုင်းနေသော ကုန်းပြင်မြင့်နှင့် တောင်တန်းကြီးများ၌ မရှိမပူ၊ ရှိမပူ အေးချမ်းစွာနေထိုင်ခဲ့ကြပြီး အရေးရှိလျှင်လည်း ကောင်းတူဆိုးဖက် ရင်ဆိုင်ခဲ့ကြသည်။ ပြည်ထောင်စု၌ အတူနေထိုင်ကြသော ပြည်ထောင်စုသားများသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်သူများဖြစ်ကြ၍ အချိန်ကာလအလိုက်ဖြစ်ခဲ့ကြသော သမိုင်းဖြစ်စဉ်အတက်၊ အကျများအပေါ်တွင် အဆိုးဘက်ကို အကျိုးဆက်မဖြစ်စေဘဲ သင်ခန်းစာယူ၍ အကောင်းဘက်ကို အကြောင်းဆက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏သမိုင်းကြောင်းတွင် လူသားတို့၏သဘာဝအတိုင်း တက်ပြန်ကျပြန် လောကဓံများနှင့် ကြုံတွေ့ခဲ့ရသည်။ စည်းလုံးညီညွတ်မှုအားကောင်းသောအချိန်ကာလများက နိုင်ငံအင်အားတောင့်တင်းခိုင်မာပြီးပတ်ဝန်းကျင်တွင် မော်ကြွားထည်ဝါစွာ နေထိုင်ခဲ့ရသည်။ စည်းလုံးညီညွတ်မှုအားနည်းသောအချိန်ကာလများ၌ နိုင်ငံယိုင်နဲ့ပြိုလဲခဲ့ရပြီး သူတစ်ပါးအနှိမ်ခံဘဝဖြင့် မျက်နှာငယ်ခဲ့ရသည်။ အဆိုးဆုံးမှာ တစ်တိုင်းပြည်လုံး တိုင်းတစ်ပါးလက်အောက်ကျရောက်ခဲ့ရပြီး နှစ်ပေါင်းတစ်ရာကျော် ကျွန်ဖြစ်ခဲ့ရသည်ကို သင်ခန်းစာယူကာ အင်အားတောင့်တင်းခိုင်မာသော ပြည်ထောင်စုကြီးဖြစ်အောင် တည်ဆောက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းတွင် အမြော်အမြင်ကြီးမားပြီး စွမ်းရည်ထက်မြက်သော ခေါင်းဆောင်များ၏ဦးဆောင်မှုဖြင့် တစ်တိုင်းပြည်လုံး စည်းလုံးညီညွတ်မှုကိုတည်ဆောက်ကာ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ကြီးများကို ကြီးကျယ်ခိုင်ခံ့စွာ တည်ဆောက်နိုင်ခဲ့သည်။ သို့သော် စည်းလုံးညီညွတ်မှုအားနည်းလာသဖြင့် ပုဂံမင်းဆက်ပျောက်ကွယ်မှုမှ ၁၈၈၅ ခုနှစ် ကုန်းဘောင်မင်းဆက်ပျောက်ကွယ်မှုတို့ဖြင့် တစ်တိုင်းပြည်လုံးကျွန်ဖြစ်ခဲ့ရသည့်အဖြစ်မျိုးကို ထပ်မံမကြုံတွေ့ရအောင် ကြိုးပမ်းအားထုတ်ခဲ့ရသည်။

မြန်မာနိုင်ငံသမိုင်းတွင် မကြုံစဖူးထူးခြားစွာသော တိုင်းရင်းသားလူထုစည်းလုံးညီညွတ်မှုကို ခိုင်မြဲစွာဖန်တီးခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် စတုတ္ထမြန်မာနိုင်ငံတော်ကြီးကို ပြောင်မြောက်အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည်။ နှစ်တစ်ရာကျော် ကျွန်ဖြစ်ခဲ့ရသည့်ဘဝကိုအဆုံးသတ်ကာ လွတ်လပ်သောမြန်မာနိုင်ငံတော်ကြီးအား နောင်မျိုးဆက်များကို အမွေပေးအပ်ခဲ့သည်။ အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သောနိုင်ငံဘဝကို ရောက်ရှိလာရန်အတွက် တိုင်းပြည်နှင့် တိုင်းရင်းသားပြည်သူများ၏ ဘဝပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ပေးဆပ်ခဲ့ရသည်။ မျက်မှောက်ကာလ၌ လွတ်လပ်ပြီဆိုသည်နှင့် မပြီးဆုံးသေးပေ။ မြန်မာနိုင်ငံ၏ အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူကြရမည်ဖြစ်သည်။ သင်ခန်းစာမှာ စည်းလုံးညီညွတ်ရေးသည်သာ အရင်းခံအကြောင်းဖြစ်သည်ကို မြန်မာ့သမိုင်းဖြစ်စဉ်များက သက်သေပြထားပြီးဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံး မြဲမြံသောအသိဖြင့် စည်းလုံးညီညွတ်မှုမယိုင်လဲအောင် သတိမူရမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပေးပို့ခဲ့သော (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာတွင် "ဒေသတွင်းမှာသာမက၊ ကမ္ဘာ့အလယ်မှာပါပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု ဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါသည်" ဟု ပါရှိသည်။

သို့ဖြစ်ရာ ကမ္ဘာ့အလယ်တွင် ပုံရိပ်ကောင်းရှိသော အချုပ်အခြာအာဏာပိုင်သည့် အင်အားတောင့်တင်းခိုင်မာသော နိုင်ငံဖြစ်စေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်ကမြန်မာ့သမိုင်းဖြစ်ရပ်များမှ သင်ခန်းစာယူရမည့်အချက်ဖြစ်သည့် စည်းလုံးညီညွတ်မှုကို ခိုင်မာစွာတည်ဆောက်ထားရမည်ဟူသောအချက်ကို အစဉ်အမြဲအလေးအနက်ထားရမည် ဖြစ်ပါကြောင်း။ ။




## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်းတိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀-၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၅၀၀ | ၄,၇၇၉ | ၅၃,၉၉၂,၅၀၀ |
| MTSH | ၄,၀၀၀ | ၄,၁၀၀ | ၃,၈၇၃ | ၁၅,၅၅၂,၁၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၅၁ | ၄၂၈,၄၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၁,၆၄၇ | ၃၇,၈၈၁,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၈၅၀ | ၁,၀၄၀ | ၂,၉၆၄,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ရန်ကုန်(ရွှေဈေး) ၁၂၂၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၀၀၀

**စက်သုံးဆီဈေးနှုန်း** | **ရန်ကုန်** | **မန္တလေး**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၇၅ ကျပ် | ၈၆၀/၈၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၉၀၀ ကျပ် | ၈၉၀/၉၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၀/၇၈၀ ကျပ် | ၇၉၀/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၈၉၀ ကျပ် | ၈၇၅/၈၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၃၀/၇၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၀/၇၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၀/၆၇၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၅၀.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၈.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၇.၇၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၆.၃၇၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၉.၈၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၃၁၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၁.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂.၀၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၁.၅၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၄၄.၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



## ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာဘာလဲ နားလည်ဖို့လိုတယ်။ ဒီတော့က ဒီအပိုဒ် ဒီဝါကျမှာ ညီညွတ်ရေးဆိုတဲ့အကြောင်းကို သရုပ်ဖော်ပြထားတယ်။ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက်ရှိရမယ်။ ကျွန်တော်တို့ညီညွတ်ရေးဆိုတာ ဘာအတွက်ညီညွတ်ရမှာလဲ။ ဘယ်လိုရည်ရွယ်ချက်နှင့်ညီညွတ်ရမှာလဲ။ ရည်ရွယ်ချက်ဆိုတာရှိရမယ်။ ညီညွတ်ရေးဆိုတာက ဘာအတွက်ညီညွတ်ရမှာလဲ။ ရာထူးယူဖို့ညီညွတ်ရမှာလား။ ဒါမှမဟုတ်ရင် ဒီတိုင်းပြည်ရဲ့တိုင်းသူပြည်သားတွေကို နှိပ်စက်ဖို့ညီညွတ်ရမှာလား။ ဘာအတွက် ညီညွတ်ရမလဲ။ အဲဒီတော့က ကျွန်တော်လိုချင်တဲ့ ညီညွတ်ရေးက တစ်တိုင်းတစ်ပြည်လုံး၊ လူတစ်မျိုးလုံးရဲ့လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ် ဒါတွေကိုရအောင်၊ အဲဒီလိုတူညီတဲ့အကျိုး တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။

*[ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ဖဆပလ ပြည်လုံးကျွတ် ညီလာခံသဘင်ကြီးသို့ ရှင်းလင်းတင်သွင်းသည့် ညီညွတ်ရေးအဆိုမှ ကောက်နုတ်ချက်]*

* ရှေ့ဖုံးမှ

ထားသည့် ဥပဒေမူကြမ်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင်အပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦးက တင်သွင်းထားသည့်ဥပဒေမူကြမ်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်စန်းချစ်အပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦးက တင်သွင်းထားသည့် ဥပဒေမူကြမ်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦးက တင်သွင်းထားသည့် ဥပဒေမူကြမ်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်(ခေါ်) ဦးထွန်းထွန်းဟိန် အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၃၅၁ ဦးက တင်သွင်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း(၂)ခု စုစုပေါင်း ဥပဒေမူကြမ်း (၇)ခုအပေါ်တွင် စိစစ်လေ့လာခဲ့ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း အခန်းပါ ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲများကို လေ့လာစိစစ်သည့်အခါတွင် ဦးသိန်းထွန်း တင်သွင်းထားသည့် ပြင်ဆင်လိုသည့်အချက်များအနေဖြင့် ပုဒ်မခွဲ(ခ)တွင် (၆)ချက် အကျုံးဝင်ပါကြောင်း၊ ဒေါက်တာမောင်သင်း တင်သွင်းထားသည့် ပြင်ဆင်ချက်များအနေဖြင့် ပုဒ်မခွဲ(က)တွင် (၂)ချက်အကျုံးဝင်ပြီး ပုဒ်မခွဲ(ခ)တွင် (၄)ချက် အကျုံးဝင်ပါကြောင်း၊ ဗိုလ်မှူးချုပ်မောင်မောင် တင်သွင်းထားသည့် အချက် (၂)မှာ ပုဒ်မခွဲ(ခ) တွင် အကျုံးဝင်ပါကြောင်း၊ ဗိုလ်မှူးချုပ်အောင်စန်းချစ် တင်သွင်းထားသည့် အချက်(၉)ချက်သည် ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်ပါကြောင်း၊ ဦးစိုင်းသန်းနိုင် တင်သွင်းထားသည့် အချက်(၅)ချက်သည် ပုဒ်မခွဲ(က)တွင် အကျုံးဝင်ပါကြောင်း၊ ဦးထွန်းအောင်(ခေါ်) ဦးထွန်းထွန်းဟိန် တင်သွင်းထားသည့် ဥပဒေမူကြမ်း (၂)ခုတွင် ပုဒ်မခွဲ(က)တွင် (၅၁)ချက် နှင့် ပုဒ်မခွဲ(ခ)တွင် (၆၃)ချက် အကျုံးဝင်ပါကြောင်း၊ စုစုပေါင်းအနေဖြင့် ပုဒ်မခွဲ(က)တွင် အချက်ပေါင်း(၅၈)ချက်နှင့် ပုဒ်မခွဲ(ခ) တွင် အချက်ပေါင်း(၈၄)ချက် ရှိပါကြောင်း။

ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ပြဋ္ဌာန်းချက်များအနက် ပုဒ်မခွဲ (၂)ခုဖြစ်သည့် ပုဒ်မ ၅၉၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၂၀၁၊ ပုဒ်မခွဲ(ဋ)တို့တွင် သဘောထားကွဲလွဲသည့် ပြင်ဆင်ချက်များရှိနေသည်ကို ကော်မတီအနေဖြင့် လေ့လာစိစစ်တွေ့ရှိရပါကြောင်း၊ ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သည့် ပြဋ္ဌာန်းချက်များအနက် ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)တွင် တင်သွင်းထားသည့် ဥပဒေကြမ်း(၂)ရပ်တွင် ပါရှိသည့် ပြင်ဆင်ချက်များသည် ထပ်တူညီနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဥပဒေရေးထုံးပိုင်းဆိုင်ရာ လေ့လာစိစစ်ချက်အနေဖြင့် ပြင်ဆင်သည့်ဥပဒေမူကြမ်းတစ်ခုချင်းစီတွင်ပါရှိသည့် ပြင်ဆင်ချက်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဆောင်သည့် တာဝန်ရှိပုဂ္ဂိုလ်များက ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန် စိစစ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ မူကြမ်းများဖြစ်သည့်အတွက် ရေးထုံးပိုင်းဆိုင်ရာ ပြင်ဆင်ချက်များကိုသာ ဆောင်ရွက်ခွင့်ရှိပါကြောင်း၊ ဥပဒေအကြောင်းအရာပိုင်းဆိုင်ရာ ပြင်ဆင်ချက်များကို တစ်လုံးတစ်ပါဒမျှ ပြင်ဆင်တည်းဖြတ်ထားခြင်း မရှိပါကြောင်း၊ အားလုံးသည် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းလာသည့်အတိုင်း လွှတ်တော်သို့တင်ပြထားခြင်း ဖြစ်ပါကြောင်း။

### ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂)၊ ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုပါက

လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်ခြင်းဆိုင်ရာ လေ့လာစိစစ်ချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂)၊ ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(က)တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုပါက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(ခ)တွင် ပုဒ်မခွဲ (က)တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှ အပဖြစ်သည့် ကျန်ရှိသည့်ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟု ပြဋ္ဌာန်းဖော်ပြထားပါကြောင်း။

ယခုအစီရင်ခံစာကို ပြုစုတင်ပြသည့်အချိန်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၆၅၅ ဦးရှိပါကြောင်း၊ ယနေ့အချိန်တွင် အောင်လံမြို့နယ်မှ



ဒေါက်တာမြတ်ဉာဏစိုး



ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်



တပ်မတော်သားပြည်သူ့လွှတ်တော်
ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း



ထီးလင်းမဲဆန္ဒနယ်မှ
ဦးမြတ်လေးဦး

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တိမ်းပါးသွားသည့်အတွက် ၆၅၄ ဦးသာရှိပါကြောင်း၊ ထို့ကြောင့် ၇၅ ရာခိုင်နှုန်းကျော်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၄၉၁ ဦးထက်ပိုမိုသည့် ထောက်ခံဆန္ဒမဲအရေအတွက် ရရှိမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ နှင့်အညီ ပြင်ဆင်သည့် ဥပဒေမူကြမ်းများကို အတည်ပြုဆောင်ရွက်နိုင်မည်ကို တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်သည့် ဥပဒေမူကြမ်းများအပေါ်တွင် ဆွေးနွေးပြီးပါက နောက်ဆက်တွဲအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂) ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(က)နှင့် (ခ)တို့နှင့်အညီ ပြုစုစုစည်းထားသည့် (ဇ – ၁) နှင့် (ဈ – ၁)ဟူ၍ ဥပဒေမူကြမ်း(၂)ရပ်ရှိပါကြောင်း၊ အဆိုပါ (ဇ – ၁) နှင့် (ဈ – ၁) ဥပဒေမူကြမ်းများ၏ ပြင်ဆင်ချက်ဇယားအနေဖြင့် နောက်ဆက်တွဲ(ဇ–၂) နှင့် (ဈ–၂)တို့ကို ဖြန့်ဝေတင်ပြထားပါကြောင်း၊ ယင်းဇယားများအပေါ်တွင် သီးခြားစီလွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်သည်ကို တင်ပြလိုပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ပြဋ္ဌာန်းချက်များအနက်မှ ပုဒ်မ ၅၉၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၂၀၁၊ ပုဒ်မခွဲ(ဋ)တို့တွင် သဘောကွဲလွဲသည့် ပြင်ဆင်ချက်များ ရှိနေပါကြောင်း၊ ထို့ကြောင့် ပြင်ဆင်ချက် တစ်ခုချင်းစီအလိုက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲ ရရှိမှု ရှိ/မရှိကို တစ်ခုချင်းစီသီးခြား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ကို သီးခြားစီ ဆောင်ရွက်ပြီးသည့်အခါတွင် ပြင်ဆင်ချက် (၂)ခုစလုံးသည် ထောက်ခံဆန္ဒမဲ ရာခိုင်နှုန်းပြည့်မီပြီး ၇၅ ရာခိုင်နှုန်းကျော်ပါက ထောက်ခံဆန္ဒမဲရာခိုင်နှုန်းများသည့် ပြင်ဆင်ချက်ကို အတည်ပြုဆောင်ရွက်သင့်ပါကြောင်း။

လွှတ်တော်အတွင်း ဆန္ဒပြုခြင်းဆိုင်ရာ လေ့လာစိစစ်ချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ကိစ္စရပ်များကို လွှတ်တော်အတွင်း အဆုံးအဖြတ်ရယူရာတွင် ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒမဲပေးသည့် နည်းလမ်းဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ မိမိတို့ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ပါဝင်သည့် ကော်မတီဝင် ၁၅ ဦး၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ပါဝင်သည့် ကော်မတီဝင် ၁၅ ဦး စုစုပေါင်း ၃၀ ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီဝင်များအနက်မှ ကော်မတီဝင် (၄)ဦးက သီးခြားသဘောထားမှတ်ချက်ပြုထားပါကြောင်း၊ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီဝင် ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်တင့်လွင်၊ ဒေါ်နန်းနီနီအေး၊ ဦးစတီဖန်တို့က အစီရင်ခံစာအပိုဒ်(၁၄)နှင့် အပိုဒ်(၁၈) တွင် ပါရှိသည့် ဖော်ပြချက်များနှင့်စပ်လျဉ်း၍ အစုအဖွဲ့အလိုက်တင်သွင်းလာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ခုချင်းစီအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၂)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေအခန်း (၁၈)တို့နှင့်အညီ သီးခြားစီဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြုထားပါကြောင်း၊ ကျန်ရှိသည့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီဝင်အားလုံး၏ သဘောထားမှတ်ချက်မှာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်သည့်ဥပဒေမူကြမ်းများအပေါ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၇၊ ၁၃၈ တို့နှင့်အညီ ဆွေးနွေးပြီးသည့်အခါတွင် နောက်ဆက်တွဲ (ဇ–၁)နှင့် (ဈ – ၁)တို့ပါ ဥပဒေမူကြမ်းများ၏ ပြင်ဆင်ချက်ဇယား(၂)ခုဖြစ်သည့် နောက်ဆက်တွဲ(ဇ–၂)နှင့် (ဈ–၂)တို့အပေါ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ နှင့်အညီ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်သည်ကို အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က နောက်ဆက်တွဲ (ဇ – ၁)နှင့်(ဈ – ၁)ပါ ပြင်ဆင်သည့်ဥပဒေကြမ်းများတွင်ပါဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်အတွင်းဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစီရင်ခံစာ၏ နောက်ဆက်တွဲ (ဇ – ၁)နှင့် (ဈ – ၁)တို့ပါ ပြင်ဆင်သည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၇၊ ၁၃၈ တို့နှင့်အညီ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင်က မိမိတို့အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်အရ ၂၀ ရာခိုင်နှုန်း ကိုယ်စီကိုယ်စီ လက်မှတ်ရေးထိုး တင်ပြထားသည့် ဥပဒေမူကြမ်းများ ဖြစ်ပါကြောင်း၊ သို့သော် ယခုအခါ ယင်းဥပဒေမူကြမ်းများသည် ရောထွေးသွားပြီး ဇယားထဲတွင်ပေါင်း၍ ဖော်ပြထားပါကြောင်း၊ မိမိတို့ လိုလားချက်အနေဖြင့် သီးခြားဇယား၊ သီးခြားဥပဒေမူကြမ်းများအဖြစ် လွှတ်တော်သို့ တင်သွင်းရန် တင်ပြထားခြင်းဖြစ်ပါကြောင်း၊ ယင်းအတိုင်းသာ ဆက်လက်ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းပြောကြားချက်အပေါ် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် စိစစ်ရေးပူးပေါင်းကော်မတီတွင် ပါဝင်ပါကြောင်း၊ တင်ပြလာသည့် ဥပဒေမူကြမ်းတိုင်းကို စိစစ်ရေးပူးပေါင်းကော်မတီက တစ်ခုချင်းစီ တင်ခဲ့ခြင်းများ ရှိပါကြောင်း၊ ယင်းအချိန်တွင် ဆုံးဖြတ်ထားသည်မှာလည်း ဥပဒေမူကြမ်းအားလုံးကို ပူးပေါင်း၍ ဥပဒေမူကြမ်းတစ်ခုအဖြစ် ဆောင်ရွက်ရန် ဆုံးဖြတ်ထားသည့်အပိုင်းများလည်း ရှိပါကြောင်း၊ ထို့ကြောင့် စိစစ်ရေးပူးပေါင်းကော်မတီတွင် ညှိနှိုင်းဆုံးဖြတ်ထားသည့်ကိစ္စကို လွှတ်တော်သို့ တင်ပြလာသည့်အချိန်တွင် လွှတ်တော်အနေဖြင့်လည်း အလေးထားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းဆိုသည့် ခေါင်းစဉ်တစ်ခုတည်းအောက်တွင် ပုဒ်မအလိုက် ဆွေးနွေးသွားရမည်ဖြစ်သည့်အတွက် သီးခြားစီဆွေးနွေးရန်မှာ မဖြစ်နိုင်ပါကြောင်း ပြောကြားသည်။

### ဒုတိယဗိုလ်ချုပ်ကြီးစိုးထွင်အား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူ

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက က လစ်လပ်လျက်ရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွင်အား ခန့်အပ်တာဝန်ပေးလိုကြောင်း နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(က)ပါ သတ်မှတ်အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားပြ၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဖေဖော်ဝါရီ ၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍

စာမျက်နှာ ၄ သို့ *

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ချက်သမ္မတနိုင်ငံ အထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ချက်သမ္မတနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Jan Hornik နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံရေးပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်းနှင့် လွှတ်တော်ပြင်ပလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဇော်သိန်း၊ ဦးစိုးသူရထွန်း၊ ဦးကြည်မိုးနိုင်၊ ဒေါက်တာအောင်ထွန်းခိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး Mrs. Hana Mottlova တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ချက်သမ္မတနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Jan Hornik အား လက်ခံတွေ့ဆုံစဉ်။

✻ **စာမျက်နှာ ၃ မှ**

အမည်စာရင်းပေးပို့နိုင်ကြောင်းကိုလည်း တစ်ပါတည်းကြေညာခဲ့ပါကြောင်း၊ တင်ပြပါ နောက်ဆုံးသတ်မှတ်ချိန်အထိ ကန့်ကွက်လိုကြောင်း တင်ပြချက်တစ်စုံတစ်ရာမရှိသည့်အတွက် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်အား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက **၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာ**နှင့် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေ အစီရင်ခံစာတို့နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေး တည်ငြိမ်မှုအခြေအနေ အစီရင်ခံစာ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပြန်လည်ရှင်းလင်းတင်ပြချက်ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညွန့်စိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏သဘောထား ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

## နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူအတည်ပြု

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညွန့်စိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဓာတ်မြေသြဇာစက်ရုံများလုပ်ငန်း တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အခြေအနေ**တို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သည့် ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းအပေါ်တွင် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အစီရင်ခံစာကို တင်သွင်းသည့်အချိန်တွင် ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်ငန်းစီမံကိန်းများကို နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမှု၊ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးအတွက် အထောက်အကူပြုမှု၊ စီးပွားရေးအကျိုးအမြတ်ရလဒ်ဖြစ်ထွန်းမှု စသည့် အချက်များအပေါ်တွင် မူတည်၍ လုပ်ငန်းစီမံကိန်းအမျိုးအစား(၃)ရပ်အဖြစ် ခွဲခြားစိစစ်ခြင်းပြုခဲ့ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် လုပ်ငန်းစီမံကိန်း (၅၂)ခုကို လတ်တလောရပ်ဆိုင်းထားသင့်သော လုပ်ငန်းစီမံကိန်းများ၊ ပြည်တွင်းပြည်ပမှ နည်းပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ အကျိုးတူဆောင်ရွက်သင့်သောလုပ်ငန်းများ၊ ပြည်ထောင်စုအစိုးရအဖွဲ့က ကြပ်မတ်ပြီး ဆက်လက်လုပ်ဆောင်သင့်သော လုပ်ငန်းစီမံကိန်းများဟူ၍ အမျိုးအစား (၃)ရပ်ခွဲခြားခဲ့ပါကြောင်း၊ လတ်တလောရပ်ဆိုင်းထားသင့်သော လုပ်ငန်းစီမံကိန်းများ ခွဲခြားရာတွင် စက်မှုဝန်ကြီးဌာန၏ စက်ရုံ(၃၄)ရုံနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ စက်ရုံနှင့် လုပ်ငန်း(၁၀)ခုတို့ပါဝင်သွားခဲ့ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လက်အောက်တွင်ရှိသည့် လတ်တလောရပ်ဆိုင်းထားသင့်သော စက်ရုံနှင့် လုပ်ငန်း(၁၀)ခုအနက် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)နှင့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)တို့ ပါဝင်လာခဲ့ပါကြောင်း။

## ဓာတ်မြေသြဇာစက်ရုံ (၂)ရုံကို ပြန်လည်လည်ပတ်ခွင့်ပြုပေးခဲ့

အဆိုပါ စက်ရုံများကို ရပ်ဆိုင်းလိုက်ရပါက နိုင်ငံတွင် တည်ရှိပြီးဖြစ်သည့် စက်မှုကဏ္ဍ(၁)ခု ရပ်တန့်သွားနိုင်ခြင်း၊ ယင်းစက်ရုံ(၂)ရုံတွင် လက်ရှိတာဝန်ထမ်းဆောင်နေ ဆဲဖြစ်သည့် ဝန်ထမ်းဦးရေ (၈၀၀)ခန့်သည် ပိုလျှံဝန်ထမ်းများဘဝရောက်သွားနိုင်ခြင်း၊ ထိုပိုလျှံဝန်ထမ်းများကို သင့်လျော်ရာနေရာများကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခဲ့ပါက ဓာတ်မြေသြဇာနည်းစဉ်ကို ကျွမ်းကျင်ပိုင်နိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်မျိုးဆက်များ တိမ်ကောသွားနိုင်ခြင်း၊ လက်ရှိစက်ရုံ(၂)ရုံမှ အရည်အသွေးပြည့်မီသည့် ဓာတ်မြေသြဇာထုတ်လုပ်မှုများ ရပ်တန့်သွားနိုင်ခြင်းစသည့် အချက်များကို အခြေခံ၍ ပြည်ထောင်စုလွှတ်တော်ထံ လက်ရှိကြီးမားသည့်အရှုံးဖြစ်ပေါ်နေမှုများကို ပြန်လည်ကုစား၍ တစ်နှစ်ထက်တစ်နှစ် အရှုံးလျော့နည်းစေရန်နှင့် အရှုံးများကို ရေရှည်တွင်ပပျောက်သွားရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြခဲ့ရာတွင် ပြည်ထောင်စုလွှတ်တော်က အဆိုပါ ဓာတ်မြေသြဇာစက်ရုံ (၂)ရုံ ကို ပြန်လည်လည်ပတ်ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် စက်ရုံ(၂)ရုံလုံးကို အရှုံးလျော့နည်းစေရန် ကြိုးပမ်းမည်ဟု အားလုံးတိုင်ပင်၍ တက်ညီလက်ညီဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၈ – ၂၀၁၉ ခုနှစ်မှစတင်၍ စက်ရုံ(၂)ရုံလုံးသည် ၆ ဒသမ ၅ ဘီလီယံကျော်စီ အမြတ်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဝန်ထမ်းများအားလုံး ဝမ်းသာပီတိဖြစ်ခဲ့ရပါကြောင်း၊ ဓာတ်မြေသြဇာ စက်ရုံ(၂)ရုံ၏ နေ့စဉ်ကုန်ထုတ်စွမ်းအား ယခုထက်တိုးတက်မြင့်မားလာစေရန်အတွက် စက်ပစ္စည်းများအသစ်လဲလှယ်ပြုပြင်ရန်ကိစ္စရပ်များကိုလည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းဆောင်ရွက်ရန် စက်ရုံ (၂)ရုံအတွက် ပစ္စည်းများအသစ်ဝယ်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃ သန်းခန့် လိုအပ်မည်ဖြစ်ပါကြောင်း၊ ၂၀၂၀–၂၀၂၁ ဘတ်ဂျက်တွင် တင်ပြသွားမည်ဖြစ်ပြီး ခွင့်ပြုပေးနိုင်ပါရန်လည်း ကြိုတင်တင်ပြအပ်ပါကြောင်း။

ထို့ကြောင့် အရှုံးပေါ်နေခြင်းကြောင့် လတ်တလောရပ်ဆိုင်းရမည့် နိုင်ငံပိုင်စက်ရုံများစာရင်းတွင် ပါဝင်သွားခဲ့ပြီးသည့်နောက် ဝန်ကြီးဌာန၏ ရှင်းလင်းတင်ပြချက်အရ ပြန်လည်ဆက်လက်လုပ်ကိုင်ခွင့် ရရှိခဲ့သည့် ဓာတ်မြေသြဇာစက်ရုံ(၂)ရုံ၏ အရှုံးပပျောက်ပြီး အမြတ်ရရှိနေမှုအခြေအနေကို ယခုကဲ့သို့ ပြည်ထောင်စုလွှတ်တော်ထံ ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုခြင်းနှင့် ထိုစက်ရုံ(၂)ရုံအား အရှုံးမှ အမြတ်ဆီသို့ ပြန်လည်ပြောင်းလဲရေး ကြိုးပမ်းနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်က အခွင့်အလမ်းပေးခဲ့သည့်အတွက် ဓာတ်မြေသြဇာစက်ရုံ(၂)ရုံမှ ဝန်ထမ်းများအားလုံးကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ရှင်းလင်းတင်ပြချက်များအပေါ် ထပ်မံသိရှိဆွေးနွေးလိုခြင်းရှိပါက သက်ဆိုင်ရာလွှတ်တော်အလိုက် မေးခွန်းမေးမြန်း ဆောင်ရွက်နိုင်ပါကြောင်း၊ အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ရှင်းလင်းတင်ပြချက်ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ (၆) လတာကာလလုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း**က ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ ရည်ရွယ်ချက်သည် အလွန်ကောင်းမွန်သည့်အတွက် ကြိုဆိုပါကြောင်း၊ အစီရင်ခံစာအပိုဒ် ၁ တွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့တွင် ဥပဒေအထောက်အကူပြုရုံးခွဲများအား အစီရင်ခံစာကာလအတွင်း ဂုဏ်ယူဖွယ်ကောင်းလောက်အောင် ရုံးဖွင့်နိုင်သည်ကို အသိအမှတ်ပြုရမည်ဖြစ်သော်လည်း ပြည်ထောင်စုတရားသူကြီးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားသူကြီးချုပ်တို့က ဦးဆောင်၍ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းခဲ့ခြင်း ဟုတ်၊ မဟုတ် မေးခွန်းထုတ်စရာဖြစ်နေပါကြောင်း၊ နောင်လာမည့် အစီရင်ခံစာများတွင် ဥပဒေဆိုင်ရာအထောက်အကူပေးပေးရေးအဖွဲ့ ဖွဲ့စည်းပြီးနောက်ပိုင်း တရားစီရင်ရေးပိုင်းတွင် ပို၍ကောင်းသည်၊ ဆိုးသည်တို့ကို သုံးသပ်ဖော်ပြသင့်ပါကြောင်း၊ ထို့ပြင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အနေဖြင့် ဥပဒေပိုင်းဆိုင်ရာနှင့် ပတ်သက်၍ လိုက်နာမှုရှိသော၊ ပွင့်လင်းမြင်သာမှုရှိသော စံပြအဖွဲ့ဖြစ်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး**က ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လိုက်ပါဆောင်ရွက်ခဲ့သည့် အမှုပေါင်း ၄၇၀ တွင် ပဲခူးတိုင်းဒေသကြီးက ၁၄၆ မှုဖြင့် အများဆုံးဆောင်ရွက်နိုင်ခဲ့ပြီး အားရစရာကောင်းသော်လည်း မြေယာမှုအလွန်ပေါများသည့် ဧရာဝတီတိုင်းဒေသကြီးတွင် အမှု ၃ ခုဖြင့် အနည်းဆုံးဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ ထိုကိစ္စများကိုသုံးသပ်ကြည့်မည်ဆိုပါက မြို့နယ်များတွင် ဖွဲ့စည်းထားသည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့များအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ အားနည်းနေသည်ကို တွေ့ရသကဲ့သို့ အချို့ ခရိုင်များနှင့် မြို့နယ်များတွင် ဥပဒေပြုရေးအထောက်အကူအဖွဲ့များ ရှိနေသည်ကိုပင် မသိကြသူများရှိပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ပြည်သူများသိရှိလာအောင် အသိပညာပေးမှုများ ဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် ရည်ရွယ်ချက်တွင် ပါဝင်သည့် အချက်များအောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များအနေဖြင့် ရုံးဖွင့်လှစ်ခြင်းလုပ်ငန်းများနှင့် ပြည်သူလူထုသို့အသိပညာပေးမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးငွေဦးနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်၊ ဓာတ်ပုံ–စိုးဝင်းထွန်း(သတင်းစဉ်)**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ချက်သမ္မတနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Jan Hornik နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ချက်သမ္မတနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Jan Hornik နှင့်အဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်ချက်သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်အချင်းချင်း ပိုမိုရင်းနှီးစွာ ဆက်သွယ်ဆောင်ရွက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၊ ၆/ ၂၀၂၀**
၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)
**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်ကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက် ကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်တို့အကြား ငွေကြေးဆိုင်ရာစီရင်ချက်များ အတည်ပြုရန် လမ်းညွှန်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်တို့အကြား “ငွေကြေးဆိုင်ရာစီရင်ချက်များ အတည်ပြုရန် လမ်းညွှန်မှုစာချွန်လွှာ” လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက လမ်းညွှန်မှုစာချွန်လွှာသည် ဥပဒေအရစည်းနှောင်မှုအားမရှိဟု ဆိုနိုင်သော်လည်း နှစ်နိုင်ငံ တရားစီရင်ရေးကဏ္ဍများအကြား စီရင်ချက်များ အပြန်အလှန်အတည်ပြုဆောင်ရွက်ရန် သဘောတူစာချုပ်များ (သို့မဟုတ်) အခြားအစီအမံများ မရှိသည့်အခြေအနေတွင် အရေးပါသည့် ခြေလှမ်းတစ်ရပ်အဖြစ် အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် တရားမကျင့်ထုံးဥပဒေတွင် နိုင်ငံခြားစီရင်ချက်များကို မြန်မာနိုင်ငံအတွင်း အတည်ပြုနိုင်သည့် နည်းလမ်းများကို ပြဋ္ဌာန်းထားကြောင်း၊ ဤလမ်းညွှန်မှုစာချွန်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့ အပြန်အလှန်ဆောင်ရွက်ပေးသည့် စည်းမျဉ်းအရ တစ်နိုင်ငံ၏ စီရင်ချက်ကို အခြားတစ်နိုင်ငံက အတည်ပြုပေးနိုင်သော အခြေအနေများနှင့် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားကြောင်း၊ စာချွန်လွှာကို လက်မှတ်ရေးထိုးပြီးနောက်တွင် စာချွန်လွှာပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်တွေ့ကျသည့် ဆွေးနွေးဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ တရားသူကြီးချုပ် The Hon. Sundaresh Menon က အမှာစကားပြောကြားပြီး ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် စင်ကာပူသမ္မတနိုင်ငံ တရားသူကြီးချုပ် The Hon. Sundaresh Menon တို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်တို့



အကြား “ငွေကြေးဆိုင်ရာစီရင်ချက်များ အတည်ပြုရန် လမ်းညွှန်မှုစာချွန်လွှာ” ကို လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

လက်ရှိတွင် မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုများ အများအပြားတွေ့ရှိရပြီး အနာဂတ်တွင်လည်း နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်လာနိုင်မည်ဖြစ်သည်။ ဤလမ်းညွှန်မှုစာချွန်လွှာသည် ငွေကြေးဆိုင်ရာ စီရင်ချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် နိုင်ငံခြားစီရင်ချက်ကို အတည်ပြုရာ၌ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို သဘောတူ သတ်မှတ်ထားသည့်အတွက် နှစ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးများကို တရားစီရင်ရေးကဏ္ဍမှ ဖြည့်ဆည်းပေးခြင်းပင်ဖြစ်ပြီး မြန်မာစီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း ပိုမိုကောင်းမွန်သည့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ ပေါ်ပေါက်လာစေနိုင်မည်ဖြစ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ လွှတ်တော်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ စင်ကာပူသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်မှ တရားသူကြီးများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ချက်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စစ် ဟာနားမောတိုးလ်ဗားအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဖွံ့ဖြိုးမှုအကူအညီပေးရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ ဘဏ္ဍာရေးနှင့် အခွန်အကောက်ဆိုင်ရာကိစ္စ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများ၊ စက်မှုကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာကိစ္စ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုအသွင်သဏ္ဌာန် ပီပြင်ဖို့.....

■ မောင်ကြာလှ

လူတို့သည် ကမ္ဘာမြေတစ်လွှားတွင် မှီတင်းနေထိုင် ရှင်သန်ရပ်တည်နေကြသော သက်ရှိသတ္တဝါအမျိုးမျိုးအနက် အသိဉာဏ်အကြွယ်ဝဆုံး သတ္တဝါများဖြစ်ကြသည်။ ထိုသို့ အသိဉာဏ်အကြွယ်ဝဆုံး ဖြစ်ကြသည်နှင့်အမျှ ကမ္ဘာမြေပြင်ကို အစိုးမိုးနိုင်ဆုံး သတ္တဝါသည်လည်း လူသားများသာဖြစ်သည်။ ကမ္ဘာ့သမိုင်းတစ်လျှောက် ပေါ်ပေါက်ခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များကို လေ့လာပါက အနည်းနှင့်အများဆိုသလို လူသားတို့၏ပယောဂမကင်းကြောင်း တွေ့ရမည်။ အကယ်စင်စစ် ကမ္ဘာဦးကာလကလူသားများသည် အခြားသက်ရှိသတ္တဝါများနည်းတူ အစားအစာများကို အလေ့ကျ လှည့်လည်ရှာဖွေစားသောက်ကာ အသက်ရှင်သန်ရပ်တည်ခဲ့ကြသည်။ နောက်ပိုင်းတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပေါ်ထွန်းလာပြီး အခြေတကျနေထိုင်၍ ယဉ်ကျေးမှုတစ်စထက်တစ်စဖွံ့ဖြိုးကာ မျက်မှောက်ခေတ် လူ့အဖွဲ့အစည်းများအထိ ပြောင်းလဲလာခဲ့ခြင်းဖြစ်သည်။ ဆိုရလျှင် ယနေ့ကမ္ဘာ့အရေးအခင်းများ၊ နိုင်ငံအသီးသီး၏ အရေးအရာများ ကိစ္စဝိစ္စဟူသမျှသည် လူသားများ၏ အရေးပင်ဖြစ်လေသည်။

လူသတ္တဝါတစ်ဦး စတင်မွေးဖွားသည်မှ သေဆုံးသည်အထိ လူသားဘဝကို ထိုလူသားရှင်သန်ရပ်တည်မှုပုံစံအပေါ် အခြေခံပြီး ခွဲခြမ်းစိတ်ဖြာလျှင် မှီခိုနေရခြင်း၊ အမှီအခိုကင်းခြင်း သို့မဟုတ် လွတ်လပ်ခြင်းနှင့် အပြန်အလှန်မှီခိုနေရခြင်းဟူ၍ ပုံစံသုံးမျိုး တွေ့ရမည်ဖြစ်သည်။ အမိဝမ်းမှကျွတ်လာသည့် မွေးကင်းစ လူသားကလေးငယ်သည် ငိုကြွေးခြင်းမှအပ ဘာမျှမလုပ်နိုင်သေးသဖြင့် အမိ အဘ လူကြီး သူမတို့၏ အပြုအစု အယုအယကိုသာ ခံကြရစမြဲဖြစ်၏။ ယင်းသည် မှီခိုနေရခြင်းဟူသော ပထမပုံစံဖြစ်သည်။

အဆိုပါ လူသားငယ်ကလေးသည် မွေးကင်းစမှ လေးဖက်သွားအရွယ်၊ ထိုမှ လမ်းလျှောက်ခါစအရွယ်၊ ကျောင်းနေခါစအရွယ်စသဖြင့် တဖြည်းဖြည်း အရွယ်ရောက်လာသည့် ကာလတစ်လျှောက် မိမိ၏ လူအပါအဝင် သက်ရှိ သတ္တဝါများနှင့် ဩကာသလောက၊ သင်္ခါရလောကဟူသော သဘာဝပတ်ဝန်းကျင်တို့သည်ပင်လျှင် အပြန် အလှန်မှီခိုပြီး အပြန်အလှန်အထောက်အကူပြုကြရန် အရေးကြီးကြောင်း အများလက်ခံထားကြပြီးဖြစ်ပေသည်။

မှီခိုနေရခြင်းသည်လည်းကောင်း၊ အမှီအခိုကင်းခြင်းသည်လည်းကောင်း ရေရှည်ရှင်သန်ရပ်တည်ရန် မဖြစ်နိုင်။ သာဓကဆိုပါမူ သားသမီးတို့သည် တစ်သက်လုံး မိဘများအပေါ် မှီခိုနေထိုင်သွားရန် သာမန်အားဖြင့် မဖြစ်နိုင်သည့် သဘောပင်တည်း။ မွေးကင်းစအရွယ်က မိဘလူကြီးများကို မှီခိုခဲ့ရပြီး ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်လာသည်နှင့်အမျှ စားခြင်း၊ သောက်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်းကို ကိုယ်တိုင်လုပ်နိုင်သည်။ မှီခိုရန်မလိုတော့။ သို့သော် ပညာသင်ယူရေး၊ စားဝတ်နေရေးတို့အတွက်မူ မိဘများအပေါ် မှီခိုရဆဲမဟုတ်ပါလော။ တစ်ဖက်တွင်လည်း မိသားစုဝင်တစ်ဦးအနေဖြင့် အိမ်မှုကိစ္စများကို တတ်နိုင်သလောက် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် မိဘများကို အထောက်အကူ ပြန်ပေးရသည်။ တစ်နည်းအားဖြင့် မိဘများက သို့မဟုတ် မိသားစုက ကိုယ့်ကို ပြန်မှီခိုရသည်။ ဤအချက်ကို ကြည့်လျှင် အပြန်အလှန်မှီခိုနေရခြင်းသည်သာ လူသားအားလုံးအတွက် အမှန်ကန်ဆုံး၊ အသင့်လျော်ဆုံးနှင့် အကျိုးအရှိဆုံး နေထိုင်မှု ပုံစံဖြစ်ကြောင်း အရှင်းလင်းဆုံးဥပမာကို တွေ့ရပေသည်။

**တည်ထောင်ပေါ်ထွန်း**

ဤသို့ဆိုပါလျှင် လူတစ်ဦးတစ်ယောက်ပင်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ပင်ဖြစ်စေ၊ တစ်ဦးတည်းတစ်ယောက်တည်း၊ တစ်ဖွဲ့တည်း အမှီအခိုကင်းစွာ ရှင်သန်ရပ်တည်နိုင်ပါသလော။ ရှင်သန်ရပ်တည်သင့်ပါသလော။ ရှင်သန်ရပ်တည်ဖို့ ကြိုးစားသင့်ပါသလော။ လူတိုင်းလူတိုင်း၊ အဖွဲ့အစည်းတိုင်း အလေးထားစဉ်းစားကြရမည် ဖြစ်ပါသည်။ လူတို့သည် တစ်ဦးတည်း တစ်ယောက်တည်း ရှင်သန်ရပ်တည်ရန် မဖြစ်နိုင်ခြင်းကြောင့်ပင်လျှင် မိသားစုများ၊ ရပ်ကွက်ကျေးရွာများ၊ မြို့ပြနိုင်ငံများ တည်ထောင်ပေါ်ထွန်းလာကြရသည် မဟုတ်ပါလော။ တစ်ဦးချင်း ရှင်သန်ရပ်တည်နိုင်မှသာ လူ့အဖွဲ့အစည်းလည်း ရှင်သန်ရပ်တည်နိုင်မည်။ တစ်ဦးချင်း ရှင်သန်ရပ်တည်နိုင်ရန် အချင်းချင်းအပြန်အလှန် မှီခို၍ အပြန်အလှန် ကူညီရိုင်းပင်းကြရန် လိုသည်။ လူတစ်ဦးချင်းသည်လည်း သူနှင့် ဆက်စပ်ပတ်သက်ရာ လူ့အဖွဲ့အစည်းအသီးသီးတွင် ပါဝင်နေကြပြန်ရာ ထိုလူ့အဖွဲ့အစည်းများသည်လည်း အချင်းချင်း အပြန်အလှန် အမှီသဟဲပြုနေကြရမည် ဖြစ်ပေသည်။

> **မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအတွင်း မှီတင်းနေထိုင်ကြသော လူသားများ သို့မဟုတ် နိုင်ငံသားများအားလုံး တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်မှီခိုပြီး အချင်းချင်း ရိုင်းပင်းကူညီခြင်းသာလျှင် လွတ်လပ်ရေးအဓွန့်ရှည်အောင် ဦးတည်ဆောင်ရွက်နိုင်မည်ဖြစ်သည်။**

တစ်ကိုယ်ရေကိစ္စများကို အမှီအခိုကင်းစွာ လုပ်ဆောင်တတ်အောင် သင်ယူခြင်း၊ လေ့ကျင့်ခြင်းများ လုပ်ကိုင်လာခဲ့သည်။ ဤသို့ဖြင့် အမှီအခိုကင်းခြင်း သို့မဟုတ် လွတ်လပ်ခြင်းပုံစံကို တည်ဆောက်ယူကြရမြဲဖြစ်သည်။ သို့သော် လုံးဝဥဿုံ အမှီအခိုကင်းစွာ နေထိုင်နိုင်ကြသည် မဟုတ်ပေ။ လူသားတစ်ဦး၏ ဘဝကို သေချာစွာ စေ့ငုလေ့လာလျှင် အမှီအခိုကင်းသော အချိန်ရှိသလို သူတစ်ပါးကို မှီခိုရသော အချိန်လည်းရှိသည်။ အချို့ကိစ္စများတွင် အမှီအခိုကင်းစွာ ဆောင်ရွက်နိုင်သော်ငြားလည်း အချို့ကိစ္စများတွင် အခြားသူတစ်ဦး သို့မဟုတ် အများကို မှီခိုမှသာ အောင်မြင်စွာ လုပ်ကိုင်နိုင်ကြလေသည်။ လက်တွေ့ဘဝတွင် မှီခိုနေရခြင်းနှင့် အမှီအခိုကင်းခြင်းတို့မှာ အမြဲတစေ ယှဉ်တွဲလျက်သာရှိသည်။

**အပြန်အလှန် အမှီသဟဲပြုကြရမြဲ**

အထက်ပါသဘောတရားသည် တတိယပုံစံဖြစ်သော အပြန်အလှန်မှီခိုနေရခြင်းပင် ဖြစ်တော့သည်။ လူမှန်သမျှ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မှီခိုနေထိုင်ခြင်းဖြင့်သာ အသက်ရှင်သန် ရပ်တည်နိုင်ကြမည်ဖြစ်သည်။ မိဘနှင့် သားသမီး၊ လင်နှင့်မယား၊ ဆရာနှင့် တပည့်၊ အလုပ်ရှင်နှင့် အလုပ်သမား၊ အစိုးရနှင့် ပြည်သူစသဖြင့် အပြန်အလှန် မှီခိုကြရသလို မိဘများအချင်းချင်း၊ သားသမီးများ သို့မဟုတ် ညီအစ်ကို မောင်နှမများအချင်းချင်း၊ ဆရာများအချင်းချင်း၊ တပည့်များအချင်းချင်း၊ အလုပ်ရှင်အချင်းချင်း၊ အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်းလည်း အပြန်အလှန် အမှီသဟဲပြုကြရမြဲပင်တည်း။ လောက၌ သာမန်ပုထုဇဉ်လူသားကို မဆိုထားဘိ ဘုရား၊ ရဟန္တာစသော အရိယာပုဂ္ဂိုလ်တို့ပင်လျှင် အမှီအခိုမကင်းကြောင်း တွေ့ရမည်ဖြစ်သည်။ ထိုထက်ဆိုပါမူ လောကသုံးပါးရှိ မှသာ လူ့အဖွဲ့အစည်းလည်း ရှင်သန်ရပ်တည်နိုင်မည်။ တစ်ဦးချင်း ရှင်သန်ရပ်တည်နိုင်ရန် အချင်းချင်းအပြန်အလှန် မှီခို၍ အပြန်အလှန် ကူညီရိုင်းပင်းကြရန် လိုသည်။ လူတစ်ဦးချင်းသည်လည်း သူနှင့် ဆက်စပ်ပတ်သက်ရာ လူ့အဖွဲ့အစည်းအသီးသီးတွင် ပါဝင်နေကြပြန်ရာ ထိုလူ့အဖွဲ့အစည်းများသည်လည်း အချင်းချင်း အပြန်အလှန် အမှီသဟဲပြုနေကြရမည် ဖြစ်ပေသည်။

မျက်မှောက်ခေတ်ကာလ အခြေအနေကို ကြည့်လျှင် လူအများသည် အချင်းချင်း အပြန်အလှန်မှီခို၍ လူ့အဖွဲ့အစည်း ရှင်သန်ရပ်တည်နေနိုင်အောင် ကြိုးစားကြရမည်ဟူသော အယူအဆကို မေ့လျော့နေကြဟန်တူသည်။ သို့မဟုတ် မိမိတို့တစ်ဦး၊ တစ်ဖွဲ့ ကောင်းစားရေးကို ရှေ့တန်းတင်သော အတ္တဖုံးလွှမ်းမှုကြောင့် အများကောင်းစားရေးအတွက် အရေးပါသည့်အချက်ကို မမြင်နိုင်ကြဟန်တူသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ပဋိပက္ခများ၊ မကျေလည်မှုများ၊ အနိဋ္ဌာရုံများ ဖုံးလွှမ်းလျက်ရှိနေခြင်း၏ အဓိကအကြောင်းရင်းမှာ ဖော်ပြပါသဘောတရားကို အလေးမထားကြခြင်းကြောင့်ပင် ဖြစ်သည်။ အပြန်အလှန်အားဖြင့် လူတစ်ဦးချင်းမှစ၍ အဖွဲ့အစည်းများ၊ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ ကူညီရိုင်းပင်းမှုများ၊ ယုံကြည်မှုများ တည်ဆောက်နိုင်မှသာ လက်ငင်းကြုံတွေ့နေရသော ပဋိပက္ခများချုပ်ငြိမ်းကာ ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြမည်ဖြစ်သည်။ တစ်နည်းဆိုလျှင် လူသားတိုင်းသည် လူသားဆန်စွာ၊ လူပီသစွာ ပြုမူနေထိုင် ပြောဆိုလုပ်ကိုင်ကြရမည် ဖြစ်ပေသည်။

လူပီသခြင်းနှင့်ပတ်သက်၍ ပြီးခဲ့သော လွတ်လပ်ရေးနေ့က ကြုံခဲ့ရသော မြေးအဘိုးနှစ်ဦးအကြောင်း ရေးလိုပါသေးသည်။ လွတ်လပ်ရေးနေ့ ရုံးပိတ်ရက်မို့ မတွေ့တာကြာပြီဖြစ်သော အငြိမ်းစားဆရာသမားတစ်ဦးထံသွားလည်ခဲ့ပါသည်။ အငြိမ်းစားအရာရှိကြီးအဖြစ် ဘဝကိုအေးချမ်းစွာ ဖြတ်သန်းနေသော ဆရာအား မူကြိုကျောင်းသူ မြေးမလေးနှင့်အတူ တွေ့ရသည်။ သားအဖလိုနေလာခဲ့သော သံယောဇဉ်ကြောင့် တွေ့သည်နှင့် ရေးဟောင်းနှောင်းဖြစ် စကားလက်ဆုံ ပြောမကုန်တော့ပေ။ ထိုစဉ် မြေးမလေးက ပုံပြောရန် ပူဆာလာသဖြင့် မြေးမလေးကို အဘိုးက ဤသို့ ဆိုလိုက်သည်။

"ဒီမှာကြည့်သမီး ဟောဒါ ဘိုးဘိုးတို့နေတဲ့ ကမ္ဘာကြီးရဲ့ မြေပုံနော်။ အဲဒီမြေပုံကို ဘိုးဘိုးက အပိုင်းကလေးတွေ ဖြတ်လိုက်မယ်။ သမီးက နဂိုအတိုင်းဖြစ်အောင် ပြန်ဆက်။ ပြီးတာနဲ့ ဘိုးဘိုးက ပုံပြောပြမယ်ဗျာ။ ဟုတ်ပြီလား" ဆိုကာ အေဖိုးဆိုဒ်အရွယ် ကမ္ဘာ့မြေပုံစာရွက်ကို ကတ်ကြေးဖြင့် အပိုင်းကလေးများဖြစ်အောင် ညှပ်ပေးလိုက်သည်။ ပြီးတော့ ကျွန်တော့်ဘက်လှည့်ပြီး "မြေးကလေးကို ဒီလို အလုပ်ပေးထားမှ ငါတို့ စကားအေးအေးဆေးဆေး ပြောရမှာကွ၊ အနည်းဆုံး နာရီဝက်လောက်ဆက်ရမယ် ထင်တယ်"ဟု ပြော၏။ ဉာဏ်ရည်ထက်မြက်ပြီး စိတ်သဘောထား နူးညံ့သိမ်မွေ့သော ဆရာသမားအကြောင်းကို ငယ်စဉ်ကတည်းက သိပြီးဖြစ်၍ ပြုံးလျက် ခေါင်းညိတ်မိသည်။ သို့သော် ဆရာသမားထင်သလို ဖြစ်မလာပါ။ ငါးမိနစ်ပင် မကြာလိုက်မီ တိကျသေချာစွာ တွဲဆက်ထားသော ကမ္ဘာ့မြေပုံစာရွက်ကိုကိုင်ပြီး မြေးဖြစ်သူက ပြန်ရောက်လာသည်။ သူ့အဘိုးရော ကျွန်တော်ပါ အံ့အားသင့်ရသည်။ "ဟာ၊ တယ်တော်ပါလားဟေ့။ ဘယ်လိုဖြစ်ပြီး ဒီလောက် မြန်မြန်တွဲနိုင်ရတာလဲ သမီးရဲ့။ ပြောစမ်းပါဦး" ဆိုတော့ မြေးမလေး၏ အရည်အချင်းကို မချီးကျူးဘဲ မနေနိုင်အောင်ဖြစ်ရသည်။ အဖြေကား ဤသို့တည်း။

"ဒီလိုလေ ဘိုးဘိုးရဲ့၊ ဘိုးဘိုးပေးတဲ့ မြေပုံစာရွက် နောက်ကျောမှာ လူတစ်ယောက်ပုံ ပါတယ်လေ။ သမီးက မြေပုံကိုမကြည့်ဘူး။ နောက်ကျောက လူပုံပေါ်အောင် ပြန်ဆက်လိုက်တာ။ လူပုံပေါ်သွားတော့ မြေပုံလည်း ဆက်စပ်ပြီးသားဖြစ်သွားတာပေါ့။"

မြေးမလေး၏ အဖြေဆုံးသော်လည်း ကျွန်တော်၏ အတွေးများကား မဆုံးတော့ပေ။ မြေပုံကို မကြည့်ဘူး၊ လူကိုကြည့်သည် ဆိုပါလား။ လူပုံပေါ်ရင် မြေပုံလည်း ဆက်စပ်ပြီးသား ဖြစ်သွားသည် ဟူ၏။ မှန်လိုက်တာဟု ရင်ထဲက မြည်တမ်းတမိသည်။ ကျွန်တော်တို့လူကြီးတွေ လုံးဝမတွေးမိသောအတွေးကို မူကြိုအရွယ်သမီးငယ်ကလေးက လက်တွေ့လုပ်ပြသွားချေပြီတည်း။ လူပုံသဏ္ဌာန်ပီပြင်မှသာ ကမ္ဘာ့နိုင်ငံအသီးသီးကို စုစည်းထားသော ကမ္ဘာ့မြေပုံကိုရမည်။ တစ်နည်းအားဖြင့် လူတွေအားလုံး လူပီသမှသာ ကမ္ဘာမြေတစ်ခွင် တည်ငြိမ်အေးချမ်းမည်ဟု ယူဆရပေမည်။

**လက်ခံကျင့်သုံးရမည့်ပုံစံ**

ယခုနှစ် ပြည်ထောင်စုနေ့ကာလတွင် ကျွန်တော့်စိတ်ဝယ် ထူးခြားသောအတွေးတစ်စ ဝင်ရောက်ခဲ့ချေပြီတည်း။ ဤစာစု၏ရှေ့ပိုင်းတွင် ရေးသားခဲ့သလို မှီခိုနေရခြင်း၊ အမှီအခိုကင်းခြင်း သို့မဟုတ် လွတ်လပ်ခြင်းနှင့် အပြန်အလှန်မှီခိုနေရခြင်းဟူသော ပုံစံသုံးမျိုးတွင် မည်သည့်ပုံစံကို အလေးထားကျင့်သုံးသင့်ပါသနည်း။ အကယ်စင်စစ် အမြဲတစေ မှီခိုနေရခြင်းနှင့် အမြဲတစေ အမှီအခိုကင်းခြင်း ဟူ၍ မရှိချေ။ အပြန်အလှန်မှီခိုနေရခြင်းသည်သာ လူသားအားလုံး အမြဲတစေ လက်ခံကျင့်သုံးရမည့်ပုံစံဖြစ်တော့သည်။ သို့ဆိုပါလျှင် ကျွန်တော်တို့နိုင်ငံ၏ လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ရေးအတွက် နိုင်ငံသားအားလုံး လိုက်နာကျင့်ကြံနေထိုင်ရမည့်ပုံစံကို ထောက်ချင့်နိုင်ကြမည် ထင်ပါသည်။ ယင်းကား အပြန်အလှန် မှီခိုနေရခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအတွင်း မှီတင်းနေထိုင်ကြသော လူသားများ သို့မဟုတ် နိုင်ငံသားများအားလုံး တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်မှီခိုပြီး အချင်းချင်း ရိုင်းပင်းကူညီခြင်းသာလျှင် လွတ်လပ်ရေးအဓွန့်ရှည်အောင် ဦးတည်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယင်းသို့နေထိုင်ဆောင်ရွက်ရန် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ရမည် မဟုတ်ပါလော။ ပြည်ထောင်စုအသွင်သဏ္ဌာန် ပီပြင်ဖို့ဆိုလျှင် ကျွန်တော်တို့အားလုံး လူပီသဖို့ အဓိကကျသည် မဟုတ်ပါလော။ ကျွန်တော်သည် မကြာမီ ကျရောက်တော့မည့် ပြည်ထောင်စုနေ့သို့ မှန်းမျှော်ကြည့်နေမိပါတော့သည်။ ။

## သစ်ပင်နှင့် အမြစ်များ

❖ သစ်တစ်ပင်၏ ဖြစ်စဉ်ကြည့်က
အမြစ်လျှင် အဓိက။
❖ ပင်ကြီးဤမြေ မတ်ခိုင်နေဖို့
ရှင်ပြီးတည်နေ ရပ်နိုင်စေဖို့
အခြေခံအား အမြစ်များ –တည့်။
❖ မြစ်လက်တက်နှင့် မြစ်ခက်မြစ်မြွှာ
မြောက်မြားစွာတို့
မြေမှာမြဲမြဲ ခိုင်ခိုင်တွဲမှ။
❖ တွဲလက်မဖြုတ် မြေမှာငုပ်၍
ကုပ်အားသန်သန် ဆုပ်ထားပြန်မှ
မြေယံကိုမှီ ထိုပင်စည်သည်
ရှင်တည်ခိုင်မြဲ မပြိုလဲနိုင်။
❖ နိုင်ငံတော်အသွင် သစ်တစ်ပင်နှင့်
ဖြစ်စဉ်ဘဝ တူညီလှ၏
ပြည်ထောင်စုဖွား ညီနောင်များသည်
သွေးသားမျိုးနွယ်
အမြစ်နွယ်တည့်။
❖ အမြစ်အလား ပြည်ထောင်သားတို့
ဖွားသည့်မြေနှစ် မြတ်နိုးချစ်၍
ကျစ်လျစ်သိပ်သည်း
တစ်ပေါင်းတည်းဖြင့်
စုစည်းပိုင်ပိုင် တွဲလက်ခိုင်မှ
နိုင်ငံပင်စည် အညွှန့်ဝေသည်။
ခိုင်သန်အစဉ်တည် အဓွန့်ရှည်
မည်။ ။

**[(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်]**

**အေးမျိုးကြည်**

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

**ရမည်းသင်း ဖေဖော်ဝါရီ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၈) စက်မှုလယ်ယာစခန်းတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၀)ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရမည်းသင်းမြို့နယ်၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် လက်တွန်းထွန်စက်၊ ထွန်စက်ကြီးနှင့် ကောက်စိုက်စက် အသုံးပြုပုံများကို စာတွေ့လက် တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၁ ရက်ထိ ၁၂ ရက်ကြာ သင်တန်းပို့ချမည်ဖြစ်ကာ သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ကြောင်း သိရသည်။

သင်တန်းသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ တောင်သူများနှင့် Farmer Choice ကုမ္ပဏီမှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုရူပ**

# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ချက်သမ္မတနိုင်ငံ အထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ချက်သမ္မတနိုင်ငံ အထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr.Jan Hornik နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် အမျိုးသားလွှတ်တော်ရေးရာဆောင် (I-20) ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဝင် နော်လှလှစိုးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ၎င်းတို့၏ဇနီး/ခင်ပွန်းများ မြိတ်ကျွန်းစုရှိ ပုလဲမွေးမြူရေးစခန်း၊ စမတ်ကျွန်းကမ်းခြေနှင့် ဆလုံရွာတို့သို့ သွားရောက်လေ့လာ





**မြိတ် ဖေဖော်ဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ လေ့လာရေးခရီးစဉ် ရောက်ရှိနေကြသော အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီး/ခင်ပွန်းများ ပါဝင်သော သံတမန်လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အမြန်ရေယာဉ်ဖြင့် မြိတ်ကျွန်းစုရှိ ကျွန်းများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ သံတမန်လေ့လာရေးအဖွဲ့သည် သဃောသဏ္ဍာန်ကြီးကျွန်းရှိ မြန်မာအတ္တလန်တစ်ကုမ္ပဏီ ပုလဲမွေးမြူရေးစခန်းသို့ ရောက်ရှိရာ ပုလဲမွေးမြူရေးစခန်းတာဝန်ခံ ဦးစောထဲလာက ပုလဲမွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သံတမန်လေ့လာရေးအဖွဲ့သည် မုတ်ကောင်သားပေါက်ခန်းနှင့် ဝတ်ဆံသွင်းခန်းမတွင် မုတ်ကောင်အတွင်း ဝတ်ဆံသွင်းနေမှုအား ကြည့်ရှုလေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

ထိုမှတစ်ဆင့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များကြားတွင် ရေပန်းစားလူကြိုက်များပြီး ဧရိယာအားဖြင့် ၅၅ ဒသမ ၀၆ ဧကခန့်ရှိကာ တောတောင်ထူထပ်၍ ကျွန်း၏မြောက်ဘက်ပိုင်းတွင် ပေ ၄၀၀၀ ခန့်ရှည်လျားသော ကျောက်စရစ်ကမ်းခြေတစ်ခုနှင့် တောင်ဘက်တွင်ပေ ၆၀၀ ခန့်ရှည်လျားကာ သဲဖြူကမ်းခြေ သုံးခုတည်ရှိသည့် မြိတ်မြို့မှ ရေမိုင် ၅၆ မိုင်ခန့်ကွာဝေးသော စမတ်ကျွန်းသို့ ရောက်ရှိကြပြီး သဘာဝကမ်းခြေအလှအပများကို ကြည့်ရှုလေ့လာကြသည်။

**သံတမန်များ စုပေါင်းလှူဒါန်း**

ဆက်လက်၍ ဒုံးညောင်မှိုင်းကျေးရွာရှိ ဆလုံလူမျိုးများ၏ လူမှုဘဝနေထိုင်မှုများကို သွားရောက်လေ့လာကြရာ ဆလုံလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဝန်ကြီးက လှူဒါန်းငွေကျပ် နှစ်သိန်းလှူဒါန်းပေးအပ်ပြီး သံတမန်များ စုပေါင်းလှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၆၈ ဒေါ်လာနှင့် မြန်မာကျပ်ငွေ ၁၃၂၈၀၀၀ ကို သံတမန်အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေနိုင်ငံ သံအမတ်ကြီးက ပေးအပ်လှူဒါန်းသည်။ ထို့နောက် အမြန်ရေယာဉ်ဖြင့် ကျွန်းများကို လှည့်လည်ကြည့်ရှုလေ့လာကာ မြိတ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် သံတမန်လေ့လာရေးအဖွဲ့သည် မြိတ်လေဆိပ်မှ မြန်မာ့အမျိုးသားလေကြောင်းလိုင်းဖြင့် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**ခိုင်ထူး (မြိတ်ပြန်/ဆက်)**

## မစ္စစ် ဖာတူမာတာဘားလ်ဒေးအား မြန်မာနိုင်ငံဆိုင်ရာ ဂီနီနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စစ် ဖာတူမာတာဘားလ်ဒေးအား နယူးဒေလီမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဂီနီသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုချက်ကို သဘောတူပြီးဖြစ်သည်။

မစ္စစ် ဖာတူမာတာဘားလ်ဒေးသည် ကွန်နာခရီဂယ်မော(လ်)အ(ဘ်) ဒယ်နာဆာတက္ကသိုလ်မှ ၁၉၈၅ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့(စာပေ)ကို ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ အတ္တလန်တာစီမံခန့်ခွဲမှုကျောင်း၌ စီမံခန့်ခွဲမှုပညာရပ်နှင့် ၂၀၀၁ ခုနှစ်တွင် ဝါရှင်တန်ဒီစီရှိ ဝါရှင်တန်နိုင်ငံတကာစီမံခန့်ခွဲမှုကျောင်း၌ ငွေကြေးအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုပညာဘာသာရပ်တို့ကို လေ့လာဆည်းပူးခဲ့သည်။ ၎င်းသည် ၁၉၈၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ သုတေသနအရာရှိအဖြစ်နှင့် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အစုစပ်လုပ်ငန်း၊ ငွေကြေးဆိုင်ရာ တီထွင်ဆန်းသစ်ရေးနှင့် ပူးပေါင်းညှိနှိုင်းရေးဌာန၏ ဌာနအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသမ္မတ၏ အကြံပေးပုဂ္ဂိုလ်အဖြစ်နှင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သမ္မတ၏အကြံပေးပုဂ္ဂိုလ်၊ သံအမတ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စစ် ဖာတူမာတာဘားလ်ဒေးသည် ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဂျာမနီနိုင်ငံဆိုင်ရာ ဂီနီသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင် ခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလမှစ၍ အိန္ဒိယနိုင်ငံဆိုင်ရာ ဂီနီသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**သတင်းစဉ်**

## မစ္စတာ မိုဟာမက် အ(ဘ်)ဒယ်လာဟီ အယ်လ် ဘူခါရီ အယ်လ် ဗီလာလီအား မြန်မာနိုင်ငံဆိုင်ရာ မော်ရီတေးနီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ မိုဟာမက် အ(ဘ်) ဒယ်လာဟီ အယ်လ် ဘူခါရီ အယ်လ် ဗီလာလီအား ပေကျင်းမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မော်ရီတေးနီးယားအစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုချက်ကို သဘောတူပြီးဖြစ်သည်။

မစ္စတာ မိုဟာမက် အ(ဘ်) ဒယ်လာဟီ အယ်လ် ဘူခါရီ အယ်လ် ဗီလာလီသည် ၁၉၉၁ ခုနှစ်တွင် အီဂျစ်နိုင်ငံ အိုင်ခမ်းတက္ကသိုလ်မှ စိုက်ပျိုးစီးပွား သိပ္ပံဘွဲ့ရရှိခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် မော်ရီတေးနီးယားနိုင်ငံ နော့ချာ(တ်) တက္ကသိုလ်မှ စီးပွားရေးဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဆက်သွယ်ရေးနှင့် လွှတ်တော်ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ကုတ်ဒီဗွားနိုင်ငံဆိုင်ရာ မော်ရီတေးနီးယားနိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဂါနာ၊ ဆယ်ရာလီယွန်နှင့် လိုက်ဘေးရီးယားနိုင်ငံများဆိုင်ရာ မော်ရီတေးနီးယားသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန် ထမ်းဆောင်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ယနေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မော်ရီတေးနီးယားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၀ ပြည့်နှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနား အောင်မြင်စွာကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

အစည်းအဝေးတွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် မတ် ၈ ရက်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အခမ်းအနားတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃၄၂ ပါး၊ သီလရှင် ၂၅ ပါး၊ လူပုဂ္ဂိုလ် ၁၄၇ ဦးတို့ကို ဘွဲ့တံဆိပ် ဆက်ကပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ အစည်းအဝေးတွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌတို့က သက်ဆိုင်ရာလုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြကာ လိုအပ်သည်များအား ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး အခမ်းအနားများ ချောမွေ့အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးတို့က စေတနာထား၍ ကုသိုလ်ယူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြရန်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လွှမ်းခြုံမှုစစ်တမ်း သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လွှမ်းခြုံမှုစစ်တမ်း(Nationwide Vaccine Coverage Evaluation Survey)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် Hotel Max နေပြည်တော်၌ ကျင်းပသည်။



**ကလေးငယ်များသေဆုံးမှု လျှော့ချနိုင်ရေးရည်မှန်း**

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာန၏ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်သည် အသက် ငါးနှစ်အောက်ကလေးများတွင် ကူးစက်ရောဂါများ ဖြစ်ပွားမှုလျော့နည်းစေရေးနှင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများကြောင့် ကလေးငယ်များ သေဆုံးမှု လျှော့ချနိုင်ရေး အဓိကရည်မှန်းချက်များဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ရောဂါကာကွယ်ဆေး ၁၂ မျိုးကို ထိုးနှံတိုက်ကျွေးနိုင်ပြီဖြစ်ပြီး လာမည့် ဇူလိုင်လ(သို့မဟုတ်) ဩဂုတ်လအတွင်း သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးကို ၁၃ ခုမြောက် ကာကွယ်ဆေးအဖြစ် ထည့်သွင်းထိုးနှံသွားနိုင်တော့မည် ဖြစ်ပါကြောင်း။

ထိုသို့ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးနိုင်ရန်အတွက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် ဝန်ထမ်းများအားလုံးနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၏ စနစ်တကျချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်မှုအားကောင်းစွာဖြင့် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖြစ်ပါကြောင်း၊ ကလေးတစ်ဦးကို ကာကွယ်ဆေး ၁၂ မျိုး ထိုးနှံတိုက်ကျွေးရန်အတွက် အမေရိကန်ဒေါ်လာ ၄၀ ခန့် ကုန်ကျပြီး နိုင်ငံတော်မှ ၂၆ ရာခိုင်နှုန်းကျခံပြီး Gavi, the Vaccine Alliance အဖွဲ့မှ ၇၄ ရာခိုင်နှုန်း လှူဒါန်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

**ဘဏ္ဍာငွေကို ထိရောက်စွာ အသုံးချ**

လာမည့် ၂၀၂၅ ခုနှစ်တွင် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများအတွက် နိုင်ငံတော်မှ ၁၀၀ ရာခိုင်နှုန်း ကျခံဆောင်ရွက်ရမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် ရရှိသောဘဏ္ဍာငွေများကို ထိရောက်အကျိုးရှိစွာ အသုံးချဆောင်ရွက်နိုင်ရေးမှာ အရေးကြီးပါကြောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ လွှမ်းခြုံမှုအားကောင်းစေရေးအတွက် စိန်ခေါ်မှုများ၊ အခက်အခဲများဖော်ထုတ်ကာ ပိုမိုအောင်မြင်ထိရောက်စေရေးအတွက် နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလွှမ်းခြုံမှုစစ်တမ်းသည် အရေးကြီးပါကြောင်း၊ အလားတူ နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလွှမ်းခြုံမှုစစ်တမ်းမျိုးကို ၁၉၈၇ ခုနှစ်နှင့် ၁၉၉၃ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး အခြားစစ်တမ်းငယ်ပြုလုပ်မှုများလည်း ရှိပါကြောင်း၊ စစ်တမ်းအဖြေများ၏ အသုံးဝင်မှုကောင်းမွန်စေရေးအတွက် စစ်တမ်းကောက်ယူသူ (surveyor)များနှင့် ချိတ်ဆက်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍများသည် အရေးကြီးပါကြောင်း။

စစ်တမ်းအဖြေများကို လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မူဝါဒနှင့် မဟာဗျူဟာများ ချမှတ်ရာတွင်လည်းကောင်း အသုံးချဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခု သင်တန်းတက်ရောက်သူများအနေဖြင့်လည်း အပြန်အလှန်မေးမြန်းဆွေးနွေးမှုများကို ပြုလုပ်ကြစေလိုပါကြောင်း၊ စစ်တမ်းကောက်ယူရာတွင် ပါဝင်ခြင်းအားဖြင့် စစ်တမ်းကောက်ယူမှု အတွေ့အကြုံများစွာ ရရှိနိုင်မည်ဖြစ်ပြီး နောင်အခါ ဆောင်ရွက်မည့်စစ်တမ်းများကောက်ယူရာတွင် ပိုမိုကောင်းမွန်စွာ ပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ စစ်တမ်းကောက်ယူမှုလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းတာဝန်သတ်မှတ်ခွဲဝေမှုများသည် အရေးကြီးပါကြောင်း၊ စစ်တမ်းကောက်ယူမှု ကြီးကြပ်သူများအနေဖြင့်လည်း စတင်ကောက်ယူစဉ် ပထမပတ်နှင့် ဒုတိယပတ်တို့တွင် အတွေ့အကြုံဝေမျှ ဆွေးနွေးခြင်းများကို ပြုလုပ်စေလိုပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ပြည်သူများတွင် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သောရောဂါများမဖြစ်ပွားစေရေး ဝိုင်းဝန်းဆောင်ရွက်နေသူများအားလုံးကိုကျေးဇူးတင်ရှိပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ထားထားလင်းက နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလွှမ်းခြုံမှုစစ်တမ်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ခြောက်ရက်ကြာသင်တန်းတွင် စစ်တမ်းကောက်ယူမှု စာတွေ့သင်ကြားခြင်းအပြင် လက်တွေ့ကွင်းဆင်းစစ်တမ်းကောက်ယူ လေ့ကျင့်ခြင်းတို့ကိုပါ ဆောင်ရွက်သွားမည်ဖြစ်သည်။ စစ်တမ်းကောက်ယူမှုလုပ်ငန်းများကို ဖေဖော်ဝါရီလကုန်ပိုင်းခန့်မှစတင်၍ သုံးလတာကာလကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်ဖွင့်ပွဲနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ဓာတ်ပုံနှင့် စာအုပ်စာစောင်များ ခင်းကျင်းပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင်ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅)နှစ်မြောက် မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ယင်းနေ့နံနက်ပိုင်းတွင် နေပြည်တော် သပြေကုန်းအဝိုင်း၌ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်ဖွင့်ပွဲကျင်းပမည်ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ဓာတ်ပုံနှင့် စာအုပ်စာစောင်များ ခင်းကျင်းပြသမှုကို ပြန်ကြားရေးဝန်ကြီးဌာနက ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တာဝန်ယူဆောင်ရွက်**

ထိုသို့ ခင်းကျင်းပြသရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝ၊ ရဲဘော်သုံးကျိပ်နှင့် တပ်မတော်သားဘဝ၊ နိုင်ငံရေးသမားဘဝ၊ မိသားစုဘဝနှင့် နိုင်ငံခြားခရီးစဉ်ဓာတ်ပုံများအပြင် ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးမူများ၊ မိန့်ခွန်းကောက်နုတ်ချက်များ၊ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားဖွဲ့ဆိုထားသည့် ကဗျာအပါအဝင် စာအုပ်စာစောင်များဖြင့် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ သပြေကုန်းအဝိုင်းအနီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် နေပြည်တော်ကောင်စီက ဖေဖော်ဝါရီ ၁၃ ရက်တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ စီစဉ်ကျင်းပမည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ သီချင်း၊ ကျပန်းစကားပြောနှင့် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားတွင်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်ဓာတ်ပုံများ၊ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားမှတ်တမ်းတင်ထားသည့် စာအုပ်များကို ပြန်ကြားရေးဝန်ကြီးဌာနကလည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် သမိုင်းဝင်စာရွက်စာတမ်းများ၊ မှတ်တမ်းဓာတ်ပုံများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနကလည်းကောင်း ပူးပေါင်း၍ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

**ညှော်ခံဖျော်ဖြေ**

ထို့အတူ နေပြည်တော်ကောင်စီမှ ဖေဖော်ဝါရီ ၁၃ ရက် ညပိုင်းတွင် မြို့တော်ခန်းမအနီးရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပမည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် ညှော်ခံဖျော်ဖြေပွဲတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အလားတူပြခန်းများကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲလင်းမြင့်(ပြန်/ဆက်)**

ဒို့ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုနေ့ ဒို့မမေ့

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၆ / ၂၀၂၀**
၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ တနိုင်းမြို့၊ ကင်ဆားရာရပ်ကွက်နေ ဦးတူးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၂-၂၀၂၀ ရက်နေ့တွင်တနိုင်းမြို့၊ ကင်ဆားရာရပ်ကွက်နေ ဦးတူး(ခ)အောင်တူး(၅၄)နှစ်၊(ဘ)ဦးကျော်စော၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ မောင်ထွန်း(ခ)နေမျိုးထွန်း(၄၀)နှစ်၊ (ဘ)ဦးထွန်းအောင်၊ဦးအောင်ဒီး(၄၅)နှစ်၊ (ဘ)ဦးဂမ်အောင်၊ ရာဇာထက်(၃၁)နှစ်၊ (ဘ)ဦးသောင်းမြင့်ဦး၊ မုန်ဒိန်ရပ်ကွက်နေ လှဇော်ဦး(၃၇)နှစ်၊ (ဘ)ဦးတင်မြင့်တို့ (၅)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တနိုင်း)မယ(ပ)၂/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာနေ မိုးသီး(ခ)ကိုဇော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၂-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာနေ မဝင်းကြည်(၅၂)နှစ်၊ (ဘ)ဦးကျော်မြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းကျေးရွာနေ မိုးသီး(ခ)ကိုဇော်(၄၂)နှစ်၊ (ဘ) ဦးအောင်ငြိမ်းထံမှဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် မိုးသီး(ခ)ကိုဇော်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားတွေ့ရှိပြီး မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာမတွေ့ရှိရသော်လည်း ၎င်းတို့(၂)ဦးအား မမစ(ထီးချိုင့်)မယ(ပ)၁၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ ထွန်းဦး(၆၁)နှစ်၊ (ဘ)ဦးဘမောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်း၏သမီးဖြစ်သူ မလင်းလင်းအေး(၃၄)နှစ်မှ လာရောက်ထားရှိသည့် ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် မလင်းလင်းအေး၏နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းအားတွေ့ရှိပြီး မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာမတွေ့ရှိရဘဲ ထပ်မံစစ်ဆေးချက်အရ မိုးသီး(ခ)ကိုဇော်ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃)ဦးအား မမစ(ထီးချိုင့်)မယ(ပ)၁၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ မော်မိကျေးရွာတွင် မူးယစ်ဆေးဝါးများ အကြီးအကျယ် သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၂-၂၀၂၀ရက်နေ့တွင် ပုလောမြို့နယ်၊ မော်မိကျေးရွာနေ ရန်နောင်စိုး(ခ)ရန်နောင်ဦး(၄၂)နှစ်၊ (ဘ)ဦးမြင့်အောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပုလော) မယ(ပ)၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်နေ ချစ်ကိုလေး(ခ)ငွေဆင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၂-၂၀၂၀ ရက်နေ့တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်နေ ချစ်ကိုလေး(ခ)ငွေဆင့် (၃၆)နှစ်၊ (ဘ)ဦးလေးမောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်မြေသာစံမြို့နယ်၊ မရမ်းခြံဆိပ်နေ ညီညီ(၂၃)နှစ်၊(ဘ)ဦးကျော်ငွေးတို့ (၂)ဦးအား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၆)(ချမ်းအေးသာစံ)မယ(ပ) ၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်နေ ခွန်လျန်ထယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၂-၂၀၂၀ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်နေ ခွန်လျန်ထယ်(၁၆)နှစ်၊ (ဘ)ဦးမောင်တိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဘုရင့်နောင်) မယ(ပ) ၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကညင်ပင်ကျေးရွာနေ ကုလားလေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၂-၂၀၂၀ ရက်နေ့တွင် သန်လျင်မြို့နယ်၊ ကညင်ပင်ကျေးရွာ၊ ညောင်ပင်လမ်းမပေါ်၌ ၎င်းကျေးရွာနေ ကုလားလေး(ခ)ချစ်ကိုကို(၁၉)နှစ်၊ (ဘ)ဦးဇော်လေးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သန်လျင်)မယ(ပ)၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၈-၂-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၉၇၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၂၅၂)ဦး၊ မ(၂၅၁)ဦး၊ ပေါင်း(၁၅၀၃)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၅၁၃.၉၈၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂)ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၂၁၆၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၄၂.၇၆)ဂရမ်၊ ဘိန်းစာရွက်(၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၄၆၃၅၄၂)ပြား၊ ဆေးခြောက်(၁၀၃၁၀.၄၂)ဂရမ်၊ဘိန်းရည်(၀.၁)လီတာ၊ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasyအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၉)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့်မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန် -**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |


## အသိပေးနှိုးဆော်ချက်

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၁၃)ရက်နေ့ (၀၈:၁၀)အချိန်တွင် ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းအဝိုင်း၌ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ဖွင့်ပွဲအခမ်းအနားအား ကျင်းပပြုလုပ်မည်ဖြစ်သဖြင့်(ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့်(၁၁-၂-၂၀၂၀)ရက်နေ့နှင့် ဖွင့်ပွဲအခမ်းအနားကျင်းပမည့်(၁၃-၂-၂၀၂၀)ရက်နေ့တို့တွင် ပျဉ်းမနား-တောင်ညိုလမ်း၊ ဇမ္ဗူ့ကျက်သရေလမ်းနှင့် မြတ်ပန်းသဇင်လမ်းဆုံမှ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ တော်ဝင်ရတနာလမ်းဆုံမီးပွိုင့်(စည်ပင်ညွှေ့ရိပ်သာမီးပွိုင့်)အထိ ယာဉ်သွားလာမှုအား နံနက်(၀၅:၀၀) အချိန်မှ (၁၀:၀၀)အချိန်ထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ယာဉ်အသုံးပြုသွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်း၊ ဇမ္ဗူ့ကျက်သရေလမ်းနှင့် မြတ်ပန်းသဇင်လမ်းဆုံမှ မြတ်ပန်းသဇင်လမ်းအတိုင်း အဆင့်မြင့်ဈေးမီးပွိုင့်၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း Royal Myanmar ဂေါက်ကွင်းလမ်းဆုံ၊ ရွှေကြာပင်လမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်၊ ၎င်းမှ တော်ဝင်ရတနာလမ်းအတိုင်း စည်ပင်ညွှေ့ရိပ်သာမီးပွိုင့်ဘက်သို့ လည်းကောင်း၊ စည်ပင်ညွှေ့ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ကုမုဒြာကြာပန်းအဝိုင်း၊ ၎င်းမှ ရာဇဌာနီလမ်းအတိုင်း ကြာပန်းအဝိုင်းဘက်သို့ လည်းကောင်း(အသွား/အပြန်) လမ်းလွှဲမောင်းနှင်ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

**နှစ်စဉ် အထူးကုန်စည်ခွန် ရငွေစာရင်း**
**၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ**


(ကျပ်သန်းပေါင်း)




ခာစ်မြစ် ။ ပြည်တွင်းအခွန်များဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနှစ်မှုစုစည်းတင်ပြပါသည်။

**ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေ**

(အမေရိကန်ဒေါ်လာသန်းပေါင်း)




ခာစ်မြစ်။ အကောက်ခွန်ဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနှစ်မှ စုစည်းတင်ပြပါသည်။

# သံဃနာယကနှင့် ဝိနည်းဓိုရ် ဗဟိုအဆင့် သင်တန်းအမှတ်စဉ်(၁/၂၀၂၀) ဆင်းပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

သံဃနာယကနှင့် ဝိနည်းဓိုရ် ဗဟိုအဆင့် သင်တန်းအမှတ်စဉ်(၁/၂၀၂၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟို သံဃဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယကဆရာတော်ကြီးများ၊ သာသနာရေး ဦးစီးဌာန၊ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသက သင်တန်းဆင်းဩဝါဒကထာ မိန့်ကြားရာတွင် ရပ်ကွက်/ ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယက ဆရာတော်များ၊ ဝိနည်းဓိုရ် ဆရာတော်များ ကို လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများ၊ ညွှန်ကြားလွှာများ နှင့် ဝိနည်းတရားတော်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ကဏ္ဍ၊ ဝိနိစ္ဆယများ၌ အာရုံစိုက်ကာ ဤကိစ္စသည် ငါတို့ကိစ္စ၊ ဤအလုပ်သည် ငါတို့အလုပ်၊ ဤတာဝန်သည် ငါတို့ တာဝန်ဟု စိတ်စွဲနေအောင် ကြံဆောင်ကြိုးကုတ် အားထုတ် ပို့ချတော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်း ပါကြောင်း။

အရှင်မြတ်တို့သည် မိမိတို့ဒေသသို့ ပြန်လည်ရောက်ရှိ ကြသည့်အခါ မိမိတို့က သင်တန်းနည်းပြဆရာများအဖြစ် ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချပေးတော်မူကြရာ၌ တပည့်တော်တို့ကို သင်တန်း၌ ဤစာအုပ်များတွင် ပါသည့်အတိုင်း ဖတ်ပြလိုက်တာပါပဲ၊ အရှင်ဘုရားတို့လည်း ဒီစာအုပ်များကိုပဲ ဖတ်ကြပါဟု ပေါ့ပေါ့တန်တန် မဖြစ်စေဘဲ သင်တန်းတက်ကြသည့် သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များ စိတ်ပါဝင်စားမှုရှိအောင်၊ ရှင်းရှင်း လင်းလင်း သိရှိနားလည်အောင်၊ ဤကိစ္စသည် ငါတို့ကိစ္စ၊ ငါတို့အလုပ်ဟု စိတ်ထဲမှာစွဲသွားအောင် ကြိုးကြိုးစားစား သင်ကြားပို့ချပေးတော်မူကြစေလိုပါကြောင်း။

**စီစဉ်ဆောင်ရွက်တော်မူကြစေလို**

ခရီးလမ်းပန်းသွားလာမှုခက်ခဲခြင်း၊ နေရာဒေသ ဝေးကွာခြင်း၊ ဆွမ်းကွမ်းကိစ္စခက်ခဲခြင်း စသောအကြောင်း များကြောင့် သံဃနာယက ဆရာတော်များ၊ ဝိနည်းဓိုရ် ဆရာတော်များကို သင်တန်းပို့ချရာ တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်တစ်ဌာနတည်း စုံလင်အောင်မပင့်နိုင်ပါက သင့်လျော်မည့် သံဃနာယက ဆရာတော်များ၊ ဝိနည်းဓိုရ် ဆရာတော်များကို မိမိတို့က သင်တန်းများပို့ချပေးပြီး ထိုဆရာတော်များကို တစ်ဆင့်ကြွရောက်စေ၍ အုပ်စုအလိုက် ဆင့်ပွားသင်တန်းများ ပို့ချစေခြင်းဖြင့် သံဃနာယက ဆရာတော်များအားလုံး သင်တန်းတက်ရောက် သင်ယူ လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်တော်မူကြစေလိုပါကြောင်း၊ လိုအပ်ပါက အာဏာပိုင်အဖွဲ့အစည်းများထံမှ အကူအညီ တောင်းခံ၍ သံဃနာယက ဆရာတော်များ၊ ဝိနည်းဓိုရ် ဆရာတော်များ အကြွင်းအကျန်မရှိ သင်တန်းတက်ရောက် သင်ယူလေ့လာနိုင်ရန် တစ်နည်းနည်းဖြင့် စီစဉ်ဆောင်ရွက် သင့်ပါကြောင်း။

သံဃနာယက ဆရာတော်များအားလုံး၊ ဝိနည်းဓိုရ် ဆရာတော်များအားလုံး သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း နှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၊ လက်စွဲစာအုပ်များ၊ ညွှန်ကြားလွှာများနှင့် တကွ ဝိနည်းဒေသနာတော် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ဝိနိစ္ဆယစသည်များကို ကျေပွန်စွာလေ့လာတော်မူကြ၍ အရည်အချင်းပြည့်ဝကြမှသာ သာသနာ့ကိစ္စဟူသမျှတို့ကို ဓမ္မဝိနယနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ကြမည်ဖြစ်ပါ ကြောင်း၊ ဤသို့ သာသနာ့ကိစ္စဟူသမျှတို့ကို ဓမ္မဝိနယနှင့် အညီ ဖြေရှင်းဆောင်ရွက်နိုင်ကြမှသာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး တိုးတက်ရန်ဟူသော သံဃာ့ အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်တွင် ပါဝင်ကြသော ဆရာတော်များ အားလုံး ဝိနည်းဒေသနာတော်နှင့်တကွ လုပ်ထုံးလုပ်နည်း စသည်တို့ကို ကျေပွန်စွာလေ့လာကြ၍ သာသနာ့ကိစ္စ ဟူသမျှတို့ကို ဓမ္မဝိနယနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင် သော အရည်အချင်းပြည့်ဝသည့် သာသနာပြု ဘုရား သားတော်များဖြစ်အောင် သာသနာပြုစိတ်ဓာတ် အပြည့် အဝဖြင့် တက်တက်ကြွကြွ အားထုတ်တော်မူကြပါဟု လေးနက်စွာတိုက်တွန်းပါကြောင်း မိန့်ကြားသည်။

**သင်တန်းဆင်းလက်မှတ်များ ဆက်ကပ်**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးအမှူးပြုသည့် မဟာ နာယက ဆရာတော်ကြီးများက နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယက ဆရာတော်ကြီးများထံ သင်တန်းဆင်း လက်မှတ်များ ဆက်ကပ်တော်မူသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော် ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရှိ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။




**ထည့်သွင်းဆောင်ရွက်ခဲ့**

အစည်းအဝေးတွင် မြန်မာနိုင်ငံလူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ၂၀၁၆ ခုနှစ် အစိုးရစတင်တာဝန်ယူစဉ် ကပင် မိမိတို့ဝန်ကြီးဌာန၏ ဦးစားပေးစီမံချက်များ၌ လူငယ်ရေးရာမူဝါဒကို ထည့်သွင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုယ်စားလှယ်လူငယ်များ ကိုယ်တိုင်ပါဝင်ရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ က အတည်ပြုပြဋ္ဌာန်းပေးခဲ့ကြောင်း၊ အဆိုပါမူဝါဒကို အကောင်အထည်ဖော်နိုင်ရန် လူငယ်ရေးရာ မဟာဗျူဟာ ရေးဆွဲခြင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီး အလိုက် ဦးစားပေးလုပ်ငန်းစဉ်များ ရေးဆွဲခြင်းများကို ဆက်လက်ပြီး ဆောင်ရွက်ခဲ့ကြပါကြောင်း၊ လူငယ်ရေးရာ မူဝါဒနှင့်ပတ်သက်၍ အကောင်အထည်ဖော်နေစဉ် ကာလ အတွင်း ဖြည့်စွက်စရာများရှိနေပါက အကြံဉာဏ်ပြု ဆွေးနွေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လူငယ်ရေးရာမဟာဗျူဟာ(မူကြမ်း)ကို ရေးဆွဲပြီး ဖြစ်ရာ အတည်ပြုနိုင်တော့မည်ဖြစ်ကြောင်း၊ မူဝါဒအပေါ် အခြေခံပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ရွေးချယ် ထားသော ဦးစားပေးကဏ္ဍများအလိုက် လုပ်ငန်းစဉ်များ ရေးဆွဲလျက်ရှိကြပါကြောင်း၊ မူဝါဒနှင့်မဟာဗျူဟာတွင် ထည့်သွင်းထားသောကဏ္ဍ ၁၆ ရပ်သည် လူငယ်များနှင့် ပတ်သက်သည့် ကဏ္ဍအားလုံးကို ခြုံငုံမိသည်ဟု ယူဆပါ ကြောင်း၊ လူငယ်များအနေဖြင့် ဒေသအလိုက်ဦးစားပေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ကြရာ၌ လူငယ်စင်တာ လိုအပ်မှုကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက် နိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ လုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ရာတွင် လူငယ်များ၊ အစိုးရဌာနဆိုင်ရာများ၊ ပံ့ပိုးကူညီမည့်သူများနှင့် အားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အကောင် အထည်ဖော်ရာတွင် စည်းလုံးညီညွတ်မှုနှင့် ဘုံသဘောတူညီ မှုများရရှိမှသာ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ် ပါကြောင်း။

အစိုးရအနေဖြင့် တစ်နိုင်ငံလုံး၏ဘုံရည်မှန်းချက် ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက် ရေးကို ဦးတည်လျက်ရှိရာ မည်သည့်လုပ်ငန်းတွင်မဆို သာတူညီမျှ၊ ခွင့်တူညီမျှဖြစ်ရေးအတွက် ဆောင်ရွက်ပါ ကြောင်း၊ လူငယ်များအနေဖြင့်လည်း ပြည်ထောင်စု စိတ်ဓာတ်အရင်းခံပြီး စည်းလုံးညီညွတ်မှုဖြင့် သာတူညီမျှ၊ ခွင့်တူညီမျှဖြစ်ရေး ရည်ရွယ်ချက်ထားရှိဆောင်ရွက်ပါက မိမိတို့၏ လူငယ်များအားလုံးအတွက် ရပ်တည်မှုနှင့် ဖွံ့ဖြိုး တိုးတက်မှုကို အကောင်အထည်ဖော်မည့် လူငယ်မူဝါဒသည် အကောင်အထည်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် စိန်ခေါ်မှုများကို ကျော်လွှားသွားနိုင်ရန် လူငယ်ထု၏ အင်အားသည် အရေးကြီးပါကြောင်း၊ ယနေ့အစည်းအဝေး တွင် မဟာဗျူဟာအတည်ပြုနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးကြစေလိုကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်သည် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် လူငယ်များကြားထဲ သို့ ထိုးဖောက်ဝင်ရောက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် လူငယ်နှင့်မူးယစ်ဆေးဝါးကဏ္ဍကို ဦးစားပေးစီမံချက်တစ်ခု အနေဖြင့် ဆောင်ရွက်ရန်ရှိပါကြောင်း၊ လူငယ်များအတွက် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် လူငယ်ရေးရာ ကော်မတီဝင်များအနေဖြင့်လည်း ပူးပေါင်းပါဝင်ပေးကြစေ လိုကြောင်း ပြောကြားသည်။

**စည်းလုံးညီညွတ်မှုဖြင့် ပါဝင်**

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက လူငယ်ရေးရာမူဝါဒ ပေါ်ပေါက်ပြီး ဖြစ်သည့်အတွက် မူဝါဒအပေါ်အခြေခံပြီး လုပ်ငန်းစဉ်များ ရေးဆွဲကြရာတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ အလိုက် လိုအပ်ချက်များမတူညီကြသည့်အတွက် ဒေသ အလိုက် အချက်အလက် အထောက်အထားများအပေါ် အခြေခံပြီး စီမံချက်များရေးဆွဲလျက်ရှိသည်ဟု ယုံကြည်ပါ ကြောင်း၊ အချက်အလက် အထောက်အထားများအပေါ် အခြေခံပြီး စနစ်တကျဆောင်ရွက်သည့်အတွက် မတူကွဲပြား သည့် ဒေသများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ဆက်လက်ထိန်းသိမ်းရန်နှင့် ရေရှည်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ် ကြောင်း၊ လူငယ်မူဝါဒတွင် ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ၁၅ ချက်ပါဝင်ပါကြောင်း၊ လူငယ်များ၏ အနာဂတ်ကို လူငယ်များကိုယ်တိုင် ဖန်တီးနိုင်ရန် လူငယ်ရေးရာမူဝါဒ ပေါ်ပေါက်နေပြီဖြစ်သည့်အတွက် အားလုံးက စည်းလုံး ညီညွတ်မှုဖြင့် ပါဝင်ပေးကြဖို့ တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ လူငယ်ရေးရာကော်မတီဝင်များက လူငယ်ရေးရာမူဝါဒကို ဌာနဆိုင်ရာများသာမက လူငယ်များ ကိုယ်တိုင်က ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ လူငယ် ရေးရာမူဝါဒ အခြေခိုင်မာစေရေး၊ လူငယ်ရေးရာစင်တာ များ အမြန်ဆုံးတည်ထောင်နိုင်ရေး၊ လုပ်ငန်းများအကောင် အထည်ဖော်ရာတွင် ရန်ပုံငွေရရှိရေးတို့အတွက် ဆွေးနွေးခဲ့ ကြသည်။

**ဆောင်ရွက်ကြရမည်**

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌက မူဝါဒ၏ဥယျာဇဉ်တွင် လူငယ်များအားလုံး လူငယ်မူဝါဒကိုသိရှိပြီး အကောင်အထည်ဖော်ကြရာတွင် မိမိတို့၏ ဆန်းသစ်သော အတွေးအမြင်သစ်များကို ဖော်ထုတ်၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းထားပါကြောင်း၊ ထို့ကြောင့် စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းခြင်း၊ မူဝါဒကို ပိုမို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်မည့် နည်းလမ်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူငယ်ရေးရာမူဝါဒကို လူငယ်များကိုယ်တိုင်နှင့် အစိုးရက ပါ အကောင်အထည်ဖော်လိုစိတ်ရှိကြသည်ဖြစ်ရာ အခြေ ခိုင်မာမှုရှိစေရေးအတွက် ယခုလိုညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ကြရဦးမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အခြေခံလိုအပ်ချက်များ များစွာရှိသည်ကို အားလုံးသိရှိပြီး ဖြစ်ကြောင်း၊ မဟာဗျူဟာများ၊ စီမံချက်များကို ရေးဆွဲထား မှသာ ဝန်ကြီးဌာနအသီးသီး၏ ဘဏ္ဍာငွေလျာထားမှုများ တွင် ပါဝင်လာနိုင်မည်ဖြစ်ပါကြောင်းနှင့် လူငယ်များအနေ ဖြင့် ရရှိပြီးသော အခြေအနေကောင်းများကို ပျောက်ပျက် မသွားစေဘဲ စိတ်ရှည်သည်းခံ၍ ဆက်လက်ပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြန်လည်ရှင်းလင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး ရှိ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဝင်များ၊ ဆက်စပ် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက လူငယ်ရေးရာ မဟာဗျူဟာအတည်ပြုနိုင်ရေးနှင့် ဖြည့်စွက်လိုသည့် ကိစ္စများနှင့်ပတ်သက်၍ ညှိနှိုင်းမှုများ ဆက်လက်ဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ **မူဆယ်(၁၀၅)မိုင်မှ**

"ကိုရိုနာဗိုင်းရပ်စ်အခြေအနေကြောင့် သစ်သီးရောင်းဝယ်တဲ့သူတွေ အများကြီးဒုက္ခရောက်နေတဲ့အချိန်မှာ လောလောဆယ်အနေအထားအရ သက်သာအောင် တစ်ဖက်တစ်လမ်းကနေ ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ကင်းလွတ်ခွင့်ပြုတာပါ" ဟု ဒုတိယဥက္ကဋ္ဌ ဦးအောင်သက်ဦးက ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် လိုအပ်ပါက ကုန်စည်ဒိုင်ကြေး ကင်းလွတ်ခွင့်ကို ရက်တိုးမြှင့် သတ်မှတ်ပေးမည်ဖြစ်ပြီး ယခင်က သစ်သီးကုန်စည်ဒိုင်သို့ ဝင်ရောက်သည့် ကားများအပေါ် တစ်စီးလျှင် ငွေကျပ် ၅၀၀၀ ကုန်စည်ဒိုင်ကြေးကောက်ခံ လျက်ရှိကြောင်း သိရသည်။

**အနည်းငယ်သာ တင်ပို့မှုရှိ**

လက်ရှိ ကိုရိုနာဗိုင်းရပ်စ်ကြောင့် နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်သို့ တင်ပို့မည့် ပို့ကုန်များဖြစ်သော ငါး၊ ပုစွန်၊ ကဏန်း၊ ဆန်၊ ပြောင်း စသည်တို့မှာ ၁၀၀ ရာခိုင်နှုန်း ရပ်ဆိုင်းသွားပြီး ဖရဲ နှင့် သခွားမွှေးအနည်းငယ်သာ တင်ပို့မှုရှိကြောင်း၊ ဖရဲနှင့်သခွားမွှေးမှာလည်း ယခင်နှစ်ကာလတူတွင် မူဆယ် နယ်စပ်ဂိတ်သို့ တစ်ရက်လျှင် ဖရဲ၊ သခွား ကားအစီးရေ ၇၀၀ ခန့် ဝင်ရောက်လျက် ရှိသော်လည်း ယခုနှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖရဲ၊ သခွား ကားအစီးရေ ၁၀၀ ခန့်သာ ဝင်ရောက်တော့ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# ခွင့်တူညီမှု ဝါဒဖြူစင် ဖက်ဒရယ်လစ်ဇင် စကားဝိုင်း(၂)

**တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်သည့် မြန်မာနိုင်ငံတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်ရန်၊ တိုင်းရင်းသားများ စည်းလုံးချစ်ခင်စွာ အတူတကွနေထိုင်နိုင်ရန် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်လှသလို ဖက်ဒရယ်စနစ်ကို ကျင့်သုံးနိုင်ရန်အတွက်လည်း ကြိုးပမ်းလျက်ရှိသည်။ ထို့ကြောင့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအထူးအစီအစဉ်အနေဖြင့် ခွင့်တူညီမှုဝါဒဖြူစင် ဖက်ဒရယ်လစ်ဇင် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ခဲ့သည်။**

## သတင်းအဖွဲ့




အဆိုပါ ခွင့်တူညီမှုဝါဒဖြူစင်ဖက်ဒရယ်လစ်ဇင် စကားဝိုင်းဆွေးနွေးပွဲ (ဒုတိယပိုင်း)တွင် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့်ပတ်သက်၍ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနပါမောက္ခ (အငြိမ်းစား) ဒေါက်တာကျော်ဝင်းနှင့် ခေတ်ရနံ့မဂ္ဂဇင်းတာဝန်ခံအယ်ဒီတာ ပြည်သွေးနိုင်တို့က ဆွေးနွေးခဲ့ကြသည်။ ထိုသို့ ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြလိုက်ရပါသည်-

**ပြည်သွေးနိုင်။** ။ အပိုင်း ၂ အနေနဲ့ ဖက်ဒရယ်ပြည်ထောင်စုရဲ့ အခြေခံသဘောတရားတွေကို ရှင်းပြပေးဖို့ ဆရာကြီးကို မေးခွန်းလေးတွေ မေးချင်ပါတယ်။ အဓိကကတော့ ဖက်ဒရယ်ပြည်ထောင်စုရဲ့ သဘောတရားတွေမှာ ဘယ်နှမျိုးလောက် ရှိပါသလဲ။ အဲဒါလေးကို စတင်ပြီး ရှင်းပြပေးပါလားခင်ဗျ။

**ဒေါက်တာကျော်ဝင်း။** ။ ပထမဦးဆုံး အခြေခံသဘောတရားမပြောခင်မှာ ဖက်ဒရယ်စနစ်ဖြစ်ဖို့ လိုအပ်ချက်လေးတွေ ပြောချင်ပါတယ်။ ပထမအချက်ကတော့ ဖက်ဒရယ်နိုင်ငံထူထောင်တော့မယ်ဆိုရင် ထူးခြားတဲ့ အမျိုးသားကိုယ်ပိုင်လက္ခဏာများ ရှိဖို့လိုပါတယ်။ တူညီသော ဘာသာစကား၊ တူညီသော ယဉ်ကျေးမှုစတာကို အခြေခံရပါတယ်။ အဲဒါက ပထမလိုအပ်ချက်ပါ။

### ပူးပေါင်းလိုစိတ်ရှိရမယ်

ဒုတိယလိုအပ်ချက်က ဘာလဲဆိုတော့ နိုင်ငံတစ်နိုင်ငံကို ကြည့်မယ်ဆိုရင် နယ်မြေချင်း ထိစပ်မှုလိုတယ်။ အဲဒီတော့ နယ်မြေချင်းထိစပ်တဲ့ နိုင်ငံတွေကိုကြည့်မယ်ဆိုရင် ခုနက ဖက်ဒရယ်ကို ပေါင်းစည်းရတာလွယ်တယ်ဆိုတာ တွေ့ရပါတယ်။ နောက်တစ်ခုက ဖက်ဒရယ်နိုင်ငံကို ထူထောင်တော့မယ်ဆိုရင် အဓိကအားဖြင့် ဘာလိုလဲဆိုတော့ ပူးပေါင်းလိုစိတ်ရှိရမယ်။ ပြည်ထောင်စုကြီးကို ထူထောင်တော့မယ်ဆိုရင် Constitutional State အနေနဲ့ ပါဝင်ဖွဲ့စည်းမယ့် ပြည်နယ်တွေမှာ ရှိမယ့် နိုင်ငံသားတွေ အားလုံးဟာလည်း ပူးပေါင်းလိုစိတ်ရှိရပါမယ်။

ဒီအချက်တွေနဲ့ ပြည့်စုံမှသာလျှင် ဖက်ဒရယ်ပုံစံကို သွားလို့ရမှာဖြစ်ပါတယ်။ အဲဒီတော့ ဖက်ဒရယ်ပုံစံကို ကြည့်တဲ့အခါ အကြမ်းအားဖြင့် သုံးမျိုးရှိပါတယ်။ နံပါတ်တစ်က အဲဒီဖက်ဒရယ်ပြည်ထောင်စုမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ လွှမ်းမိုးမှုအများဆုံးဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ပြည်ထောင်စုနဲ့ ပြည်နယ်များအကြားမှာ ပေါင်းတော့မယ်ဆိုရင် ဘာလိုလဲဆိုတော့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေလိုတယ်။ တစ်နည်းအားဖြင့်ပြောရင် ပဋိညာဉ်၊ Contract လို့ ခေါ်တာပေါ့။ အဲဒီပဋိညာဉ်က အရေးကြီးပါတယ်။ အဲဒီတော့ နိုင်ငံသစ်ကို ဖက်ဒရယ်စနစ်နဲ့ ထူထောင်တော့မှာဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်မှာ ပြည်နယ်တွေနဲ့ ဗဟိုအစိုးရအကြား ပူးပေါင်းပြီးတော့ နိုင်ငံသစ်ကို ထူထောင်တော့မယ်။ ဒီနိုင်ငံသစ်ဟာ ဘာကိုအခြေခံထားမလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံထားရမယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ဒီနိုင်ငံမှာ အထွတ်အထိပ်ဖြစ်ရမယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ တင်းကျပ်ဖို့လည်းလိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဖွဲ့ဝင်နိုင်ငံတွေရဲ့ ကာကွယ်ရေးအတွက် အာမခံချက်ပေးဖို့ လိုတဲ့အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖက်ဒရယ်နိုင်ငံမှာ အာဏာနဲ့ပတ်သက်ပြီးတော့ အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းဖြစ်ရမယ်။ ဒါက နံပါတ်တစ်အချက်ပါ။

ဖက်ဒရယ်စနစ်မှာ အရေးအကြီးဆုံး သဘောတရားက ပြည်နယ်နဲ့ ပြည်မ အာဏာခွဲဝေမှုကို Separation of Power လို့ ခေါ်ပါတယ်။ အဲဒီလို ခွဲတဲ့နေရာမှာ ပုံစံအမျိုးမျိုးရှိကြပါတယ်။ နိုင်ငံတစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ ဘာသာရပ်တွေနဲ့ ဒေသတစ်ခုအတွက် အကျိုးဖြစ်မယ့် ဘာသာရပ်တွေဆိုပြီး နှစ်ပိုင်းရှိပါတယ်။ အဲဒီလို နှစ်ပိုင်းရှိတဲ့အခါမှာ တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ ဘာသာရပ်တွေကို အချို့သောနိုင်ငံတွေကတော့ ပြည်ထောင်စုက ယူထားတယ်။ အချို့သော ဒေသန္တရနဲ့ဆိုင်တဲ့ အကျိုးစီးပွားတွေနဲ့ဆိုင်တဲ့ ဘာသာရပ်တွေကို ပြည်နယ်တွေကို ခွဲပေးထားတာရှိတယ်။

ဒီလိုခွဲတဲ့နေရာမှာ ခုနကပြောတဲ့ တိတိကျကျနဲ့ ဘယ်လိုခွဲမလဲဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ခွဲရမယ်လို့ ဖော်ပြထားတာတွေ့ရတယ်။ ဥပမာအားဖြင့် တချို့နိုင်ငံတွေမှာကျတော့ ကန့်သတ်ထားတဲ့ အာဏာတွေကို ဗဟိုအစိုးရကို ပေးထားတယ်။ တချို့ကျတော့ ပြည်နယ်တွေကို ပေးထားတယ်။ ကြွင်းကျန်အာဏာ (Residual Power) ဆိုတာလည်းရှိတယ်။ ကြွင်းကျန်အာဏာကိုလည်း တချို့က ဗဟိုအစိုးရက ယူထားတာရှိတယ်။ တချို့က ပြည်နယ်အစိုးရက ယူထားတာရှိတယ်။

အမေရိကန်ပြည်ထောင်စုမှာ ကြည့်မယ်ဆိုရင် ကာကွယ်ရေးတို့၊ ဘဏ္ဍာရေးနဲ့ ငွေကြေးထုတ်လုပ်မှုတို့ကို ဖက်ဒရယ်အစိုးရက ယူထားတာရှိတယ်။ ဆွစ်ဇာလန်လို နိုင်ငံမျိုးကျတော့ ပြည်နယ်တွေက ယူထားတာရှိတယ်။ အဲဒီတော့ ဖက်ဒရယ်ပုံစံမှာ သဘောတရား သုံးမျိုးရှိတယ်လို့ ကျွန်တော်ပြောတဲ့အထဲမှာ အာဏာခွဲဝေရေးကတော့ အတိအကျကို အင်မတန်ကို လိုတဲ့အချက်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပေါင်းစည်းတယ်ဆိုကတည်းကိုက အာဏာကို အညီအမျှ ခွဲဝေပေးဖို့လိုတယ်။ အဲဒါကြောင့်မို့ ပြည်ထောင်စုမှာ အဓိကအရေးကြီးဆုံးအချက်သည် Separation of Power လို့ခေါ်တဲ့ အာဏာခွဲဝေရေးပဲဖြစ်ပါတယ်။

အဲဒီ အာဏာခွဲဝေရေးမှာမှ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ခွဲဝေပေးတာချင်းက ကွဲပြားခြားနားပါတယ်။ မိမိတို့ရဲ့နိုင်ငံရေမြေအနေအထားအလိုက်၊ မိမိတို့နိုင်ငံအတွင်းမှာ ရှိကြတဲ့ လူမျိုးစုတွေရဲ့ အခြေခံသဘောတရားအလိုက် ဘယ်ပုံစံဟာ ကိုယ့်နိုင်ငံနဲ့ အသင့်တော်ဆုံးဖြစ်မယ်ဆိုတာကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။

### အရေးအကြီးဆုံးဖြစ်

များသောအားဖြင့် အာဏာခွဲဝေတဲ့အခါမှာ သိပ်ပြီးတော့ ဗဟိုက တင်းကျပ်လွန်းရင်လည်းမရဘူး။ သိပ်ပြီး လျှော့ပေးလည်းမရဘူး။ တချို့မှာ ဗဟိုက အာဏာပိုယူထားတာရှိတယ်။ တချို့ကျတော့ ပြည်နယ်တွေကို အာဏာပိုပေးထားတာရှိတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ၁၉၄၇ ခုနှစ် အခြေခံဥပဒေမှာဆိုရင် ဒီလိုပဲ ပြောထားတာတွေရှိပါတယ်။ ဗဟိုကနေ အကုန်ကိုင်ထားတာပဲ။ ပြည်နယ်တွေကို ဒီလောက်ကြီး ပေးထားတာမဟုတ်ဘူး။ အဲဒီလို အငြင်းပွားစရာတွေ ဖြစ်လာနိုင်တဲ့အတွက်ကြောင့် ဖက်ဒရယ်ရဲ့ သဘောတရားထဲမှာ အာဏာခွဲဝေရေးဆိုတာသည် အရေးအကြီးဆုံးဖြစ်တယ်လို့ ပြောလိုပါတယ်။

တတိယအချက်ကတော့ ခုနကပြောတဲ့ ဗဟိုနဲ့ ပြည်နယ်ရဲ့ အကြားမှာ လုပ်ပိုင်ခွင့်တွေပေးထားတာ၊ ဗဟိုမှာ လုပ်ပိုင်ခွင့်ပေးထားတာရှိသလို ပြည်နယ်မှာလည်း ပေးထားတာရှိတဲ့အတွက်ကြောင့် တချို့သောနေရာတွေမှာ အကျိုးစီးပွားဆန့်ကျင်တာမျိုးတွေ ဖြစ်လာနိုင်တယ်။ ပဋိပက္ခတွေ ဖြစ်လာနိုင်တယ်။ အဲဒီလို ပဋိပက္ခဖြစ်လာတဲ့အခါကျတော့ ဖြေရှင်းပေးဖို့ အင်အားစုလိုတယ်။ အဲဒီဟာကလည်း သဘောသဘာဝကျတယ်။

အဲဒီလို ခွဲပေးတဲ့နေရာမှာ တချို့သောနေရာများမှာ ခုနကပြောသလို အငြင်းပွားစရာဖြစ်လာတဲ့အခါမှာ ကြားကနေ ဝင်ဖျန်ဖြေပေးဖို့လိုတယ်။ အဲဒီတော့ ဖက်ဒရယ်နိုင်ငံတိုင်းမှာ ဘာလိုလဲဆိုတော့ ဒီအငြင်းပွားမှုကို ဖြေရှင်းပေးနိုင်မယ့် ခုနကပြောတဲ့ တရားလွှတ်တော်ချုပ်ကနေ ဖျန်ဖြေပေးရပါတယ်။ တရားလွှတ်တော်ချုပ်က ဖျန်ဖြေမပေးနိုင်ဘူးဆိုရင် ခုနကပြောတဲ့ စစ်မှန်သော ဖက်ဒရယ်ပုံစံမျိုး ဖြစ်မလာနိုင်ဘူး။ အဲဒီတော့ ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုမှာ ကြည့်မယ်ဆိုရင် ဗဟိုအစိုးရမှာလည်း လွှတ်တော်ရှိတယ်၊ ပြည်နယ်အစိုးရမှာလည်း လွှတ်တော်ရှိတယ်။ တရားလွှတ်တော်ချုပ်ဆိုတာလည်းရှိတယ်။ အမေရိကန်ပြည်ထောင်စုမှာ ဗဟိုနဲ့ ပြည်နယ်နဲ့ အငြင်းပွားတဲ့အချိန်မျိုးမှာ ဖက်ဒရယ်လွှတ်တော်ကနေ ဝင်ပြီးတော့ ဖြေရှင်းပေးရပါတယ်။

ဒါကြောင့်မို့ ဒီသဘောတရား သုံးချက်ကို ပြန်ပြောရမယ်ဆိုရင် နံပါတ်တစ်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက အထွတ်အထိပ်ဖြစ်ရမယ်။ နံပါတ်နှစ်က ဖက်ဒရယ်အစိုးရနဲ့ ပြည်နယ်များကြားမှာ အာဏာခွဲဝေမှုသည် ပုံစံအမျိုးမျိုးနဲ့ရှိ တယ်၊ ခွဲလည်းခွဲပေးရမယ်။ ဒါမှသာလျှင် လာပြီး ပေါင်းစည်းချင်မှာဖြစ်ပါတယ်။

အချို့က အကျိုးစီးပွားချင်းတူတဲ့ အဖွဲ့အစည်းလို့ ပြောတဲ့အတွက်ကြောင့် လာပြီးပေါင်းတဲ့အခါမှာ မိမိတို့လိုချင်တဲ့ ဥပမာအားဖြင့် လူမျိုးစုတွေများတဲ့ နိုင်ငံမျိုးမှာဆိုရင် တိုင်းရင်းသားတွေအတွက် ဘယ်လိုအာဏာမျိုးတွေပေးမလဲ။ ဗဟိုအစိုးရကတော့ ဘာတွေကိုင်ထားမလဲ။ အဲဒီတော့ ဒီအာဏာခွဲဝေမှုသည် ခုနကပြောသလိုပဲ Centralization နဲ့ Decentralization ပေါ့နော်၊ တချို့က ဗဟိုက တော်တော်လေးချုပ်ကိုင်တယ်၊ တချို့ကျတော့ ဗဟိုချုပ်ကိုင်မှုလျော့နည်းတယ်။ ဖက်ဒရယ်နိုင်ငံတွေမှာ ဗဟိုချုပ်ကိုင်မှု လျော့နည်းတဲ့ပုံစံမျိုးကို ပိုပြီးတော့ လူတွေက သဘောကျပါတယ်။

### အဖွဲ့အစည်းတစ်ခုရှိရမယ်

အဲဒီတော့ အဲဒီလို အာဏာခွဲပေးတဲ့အခါမှာ နိုင်ငံတိုင်းမှာတော့ ပြဿနာဖြစ်လာနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုပေးထားတဲ့အာဏာ၊ ကိုယ့်ကိုပေးထားတဲ့အာဏာ၊ ဒီအာဏာနှစ်ခုကြားထဲမှာ တစ်ခါတစ်ခါကျရင် အကျိုးစီးပွားချင်း ဆန့်ကျင်တဲ့အတွက်ကြောင့် ပဋိပက္ခတွေ ဖြစ်လာနိုင်တယ်။ အဲဒီပဋိပက္ခကို ဘယ်လိုပုံစံနဲ့ ဖြေရှင်းမလဲ၊ ဖြေရှင်းဖို့ဆိုတာ Authority ပေးထားတဲ့ အဖွဲ့အစည်းတစ်ခု ရှိရမယ်။

အဲဒီအဖွဲ့အစည်းသည် တရားလွှတ်တော်ချုပ်ပဲဖြစ်ပါတယ်။ အဲဒီတော့ အဲဒါကို ကြည့်ပြီးတဲ့အခါမှ ကျွန်တော်တို့က ဒီပြည်ထောင်စုက စစ်သလား၊ မစစ်ဘူးလားဆိုတဲ့ဟာကို အခြေခံထားပြီး ဆုံးဖြတ်တာဖြစ်တဲ့အတွက် ဖက်ဒရယ်မှုရဲ့ အခြေခံသဘောတရားဟာ အဲဒီသုံးချက်ပဲဖြစ်တယ်လို့ ကျွန်တော်ဆိုချင်ပါတယ်။

**ပြည်သွေးနိုင်။** ။ ဟုတ်ကဲ့ပါဆရာကြီး။ အဓိကသုံးချက်ကို ဆရာကြီးပြောသွားတာ ဖွဲ့စည်းပုံအခြေခံဥပဒေလွှမ်းမိုးမှုရှိရမယ်။ အဲဒါကလည်း အဓိက ဆရာကြီးပြောသလိုဆိုရင် ကျွန်တော်တို့ ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရတွေကြားမှာ ပဋိညာဉ်ရှိတယ်။ နောက်ဆရာကြီး တစ်ခုဒီမှာထောက်ပြထားတာက အဲဒီလို ပဋိညာဉ်ထားတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ တင်းကျပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမျိုး ထားရှိလေ့ရှိတယ်၊ ရေးဆွဲလေ့ရှိတယ်လို့ ပြောပါတယ်။

နောက်ပြီး ဆရာကြီးပြောတာ ဒုတိယတစ်ချက်ကတော့ အာဏာခွဲဝေသတ်မှတ်ခြင်းဖြစ်ပါတယ်။ ခုနက ဖက်ဒရယ်အစိုးရနဲ့ ပြည်နယ်အစိုးရကြားထဲမှာ တိကျတဲ့ အာဏာခွဲဝေမှု လိုအပ်တယ်ဆိုတာကို ဆရာကြီး ဒါတစ်ချက်ထောက်ပြသွားပါတယ်။ နောက်တစ်ခုကတော့ ခုနကလို အာဏာတွေ ခွဲဝေထားတယ်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ပြည်နယ်နဲ့ ဗဟိုအစိုးရတွေရဲ့ လုပ်ပိုင်ခွင့်တွေ သတ်မှတ်တဲ့နေရာမှာလည်း အငြင်းပွားမှုတွေ၊ နောက်တစ်ခုက ဖွဲ့စည်းပုံအခြေခံဥပဒေတွေနဲ့ပတ်သက်ပြီး အဓိပ္ပာယ်ကောက်ယူတဲ့အခါမှာ အငြင်းပွားမှုတွေ ရှိလာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒါတွေကို ဖြေရှင်းပေးဖို့ကတော့ အမြင့်ဆုံး တရားရုံးချုပ်၊ တရားလွှတ်တော် လိုအပ်တယ်လို့ ဆရာကြီးပြောသွားတာကို ကျွန်တော် မှတ်သားရပါတယ်။

အဲဒီတော့ စောစောကလည်း ဆရာကြီး ပြောသွားတဲ့အထဲမှာ ပါပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုတစ်ခု ဖွဲ့စည်းတော့မယ်ဆိုရင် အချင်းချင်း မိမိတို့ရဲ့ ဆန္ဒအလျောက် ပြည်နယ်တွေက ပူးပေါင်းဖို့လိုတယ်။ အာဏာနဲ့ သိမ်းသွင်းတာသော်လည်းကောင်း၊ စစ်ရေးအရ သိမ်းပိုက်ပြီးတော့သော်လည်းကောင်း ဒါမျိုးတွေနဲ့ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့တယ်ဆိုရင် ရေရှည်မှာ မအောင်မြင်နိုင်ဘူးလို့ ဆရာကြီးရဲ့ စာအုပ်တချို့မှာလည်း ရေးထားတာကို ကျွန်တော်တွေ့ရပါတယ်။

တကယ်တော့ အဲဒီလိုမျိုး အမိန့်အာဏာနဲ့ သွတ်သွင်းပြီးတော့ တည်ဆောက်ထားတဲ့ နိုင်ငံတွေရှိရင် ကျွန်တော်တို့ အတိတ်သမိုင်းမှာ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ဥပမာပေးပြီး ဆရာကြီးရှင်းပြပေးပါဦးခင်ဗျ။

စာမျက်နှာ ၁၂ သို့ ❍

❖ **ဖက်ဒရယ်စနစ်ဖြစ်ဖို့ လိုအပ်ချက်လေးတွေ ပြောချင်ပါတယ်။ ပထမအချက်ကတော့ ဖက်ဒရယ်နိုင်ငံ ထူထောင်တော့မယ်ဆိုရင် ထူးခြားတဲ့ အမျိုးသားကိုယ်ပိုင်လက္ခဏာများ ရှိဖို့လိုပါတယ်။ တူညီသော ဘာသာစကား၊ တူညီသော ယဉ်ကျေးမှု စတာကို အခြေခံရပါတယ်။ အဲဒါက ပထမလိုအပ်ချက်ပါ။**

❖ **ဒုတိယလိုအပ်ချက်က ဘာလဲဆိုတော့ နိုင်ငံတစ်နိုင်ငံကို ကြည့်မယ်ဆိုရင် နယ်မြေချင်း ထိစပ်မှုလိုတယ်။ အဲဒီတော့ နယ်မြေချင်းထိစပ်တဲ့ နိုင်ငံတွေကိုကြည့်မယ်ဆိုရင် ခုနက ဖက်ဒရယ်ကို ပေါင်းစည်းရတာလွယ်တယ်ဆိုတာ တွေ့ရပါတယ်။ နောက်တစ်ခုက ဖက်ဒရယ်နိုင်ငံကို ထူထောင်တော့မယ်ဆိုရင် အဓိကအားဖြင့် ဘာလိုလဲဆိုတော့ ပူးပေါင်းလိုစိတ်ရှိရမယ်။ ပြည်ထောင်စုကြီးကို ထူထောင်တော့မယ်ဆိုရင်** Constitutional State **အနေနဲ့ ပါဝင်ဖွဲ့စည်းမယ့် ပြည်နယ်တွေမှာရှိမယ့် နိုင်ငံသားတွေ အားလုံးဟာလည်း ပူးပေါင်းလိုစိတ်ရှိရပါမယ်။**

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စွမ်းရည်မြှင့်သင်တန်း (၂/၂၀၂၀) သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စွမ်းရည်မြှင့်သင်တန်း (၂/၂၀၂၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန် သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**ပြောင်းလဲမှု ဖြစ်ပေါ်စေခဲ့**

ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို စတင်ထူထောင်ခဲ့သည့် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်က မိမိတို့နိုင်ငံ၌ နိုင်ငံတော်၏ မျှော်မှန်းပန်းတိုင်နှင့်အုပ်ချုပ်သည့် အစိုးရတို့မှာ လုံးဝ အပြောင်းလဲကြီး ပြောင်းလဲလာခဲ့ပြီဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာ ဒစ်ဂျစ်တယ်နည်းပညာ အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့မှုသည် ပြည်သူများ၏ ဘဝနေထိုင်မှုပုံစံကို များစွာပြောင်းလဲမှု ဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြောင်းလဲလာခဲ့သည့် အခြေအနေနှင့်ညီညွတ်အောင် ပြောင်းလဲလုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်လာပါကြောင်း။

ယခုအခါ မိမိတို့ပြည်သူများအကြား မိုဘိုင်းတယ်လီဖုန်း ဖြန့်ကြက်မှုမှာ ၁၀၀ ရာခိုင်နှုန်း ကျော်သွားပြီဖြစ်ပြီး စမတ်ဖုန်းသုံးစွဲမှုမှာ ၈၀ ရာခိုင်နှုန်းရှိသဖြင့် အာဆီယံနိုင်ငံများ၌ အမြင့်ဆုံးဖြစ်သည်ဟု သိရပါကြောင်း၊ ပြည်သူအများစုမှာ သတင်းအချက်အလက်သိရှိရေးနှင့် ဖျော်ဖြေရေးတို့အတွက် ဒစ်ဂျစ်တယ် နည်းပညာအခြေခံသည့် အွန်လိုင်းမီဒီယာများကို အဓိကအားထားလာနေကြကြောင်း၊ အခြားတစ်ဖက်တွင် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီဖက်ဒရယ် အသွင်ကူးပြောင်းရေးကာလတွင် ကြီးမားသည့်စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်နေရကြောင်း၊ ပြည်သူများ အဓိကအသုံးပြုနေကြသည့် အွန်လိုင်းမီဒီယာပေါ်တွင် ကောလာဟလများ၊ သတင်းမှားများ၊ မရိုးသားသည့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် လုပ်ကြံထုတ်လွှင့်ထားသည့်သတင်းအတုများ စသည်တို့ဖြင့် ပြည့်နှက်နေသဖြင့် မှုတပြီး တိကျမှန်ကန်သည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်နိုင်ရန် မိမိတို့ ကြိုးစားကြရမည်ဖြစ်ပါကြောင်း။

**စွမ်းရည်မြှင့်သင်တန်း**

ယခုဖွင့်လှစ်သည့် စွမ်းရည်မြှင့်သင်တန်းတွင် သတင်းရေးသားနည်း(News Writing)၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု (Media & Information Literacy)၊ မီဒီယာဆိုင်ရာဥပဒေများ၊ စာကြည့်တိုက်ပညာ၊ ပြတိုက်ပညာ၊ ပြည်သူ့ဆက်ဆံရေးပညာ( Public Relations) နှင့် လူထုဟောပြောနည်း (Public Speaking) တို့အပြင် ရုံးစာရေးသားနည်း၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ငွေစာရင်းထိန်းသိမ်းနည်း စသည့် လုပ်ငန်းဆိုင်ရာ သိသင့်သိထိုက်သည်များကိုလည်း စနစ်တကျပို့ချသွားရန် စီစဉ်ထားရှိပါကြောင်း၊ စိတ်ပါဝင်စားစွာဖြင့် လေ့လာသင်ယူကြပြီး လုပ်ငန်းခွင်တွင် ထိထိရောက်ရောက်အသုံးပြုကာ သင်တန်းတက်ရောက်ခွင့် မရရှိသေးသည့် လုပ်ဖော်ကိုင်ဖက်များကို မျှဝေပေးစေလိုပါကြောင်း ပြောကြားသည်။



အဆိုပါသင်တန်းသို့ အောက်မြန်မာပြည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၀ ရက်မှ မတ် ၆ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် စွမ်းရည်မြှင့်သင်တန်းတွင် "သတင်းရေးသားထုတ်ပြန်ခြင်း" ဘာသာရပ်ကို ဆွေးနွေးပို့ချခဲ့သည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

---

○ စာမျက်နှာ ၁၁ မှ

**ဒေါက်တာကျော်ဝင်း။** ။ ဟုတ်ကဲ့။ ကျွန်တော်တို့ ကမ္ဘာ့သမိုင်းမှာ ကြည့်မယ်ဆိုရင် ကျွန်တော် ဘာတွေ့ရသလဲဆိုတော့ ၁၉၁၇ ခုနှစ် အောက်တိုဘာ တော်လှန်ရေးပြီးတဲ့အခါမှာ ဆိုဗီယက်ပြည်ထောင်စုပေါ့။ အခုတော့ ဆိုဗီယက်ပြည်ထောင်စုက ပြိုကွဲသွားပြီပေါ့။ ဆိုဗီယက်ပြည်ထောင်စုရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲမှာကြည့်ရင် လူမျိုးစုတွေ ပါနေတယ်။ လူမျိုးစုတွေပါနေတဲ့အခါကျတော့ အဲဒီ လူမျိုးစုတွေအတွက်ကို ကြည့်ပြီးတော့မှ ပြည်ထောင်စုဆိုတဲ့ ပုံစံမျိုးနဲ့ဖွဲ့တာပဲ။ ကွန်မြူနစ်နိုင်ငံ၊ ဆိုရှယ်လစ်နိုင်ငံတွေမှာလည်း ဖက်ဒရယ်ပုံစံရှိတယ်။

ဖက်ဒရယ်ပုံစံကို ကြည့်တဲ့အခါမှာ ခုနက ကျွန်တော်ပြောတဲ့အထဲမှာ ပါပြီးသားဖြစ်ပါတယ်။ ဆိုဗီယက်ပြည်ထောင်စုမှာရှိတဲ့ တိုင်းရင်းသားတွေဟာ အမိန့်အာဏာနဲ့ အတင်းဖွဲ့စည်းထားတာဖြစ်တယ်။ တချို့လည်း သူတို့ဆန္ဒမပါဘူး။ သူတို့အလိုအလျောက် လာပူးပေါင်းတာမဟုတ်ဘူး။ ခုနကပြောတဲ့ အကြွင်းမဲ့အာဏာပိုင်ဝါဒနဲ့ သွတ်သွင်းထားတာဖြစ်တဲ့အတွက်ကြောင့် နောက်ပိုင်းမှာ အမျိုးသားရေးစိတ်ဓာတ်တွေ ပြင်းထန်လာရင် အဲဒီခုနကပြောတဲ့ ပြည်ထောင်စုကြီးဟာ ပြိုကွဲသွားနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဆန္ဒမပါဘူး။

အဲဒီတော့ ဆိုဗီယက်ပြည်ထောင်စုကိုကြည့်ရင် နောက်ပိုင်းမှာ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားတာသည် လူတွေက ပြောနေကြတာပေါ့နော်။ ခွဲထွက်ခွင့်ကြောင့်မို့လို့ ခွဲထွက်ခွင့်ပါလာလို့ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားတယ်လို့ပြောပေမယ်လို့ အဓိကတရားခံက အဲဒါမဟုတ်ဘူး။ အဓိက တရားခံက ခုနကပြောတဲ့ အတင်းအကျပ်လုပ်ထားတာဖြစ်တယ်။

အာဏာပိုင်ဝါဒနဲ့ သူကအတင်းအကျပ်သွတ်သွင်းထားတာဖြစ်တဲ့အတွက်ကြောင့် အမျိုးသားရေးဝါဒတွေ လွှန်ကဲလာရင်၊ ပြင်းထန်လာရင် အတင်းအကျပ်လုပ်ထားလို့ မရတော့ဘူး။ အဲဒီအခါမှာ ဆိုဗီယက်ပြည်ထောင်စုကြီးက ပြိုကွဲသွားတာဖြစ်ပါတယ်။ အလားတူပဲ ယူဂိုဆလားဗီးယားမှာလည်း ဒီအတိုင်းပဲတွေ့နိုင်ပါတယ်။ အဲဒီတော့ ထောက်ပြစရာတချို့ကပြောတယ်ပေါ့နော်။ Federalism ဆိုတာသည် ခွဲထွက်ခွင့်ဆိုတာ ပါနေတယ်။

အဲဒါကြောင့် ခွဲထွက်ခွင့်ကြောင့်မို့လို့ ပြိုကွဲတာမဟုတ်ဘူး။ ယူဂိုဆလားဗီးယားလည်း ဒီအတိုင်းပဲ။ ခုနက အတင်းအကျပ်လုပ်ထားတယ်ဆိုတဲ့အခါကျတော့ သူတို့ဟာ ပေါင်းစည်းတဲ့အခါမှာ သူ့ဆန္ဒက အတင်းအကျပ်လုပ်လို့သာ သူက ပေါင်းရတာ။ အဲဒါကြောင့်မို့လို့ နောက်ပိုင်းမှာ ဘာဖြစ်လဲဆိုတဲ့အခါကျတော့ ယူဂိုဆလားဗီးယားလည်း ပြိုကွဲသွားတယ်။ Czech ၊ Kosovo လည်း ပြိုကွဲတယ်။ ဒါကြောင့်မို့လို့ ခုနက ဦးပြည်သွေးနိုင် ဆွေးနွေးသလိုပဲ ပြည်ထောင်စုကို လုပ်တဲ့နေရာမှာ ပူးပေါင်းချင်စိတ်ရှိတဲ့ နိုင်ငံတွေအချင်းချင်း ပူးပေါင်းတာအကောင်းဆုံးပဲဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ဆန္ဒအလျောက် Voluntary ပေါင်းတာမို့၊ အဲဒီတော့ အမိန့်အာဏာနဲ့ ပေါင်းတယ်ဆိုတာ ရေရှည်မှာ မခံဘူးပေါ့နော်။ ရေရှည်ခံအောင် ကျွန်တော်တို့က ဘာလုပ်ရမလဲ။ ခုနကပြောသလိုပဲ။ အဲဒီအကျိုးစီးပွားချင်းတူညီတဲ့ နိုင်ငံတွေကနေ ပေါင်းပြီးတဲ့အခါမှာ ပြည်ထောင်စုကြီးကို ဖွဲ့စည်းတာက အကောင်းဆုံးပဲလို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။

**ပြည်သွေးနိုင်။** ။ နောက်တစ်ခု ဆရာကြီးကို ဆက်ပြီး မေးချင်တာက ဒီနေ့ကမ္ဘာပေါ်မှာ ဖက်ဒရယ်စနစ်နဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံဘယ်နှနိုင်ငံ ရှိပါသလဲ။ တစ်ပြည်ထောင်စနစ်နဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံ ဘယ်နှနိုင်ငံလောက်ရှိလဲ။ အဲဒါလေးလည်း ရှင်းပြပေးပါ။

**ဒေါက်တာကျော်ဝင်း။** ။ ကမ္ဘာပေါ်မှာတော့ တစ်ပြည်ထောင်စနစ်ကို လက်ခံတဲ့နိုင်ငံက ပိုများတယ်။ ၁၇၀ ကျော်လောက်ရှိတယ်။ ၂၀၀၃ ခုနှစ်မှာ ကောက်ခံတဲ့စာရင်းအရ ဖက်ဒရယ်နိုင်ငံက ၂၃ နိုင်ငံ၊ နောက်ထပ်တိုးလာတော့ ၂၅ နိုင်ငံရှိတယ်။ လူဦးရေအရ ကြည့်မယ်ဆိုရင် ၄၀ ရာခိုင်နှုန်းလောက်ရှိမယ်။ ဒါပေမယ့်လို့ ဖက်ဒရယ်ကို ကျင့်သုံးတဲ့နိုင်ငံတွေ တော်တော်များများက လူဦးရေများတဲ့နိုင်ငံတွေ ဖြစ်နေတယ်။ ဒါကြောင့် ကမ္ဘာပေါ်မှာရှိတဲ့ နယ်မြေရဲ့ ၄၀ ရာခိုင်နှုန်းလောက်ဟာ ဖက်ဒရယ်ဖြစ်တယ်။ အဲဒီတော့ ကမ္ဘာ့လူဦးရေရဲ့ တစ်ဝက်လောက်ရှိတာပေါ့။ ဒီကနေ့ဆိုရင် ဖက်ဒရယ်ကို လူကြိုက်များလာတာကို တွေ့ရတယ်။ တစ်ပြည်ထောင်က များတယ်ဆိုပေမယ့် အဲဒီထဲမှာပါတဲ့ လူဦးရေကမများဘူး။ တစ်ဝက်လောက်ပဲရှိတယ်။ အဲဒီတော့ နောက်ပိုင်းကောက်ခံမှုအရ ဖက်ဒရယ်နိုင်ငံက ၂၅ နိုင်ငံဖြစ်လာတာ တွေ့ရတယ်။ နောက်လည်း ဖြစ်လာမယ့် အလားအလာများတဲ့ နိုင်ငံတွေရှိပါတယ်။

**ပြည်သွေးနိုင်။** ။ ဒါဆိုရင် နောက်ဆုံးစာရင်းတွေအရ ဖက်ဒရယ်ကျင့်သုံးတဲ့နိုင်ငံက ၂၅ နိုင်ငံရှိတယ်။ ကမ္ဘာ့နိုင်ငံတွေရဲ့ ရာခိုင်နှုန်းအရ ၁၂ ရာခိုင်နှုန်းရှိပြီးတော့ ကမ္ဘာ့လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်းလောက်ရှိတယ်။ နောက်တစ်ခုက ကမ္ဘာ့မြေအကျယ်ရဲ့ ၅၀ ရာခိုင်နှုန်းလောက်ရှိတယ်လို့ သိရပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ် ဆရာကြီး။

ဒီနေ့ ဆွေးနွေးမှုမှာ **ခွင့်တူညီမျှ ဝါဒဖြူစင်** ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

❖ **ကမ္ဘာပေါ်မှာတော့ တစ်ပြည်ထောင်စနစ်ကို လက်ခံတဲ့နိုင်ငံက ပိုများတယ်။ ၁၇၀ ကျော် လောက်ရှိတယ်။ ၂၀၀၃ ခုနှစ်မှာ ကောက်ခံတဲ့စာရင်းအရ ဖက်ဒရယ်နိုင်ငံက ၂၃ နိုင်ငံ၊ နောက်ထပ်တိုးလာတော့ ၂၅ နိုင်ငံရှိတယ်။ လူဦးရေအရ ကြည့်မယ်ဆိုရင် ၄၀ ရာခိုင်နှုန်းလောက်ရှိမယ်။ ဒါပေမယ့်လို့ ဖက်ဒရယ်ကို ကျင့်သုံးတဲ့နိုင်ငံတွေ တော်တော်များများက လူဦးရေများတဲ့ နိုင်ငံတွေ ဖြစ်နေတယ်။**

မြန်မာတစ်နိုင်ငံလုံး အနှံ့ရှိ နာမည်ကြီး BAR & CLUB ဆိုင်ပေါင်း (၁၀၀) ကျော်နှင့် မတူညီသော စားသောက်ဆိုင် လုပ်ငန်းပေါင်း (၇၀၀) ကျော်တို့တွင် အောင်မြင်စွာ အသုံးပြုလျက် ရှိပါသည်။



CaféPOS® စားသောက်ဆိုင်သုံးကွန်ပျူတာစနစ်

- Table No.အလိုက် Reservation များလက်ခံနိုင်ခြင်း။
- စားသုံးသူ စိတ်ကြိုက် ဟင်းပွဲအရသာ မှာယူမှုများကို Tablet ဖြင့် အလွယ်တကူ လုပ်ဆောင်နိုင်ခြင်း။
- Special Menu၊ Promotion Plan၊ Set Menu များနှင့် Sold Out များသတ်မှတ်နိုင်ခြင်း။
- တိကျလျင်မြန်စွာတွက်ချက် Bill ထုတ်နိုင်ခြင်း။
- MPU / Visa / Master Card နှင့် KBZ Pay Device များဖြင့် ချိတ်ဆက်အသုံးပြုနိုင်ခြင်း။

HOT LINE : 09- 43209550

ရန်ကုန်(ရုံးချုပ်) 09- 43064181, 09- 404404150
မန္တလေး 09- 440067577, 09- 978030881
နေပြည်တော် 09- 257333214, 09- 974432762
ပုသိမ် 09- 455042500, 09- 455042499
တောင်ကြီး 09- 444200771, 09- 444200772
မြိတ် 09- 424008080, 09- 955042499
မုံရွာ 09- 404404345, 09- 404404678
မော်လမြိုင် 09- 970133399, 09- 970233399
[illegible] 09- 404404308, 09- 404404309
ပြည် 09- 404060994, 09- 404060995

Galaxy Software Co., Ltd.

# ကုန်သွယ်ရေးသဘောတူညီချက် ဖော်ဆောင်မည့် ရက် ၁၀၀ စီမံချက် ဩစတြေးလျနှင့် အင်ဒိုနီးရှားတို့ ကြေညာ

**ဆစ်ဒနီ ဖေဖော်ဝါရီ ၁၀**

ဩစတြေးလျနှင့် အင်ဒိုနီးရှားတို့က ကာလကြာစောင့်ဆိုင်းနေရသည့် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရန် ရက် ၁၀၀ စီမံချက်ကို ယနေ့ကြေညာလိုက်ပြီဖြစ်ရာ ဆက်ဆံရေးသစ်စတင်မှုအဖြစ် နှစ်နိုင်ငံစလုံးက ကြိုဆိုလိုက်သည်။ ဂျီ-၂၀ အဖွဲ့ဝင် စီးပွားရေးအင်အားကြီး ဩစတြေးလျနှင့် အင်ဒိုနီးရှားတို့က လက်ရှိ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံတန်ကြေးရှိ နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်လုပ်ဆောင်ရန် မျှော်လင့်နေကြသည်။

ခရီးစဉ်အတွင်း ဩစတြေးလျလွှတ်တော်၌ မိန့်ခွန်းပြောကြားရာတွင် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒ၊ လွတ်လပ်ခွင့်မပေးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို အလေးထားပြောကြားခဲ့သည်။ ဩစတြေးလျနိုင်ငံသို့ လာရောက်သည့် သူ၏ခရီးစဉ်မှာ နှစ်နိုင်ငံအကြား ဆက်ဆံရေးသစ်စတင်သည့် အမှတ်သညာတစ်ခုဖြစ်ကြောင်း သမ္မတ ဝီဒိုဒိုက ပြောသည်။ အသက် ၅၈ နှစ်အရွယ် ဝီဒိုဒိုသည် ယမန်နှစ်က ဒုတိယသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး ကမ္ဘာ့စီးပွားရေးအင်အားကြီးတစ်နိုင်ငံဖြစ်လာသည့် အင်ဒိုနီးရှားတွင် ဆင်းရဲမွဲတေမှုလျှော့ချရန် ကတိပြုခဲ့သည်။ ဩစတြေးလျ-အင်ဒိုနီးရှားကုန်သွယ်ရေးသဘောတူညီချက်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများကို ၂၀၁၀ ပြည့်နှစ်တွင်စတင်ခဲ့ပြီး သမ္မတဝီဒိုဒို၏ ခရီးစဉ်မတိုင်မီ ပြီးခဲ့သည့်သီတင်းပတ်တွင် အင်ဒိုနီးရှား လွှတ်တော်က အတည်ပြုခဲ့သည်။ သဘောတူညီချက်အရ ဩစတြေးလျကုန်သွယ်ခွန်အားလုံးကို ဖယ်ရှားပေးပြီး အင်ဒိုနီးရှားအကောက်ခွန်များ၏ ၉၄ ရာခိုင်နှုန်းကို တဖြည်းဖြည်း ဖယ်ရှားသွားမည်ဖြစ်သည်။

ဩစတြေးလျဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိရေးက အင်ဒိုနီးရှားမော်တော်ကား၊ အထည်အလိပ်လုပ်ငန်းများအတွက် အခွင့်အလမ်းများဖြစ်ပြီး သစ်၊ အီလက်ထရွန်နစ်နှင့် ဆေးဝါးတင်ပို့မှုများကို မြှင့်တင်ပေးမည်ဖြစ်သည်။ သဘောတူစာချုပ်တွင် ဩစတြေးလျလယ်ယာထွက်ကုန်များကို လူဦးရေ သန်း ၂၆၀ ရှိသော အင်ဒိုနီးရှားဈေးကွက်သို့ တင်ပို့ရေးလည်း ပါဝင်သည်။ ဩစတြေးလျတက္ကသိုလ်များ၊ ကျန်းမာရေးဝန်ဆောင်မှုကုမ္ပဏီများနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများက အင်ဒိုနီးရှားဈေးကွက်သို့ အလွယ်တကူဝင်ရောက်ခွင့်ရရှိခြင်းဖြင့် အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ ကင်ဘာရာမြို့တော်၌ အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုနှင့် ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ရက် ၁၀၀ လုပ်ငန်း စီမံချက်အကောင်အထည်ဖော်ဆောင်ရန် အကြမ်းဖျင်းရှင်းပြခဲ့သည်။ သဘောတူညီချက်က နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေမည်ဟု ဝန်ကြီးချုပ် မော်ရစ်ဆင်က ပြောသည်။

ခေါင်းဆောင်နှစ်ဦးက ဩစတြေးလျနိုင်ငံသို့ အင်ဒိုနီးရှားနိုင်ငံသားများ လွယ်ကူစွာဝင်ရောက်ရန်နှင့် အင်ဒိုနီးရှားနိုင်ငံရှိ ခရီးသွားနယ်မြေများနှင့်ပတ်သက်၍ ဩစတြေးလျနိုင်ငံ၏ ခရီးသွားအကြံပြုချက်များ ပြန်လည်သုံးသပ်ရန်လည်း ဆွေးနွေးခဲ့သည်ဟု ၎င်းက ဆိုသည်။ ကုန်သွယ်ရေးသဘောတူညီချက်ကို ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးရန် ရည်ရွယ်ခဲ့သော်လည်း အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တော်ရှိ ဩစတြေးလျသံရုံး ပြန်လည်ရွှေ့ပြောင်းရန် ဝန်ကြီးချုပ် မော်ရစ်ဆင်က အကြံပြုခဲ့ရာ အစီအစဉ်တန့်သွားခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – ကျော်ထိုက်စိုး**



ဩစတြေးလျဝန်ကြီးချုပ် မော်ရစ်ဆင်နှင့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို



# ဥရောပ၌ ဆီရာနှင်းမုန်တိုင်းတိုက်ခတ်

**ဥရောပ ဖေဖော်ဝါရီ ၁၀**

မုန်တိုင်းဆီရာတိုက်ခတ်မှုကြောင့် ဥရောပတိုက်ရှိ နယ်မြေအများစုတွင် မီးရထားလမ်းများပိတ်ထားပြီး လေကြောင်းခရီးစဉ်များကိုလည်း ဖျက်သိမ်းထားရသည်။ အထက်ပါမုန်တိုင်းတိုက်ခတ်မှုအတွင်း ဥရောပတိုက်ရှိ နယ်မြေအများစုတွင် လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပွားပြီး ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၈၀ အထိရှိခဲ့ပြီး မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် အားကစားပြိုင်ပွဲများ ဖျက်သိမ်းခဲ့ရသည်။

ဆွီဒင်တောင်ပိုင်းတွင် လှေတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရခဲ့သည်။ ဂျာမနီနိုင်ငံတွင် သစ်ပင်ပြိုလဲမှုကြောင့် လူသုံးဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။ ပြင်သစ်နိုင်ငံမြောက်ပိုင်းတွင် သတိပေးချက်အား လိမ္မော်ရောင်အဆင့် သတ်မှတ်ထားပြီး အိမ်ခြေပေါင်း ၁၃၀၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့သည်။ နယ်သာလန်နိုင်ငံတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားပြီး အမ်စတာဒန်ရှိ ချိုပါလေဆိပ်ကို ပိတ်ထားရသည်။

ချက်နိုင်ငံ အမြင့်ဆုံးတောင်တန်းဖြစ်သည့် စနီကာတွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၈၀ နှုန်းရှိပြီး လူဇင်ဘတ်နိုင်ငံတွင် ကျောင်းများကိုပိတ်ထားခဲ့သည်။ ဘရပ်ဆဲလ်မြို့တွင်လည်း ရေကြီးမှုများ ဖြစ်ပွားခဲ့သည်။ မုန်တိုင်းဆီရာဟာ ငြိမ်သက်သွားခဲ့ပေမယ့် ဒါဟာ ရာသီဥတုအခြေအနေငြိမ်သက်ပြီလို့ မပြောနိုင်သေးပါဟု မိုးလေဝသပညာရှင် အဲလက်စ်ဘာကေးက ပြောကြားသည်။

အင်္ဂလန်နိုင်ငံတွင် ရထားပြေးဆွဲမှုများနှင့် လေကြောင်းပြေးဆွဲမှုများကို ရပ်နားထားခဲ့သည်။ ရေကြီးနိုင်မှုသတိပေးချက် ၁၇၀ ခန့်ကို အင်္ဂလန်နိုင်ငံတွင် ထုတ်ပြန်ခဲ့သည်။ အင်္ဂလန်နိုင်ငံတောင်ပိုင်းဆိပ်ကမ်းဖြစ်သော ဒိုဗာနှင့် ပြင်သစ်နိုင်ငံမြောက်ပိုင်း ကေးလပ်စ်တို့အကြား ပြေးဆွဲသော သင်္ဘောကူးတို့ကို ပြန်လည်ပြေးဆွဲခဲ့သည်။ ဘယ်လ်ဂျီယံနိုင်ငံတွင် လေအားဖြင့် လျှပ်စစ်ထုတ်လုပ်သောလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ရပြီး ဂျာမနီနိုင်ငံတွင် မီးရထားလမ်းများကို ပိတ်ထားခဲ့ရသည်။

အထက်ပါဆီရာမုန်တိုင်းတိုက်ခတ်မှုကြောင့် အင်္ဂလန်ပရီမီယာလိဂ်ဘောလုံးပွဲစဉ်ဖြစ်သော မန်ချက်စတာစီးတီးနှင့် ဝက်စ်ဟမ်းစ်အသင်းတို့၏ပွဲစဉ်ကို ရပ်နားခဲ့ရသည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–စိုးသူရ**

# အဇာဘိုင်ဂျန်လွှတ်တော်ရွေးကောက်ပွဲ၌ အာဏာရပါတီက ကနဦးမဲရလဒ်၌ ဦးဆောင်နေ

**ဘာကူး ဖေဖော်ဝါရီ ၁၀**

အဇာဘိုင်ဂျန်နိုင်ငံတွင်ကျင်းပသည့် လွှတ်တော်ရွေးကောက်ပွဲ၌ သမ္မတအီဟန်အလီယက်ဗ် ဦးဆောင်သည့် အာဏာရပါတီက ကိုယ်စားလှယ်နေရာအများစုကို အနိုင်ရရှိကြောင်း အစောပိုင်းကရရှိသော ဆန္ဒမဲရလဒ်များအရ သိရှိရကြောင်း ရွေးကောက်ပွဲကော်မရှင်က ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

အမတ်နေရာ ၁၂၅ ဦးရှိသော အဇာဘိုင်ဂျန်လွှတ်တော်ရွေးကောက်ပွဲ၌ အာဏာရယေနီ(အသစ်)အမည်ရှိသော အဇာဘိုင်ဂျန်ပါတီက ၆၅ နေရာအနိုင်ရရှိကြောင်း၊ အဇာဘိုင်ဂျန်နိုင်ငံတွင်းရှိ မဲဆန္ဒနယ်အားလုံး၏ ၈၇ ရာခိုင်နှုန်းခန့်အား ဆန္ဒမဲများ ရေတွက်ပြီးစီးချိန်၌ရရှိသော ရလဒ်များဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်အကြီးအကဲ မာဇာဟီရာပါနာဟော့ဗ်က ပြောကြားသည်။

အဇာဘိုင်ဂျန်နိုင်ငံ၏ အာဏာရပါတီသည် ပြဿနာဝိုင်းနေသည့် အတိုက်အခံများထံမှ စိန်ခေါ်မှုအနည်းငယ်နှင့် ရင်ဆိုင်နေရသည်။ အာဏာရပါတီက ဖေဖော်ဝါရီ ၉ ရက်၌ ကျင်းပခဲ့သည့် လွှတ်တော်ရွေးကောက်ပွဲသည် ဒီမိုကရက်တစ်နည်းကျစေမည်ဟု ကတိပြုခဲ့သော်လည်း အာဏာရပါတီအစိုးရသည် ၎င်းတို့ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်လှုပ်ရှားမှုစွမ်းရည်များကို အကန့်အသတ်များပြုလုပ်ခဲ့ကြောင်း အတိုက်အခံများက စွပ်စွဲပြောကြားခဲ့ပြီး ပါတီအချို့မှာ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သည်။

ကျင်းပခဲ့သော လွှတ်တော်ရွေးကောက်ပွဲသည် လုံးဝမှန်ကန်မှုမရှိကြောင်း အတိုက်အခံမူဆာဗတ်ပါတီခေါင်းဆောင် အရစ်ဗ်ဂတ်ဂျီလီက မဲရုံများပိတ်ပြီးနောက်တွင် အေအက်ဖ်ပီကို ပြောကြားသည်။

ရေနံကြွယ်ဝသည့် အဇာဘိုင်ဂျန်နိုင်ငံ၌ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် အာဏာရသမ္မတ အလီယက်ဗ်၏ ပါတီမှထိန်းချုပ်မှုကိုခံရပြီး နိုင်ငံအတွင်းရှိ ရုပ်သံလွှင့်ဌာနများက အတိုက်အခံပါတီများ၏ မဲဆွယ်အသံလွှင့်ချိန်များ ခွဲဝေပေးရန် ငြင်းဆိုခဲ့သည်။

ကက်စပီယံဒေသတွင်းနိုင်ငံဖြစ်သည့် အဇာဘိုင်ဂျန်၏ နိုင်ငံရေးစနစ်တွင် သမ္မတသည် အာဏာအများစု ထိန်းချုပ်ထားပြီး လွှတ်တော်မှာ အာဏာကို အကန့်အသတ်ဖြင့်သာ ရရှိသည်။

ဆိုဗီယက်ယူနီယံဟောင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သော အဇာဘိုင်ဂျန်နိုင်ငံအား လက်ရှိသမ္မတ အလီယက်ဗ်က ၂၀၀၃ ခုနှစ်တွင် သမ္မတအဖြစ် ပထမဆုံးအကြိမ် ရွေးကောက်တင်မြှောက်ခံရပြီးကတည်းက တင်းတင်းကျပ်ကျပ် အုပ်ချုပ်ခဲ့သည်။

ဆိုဗီယက်ခေတ်က အဇာဘိုင်ဂျန်ကွန်မြူနစ်ပါတီခေါင်းဆောင်နှင့် ကေဂျီဘီထောက်လှမ်းရေးအဖွဲ့ ဗိုလ်ချုပ်ဖြစ်ခဲ့သည့် ဟေဒီယာ အလီယက်ဗ် လက်ရှိသမ္မတ အလီယက်ဗ်၏ဖခင်ဖြစ်ပြီး ၎င်း၏ဖခင် ကွယ်လွန်ခဲ့ပြီးနောက်တွင် အီဟန်အလီယက်ဗ်သည် အဇာဘိုင်ဂျန်သမ္မတဖြစ်လာခဲ့ခြင်းဖြစ်သည်။

**ကိုးကား–အေအက်ဖ်ပီ၊ ဘာသာပြန်–ဇော်ဝင်း**



ဝန်ထမ်းခန့်အပ်ပြီးသွားသည့် အလုပ်ရာထူးနေရာများကို Website မှ နေ့စဉ်ဖယ်ရှားပေးနေသော

VAC®
VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

www.vacjobsearch.com

MS Word Format CV Form ကို Email ဖြင့် ပေးပို့၍အလုပ်များလျှောက်ထားခြင်းဖြင့် သင်မည်သည့်နေရာကိုမှ ကိုယ်တိုင်အလုပ်သွားလျှောက်ရန် မလိုအပ်တော့ပါ၊ အချိန်ကုန် ငွေကုန် လူပင်ပန်း သက်သာစေပါသည်။

Email : cv@vacjobsearch.com Ph : 01-8395921,01-8395922, 09-5102094, 09-73022727

# မောင်တောမြို့နယ်၌ စိတ်ကြွဆေးပြားများ သယ်ဆောင်လာသည့်ယာဉ်အား တားဆီးစဉ် ထွက်ပြေးသဖြင့် သတိပေးပစ်ခတ်ရာ အမျိုးသားတစ်ဦး သေဆုံး၊ စိတ်ကြွဆေးပြား ကိုးသိန်းကျော် သိမ်းဆည်းရမိ



မတင်တင်အေးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ စိတ်ကြွဆေးပြားများ သယ်ဆောင်လာသည့် ယာဉ်တစ်စီးအား စစ်ဆေးရန် တားဆီးစဉ် ယာဉ်ပေါ်ပါလူနှစ်ဦးက ယာဉ်ပေါ်မှ ဆင်းပြေးသဖြင့် လိုက်လံဖမ်းဆီးသတိပေးပစ်ခတ်ရာ တစ်ဦးသေဆုံးပြီး တစ်ဦးထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် ပူးပေါင်းအဖွဲ့က ယာဉ်များစစ်ဆေးစဉ် (၃)မိုင်ကျေးရွာမှ မောင်တောမြို့သို့ အမျိုးသားနှစ်ဦး မောင်းနှင်လာသော ယာဉ်တစ်စီးအား စစ်ဆေးရန် တားဆီးရာ ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်မောင်းနှင် ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ကြောင်း၊ ထို့နောက် စတီးလှကျေးရွာအဝင်လမ်း၌ ယာဉ်ရပ်တန့်ကာ လူနှစ်ဦး ယာဉ်ပေါ်မှဆင်း၍ ထွက်ပြေးသောကြောင့် သေနတ်ဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ စစ်တွေမြို့ ရွာကြီး(မြောက်)ရပ်ကွက်နေ လင်းလင်းထွန်းအား ကျည်ထိမှန်ဒဏ်ရာတစ်ချက်ရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားကာ ကျန်တစ်ဦးမှာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ယာဉ်အားစစ်ဆေးရာ လိုင်စင်မဲ့ယာဉ်ဖြစ်ပြီး အဆိုပါယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၉၁၄၅၅၀ (တစ်ပြားလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၁၈၂၉၁ သိန်းခန့်)၊ ဖုန်းတစ်လုံး၊ လင်းလင်းထွန်း အမည်ပါ ယာဉ်အမောင်းသင်လိုင်စင် တစ်ခုတို့ကို သိမ်းဆည်းရမိ၍ လင်းလင်းထွန်း(သေဆုံး)နှင့် အမျိုးသားတစ်ဦး(စိစစ်ဆဲ)တို့အား မောင်တောမြို့မရဲစခန်း မှူးယစ်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်ပြီး ထွက်ပြေးသူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်းအကွေ့တွင် ခြောက်ဘီးယာဉ် တိမ်းမှောက်ပြီး သုံးဦးသေ၊ လေးဦးဒဏ်ရာရ

**ရေတာရှည် ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်းတွင် ဖေဖော်ဝါရီ ၈ ရက် နံနက် ၇ နာရီခန့်က ခြောက်ဘီးယာဉ်တစ်စီး လမ်းအကွေ့၌ အရှိန်လွန်တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာကြသူများအနက် အမျိုးသား သုံးဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း (၃၃/၂)မိုင်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အုတ်ဖိုရဲကင်းမှူး ရဲအုပ်စိန်သောင်းဦးစီး အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ နေဆန်း ရုံးတောကျေးရွာ လယ်ဝေးမြို့နယ်နေသူမောင်းနှင်ပြီး ရှားချောင်းကျေးရွာနေသူများဖြစ်ကြသော သီဟအောင်၊ မြလွင်၊ မိုးကျော်၊ မျိုးမင်းထွန်း၊ အေးမင်းထွေး၊ နန်းမိုးအောင်၊ ကျော်မိုးနိုင်နှင့် မျိုးကိုကိုတို့ လိုက်ပါသည့်ယာဉ်သည် အခင်းဖြစ်နေရာအရောက်တွင် အရှိန်လွန်တိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာကြသူများအနက် မိုးကျော်၊ အေးမင်းထွေး၊ မျိုးမင်းထွန်းတို့ သုံးဦးမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး လေးဦးမှာ ဒဏ်ရာရရှိခဲ့သဖြင့် ယာဉ်မောင်း နေဆန်းအား သာဂရနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပြည်ကြီးတံခွန်နှင့် စေတုတ္တရာမြို့နယ်တို့တွင် မီးလောင်မှုဖြစ်ပွား

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် အကွက်အမှတ် (ယ-၁၀) ကျွဲဆည်ကန် ကားကြီးကွင်း မြောက်ဘက် ဆင်ဖြူရှင်လမ်းနှင့် လမ်းသွယ် (၁) လမ်း၌ လျှပ်စစ်ပစ္စည်းထားသည့်ဂိုဒေါင်တွင် တပ်ဆင်ထားသောမီတာပုံးမှ ဝိုင်ယာကြိုးရှော့ဖြစ်၍ ဖေဖော်ဝါရီ ၉ ရက် ည ၈ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် သွပ်မိုးအုတ်ညှပ်ဂိုဒေါင်တစ်လုံး၊ ဂိုဒေါင်အတွင်းရှိ လျှပ်စစ်ပစ္စည်းများ၊ ဆိုင်ကယ် ၁၀ စီး၊ ခြောက်ဘီးယာဉ် တစ်စီးတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး လျှပ်စစ်မီးအား ပေါ့ဆစွာ သုံးစွဲသူ နိုင်နိုင်မော်အား ပြည်ကြီးတံခွန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

**စေတုတ္တရာ**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် မကြီးစုကျေးရွာတွင် ဖေဖော်ဝါရီ ၉ ရက် ညနေ ၄ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကြီးစုကျေးရွာနေ ဒေါ်စန်းအေး၏ နေအိမ်ရှိ အင်ဖာတာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် သုံးလုံးနှင့် ဆိုင်ကယ် နှစ်စီး၊ ဆိတ်တစ်ကောင်တို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအုပ်စု ပင်ရဲလှကျေးရွာနေ မတင်တင်အေး၏နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀ တို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ညနေ ၄ နာရီက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၃)ရပ်ကွက် ယမုံနာလမ်း အမှတ်(၁၂၈/က)နေ ဒေါ်ခင်မာလာ၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ရန်ပိုင်အောင်(ခ)ရန်ပိုင်နှင့် မအိလျှံဖြိုး(ခ)အိလျှံတို့အား တွေ့ရှိပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၄ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအနီး ယန်းလောကျေးရွာ-ကတ်ထိုက်ကျေးရွာသွားလမ်းဆုံတွင် စိုင်းဆမ်ကျော် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

အလားတူ မွန်းလွဲ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ်ကျေးရွာအုပ်စု ပူနားကို(ကျောက်တုံးအာခါ)ကျေးရွာနေ မဘူးနော်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေပူနှင့် မရမ်းချောင်၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၉ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၃၇၉ စီး၊ သွင်းကုန် ၁၁၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၃၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**စစ်ဆေးမှုပြုလုပ်**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်တွင် မရမ်းချောင် စစ်ဆေးရေးစခန်းက ဖမ်းဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၂ သန်း တန်ဖိုးရှိ Ground Himalayan Pink Salt 5 lb (1x6) 35 Pkg) နှင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၀၄၈ သန်းတန်ဖိုးရှိ ဘက်ထရီဆိုင်ကယ်အပိုပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ) စုစုပေါင်း တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၃၄၈ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့၌ ဆိုင်ကယ် ခိုးယူလာသူနှစ်ဦး ဖမ်းမိ

**သထုံ ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ် သထုံမြို့ နန်းခဲရပ်ကွက် ဖောင်တော်ဦးလမ်း၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်က ဆိုင်ကယ် ခိုးယူလာသူနှစ်ဦးကို ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သထုံမြို့ နန်းခဲရပ်ကွက် ဖောင်တော်ဦးလမ်းတွင် အမျိုးသားနှစ်ဦးအား တွေ့ရှိသဖြင့် သထုံခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ဒုရဲအုပ်တင်ကိုထွန်းနှင့် တပ်ဖွဲ့ဝင်များက ခေါ်ယူမေးမြန်းရာ စည်သူအောင်(ခ)အနက်စ်နှင့် ဇေယျာဖြိုး(ခ)စမုတ် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် နေသူတို့ဖြစ်ကြောင်း သိရပြီး ၎င်းတို့နှစ်ဦးစီးနင်းလာသော ဆိုင်ကယ်မှာ မြဝတီမြို့ (၁)ရပ်ကွက် ဆုလာတ်(ကုန်မာဆိုင်)မှ ခိုးယူလာကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် စည်သူအောင်(ခ)အနက်စ်နှင့် ဇေယျာဖြိုး(ခ)စမုတ်တို့နှစ်ဦးအား သထုံခရိုင် မှုခင်းနှိမ်နင်းရေးဌာနက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **လှိုင်ထွန်းအောင်(သထုံ)**



## မူးယစ်ဆေးစွဲသူများအား ပြန်လည်ထူထောင်ရေး အလုပ်ရုံဆွေးနွေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀**

ကချင်ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဝင်များနှင့် ပြည်နယ်အတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများ၏ မူးယစ်ဆေးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ရှမ်းစုတောင်ရပ်ကွက် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)ရုံး၌ ပြုလုပ်သည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်းက ယနေ့ အလုပ်ရုံဆွေးနွေးပွဲသည် မူးယစ်ဆေးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေး၊ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းရေးနှင့် နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သည့်နေရာတွင် မိမိတို့အစိုးရအဖွဲ့နှင့်အတူ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်ကြရေးပြောကြားသည်။

ယင်းနောက် ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ပြည်နယ်ဥပဒေချုပ်တို့က ပြည်နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ထွန်းက ဝန်ကြီးဌာန၏ ရည်ရွယ်ချက်များနှင့် ဦးစီးဌာန၏ လုပ်ငန်းကဏ္ဍများအကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ဦးစီးဌာန၏ လုပ်ငန်းကဏ္ဍများကို ရှင်းလင်းပြောကြားပြီး အရပ်ဘက်အဖွဲ့အစည်းများက အဖွဲ့အစည်းတစ်ခုချင်းစီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၁ ရက် နှစ်ရက်ကြာပြုလုပ်သွားမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အသင်းအဖွဲ့ဆိုင်ရာ မှတ်ပုံတင်ခြင်းကဏ္ဍ၊ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုခေါင်းစဉ်ဖြင့်ဆွေးနွေးခြင်း၊ ဘုံသဘောတူညီမှုဖြင့် စံလုပ်ငန်းများသတ်မှတ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ သက်မွေးသင်တန်းများအကြောင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ အုပ်စုဖွဲ့အဖြေရှာခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်စိုး**
**(ပြည်နယ်ပြန်/ဆက်)**





## ပင်လုံတက္ကသိုလ် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**ပင်လုံ ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့ရှိ ပင်လုံတက္ကသိုလ်၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် ဈေးရောင်းပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက တက္ကသိုလ်ပင်မဆောင် အောက်ဆုံးထပ်ရှေ့၌ ကျင်းပသည်။

ပင်လုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနွယ်နွယ်ယဉ်က အဖွင့်အမှာစကားပြောကြားပြီး ပင်လုံတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူလေးများက တိုင်းရင်းသားအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ်ဦးဆောင်၍ ဘာသာရပ်အလိုက် ဈေးရောင်းပွဲကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပင်လုံတက္ကသိုလ် စဖွင့်ချိန်မှစ၍ ယနေ့အထိဘွဲ့ရပညာတတ် မောင်မယ် ၂၀၉၂ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ယခုနှစ်တွင် ကျောင်းသား ကျောင်းသူ ၉၉၀ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**မိုးလွင်ဦး (လွိုင်လင်)**

## ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ်နိုင်ရန် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**မူဆယ် ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ နယ်စပ်ဒေသတွင် ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဇန်နဝါရီ ၂၆ ရက်မှ စတင်ပြီး ဖေဖော်ဝါရီ ၈ ရက်အထိ (နှစ်ပတ်အတွင်း) ကာလတန်ဖိုး သိန်းပေါင်း ၅၀ ကျော်ရှိ နှာခေါင်းစည်းများကို ပြည်သူလူထုထံ အခမဲ့ ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ နှာခေါင်းစည်းများကို မူဆယ်မြို့ နယ်စပ်ဂိတ်များဖြစ်သည့် နန်းတော်ဂိတ်၊ မန့်ဝိန်းဂိတ်၊ ဆင်ဖြူဂိတ်နှင့် မူဆယ်မြို့တွင်းသို့ သွားလာနေသည့် ပြည်သူများ၊ မူကြိုကျောင်းများ၊ အခြေခံပညာကျောင်းများ၊ ဆင်ဖြူဈေးတို့တွင် နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

လက်ရှိအချိန်တွင် မူဆယ်မြို့ မြန်မာ - တရုတ်နယ်စပ်ဂိတ်များမှ မြန်မာအလုပ်သမားများတစ်သောင်းကျော်ခန့် နေ့စဉ် ဝင်/ထွက်သွားလာလျက်ရှိပြီး ကျန်းမာရေးစစ်ဆေးချက်များ၊ အသိပညာပေးဗဟုသုတများ၊ လက်များကို ဆပ်ပြာဖြင့် စင်ကြယ်စွာ လက်တွေ့ဆေးကြောခြင်းများ၊ အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးပို့ခြင်းစသည့် ကြိုတင်ကာကွယ်မှုများကို မူဆယ်မြို့ ဌာနဆိုင်ရာများနှင့် ပရဟိတအသင်းအဖွဲ့တို့က အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**
**ဓာတ်ပုံ - မိုင်းဘညာဏ်(ကွတ်ခိုင်)**



## ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်ဆင့်ပွားသင်တန်းဖွင့်

**သာယာဝတီ ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက သာယာဝတီမြို့ ဆရာစံခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာရဲညွန့်နိုင်၊ သာယာဝတီခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရဲမြင့်တို့က အမှာစကားပြောကြားသည်။

ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ နည်းပြ ဒေါ်အေးအေးမော်က ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ အခန်းကဏ္ဍကို မြှင့်တင်ရန်၊ လုပ်ငန်းများ ကျွမ်းကျင်တိုးတက်စေရန်၊ တွေ့ကြုံရသောအခက်အခဲများရင်ဆိုင်ဖြေရှင်းနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းမှာ International Idea အဖွဲ့နှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ခရိုင်အတွင်းရှိ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်းမြို့နယ်များမှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ သာယာဝတီခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူးများ စုစုပေါင်း ၆၄ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

**သန့်ဇော် (သာယာဝတီ)**

## YBS ယာဉ်လိုင်းများနှင့်ပတ်သက်၍ တိုင်ကြားမှုဖြစ်စဉ်များတွင် အရှိန်ပြင်းမောင်းနှင်မှုက အများဆုံးဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၁၉ ခုနှစ်အတွင်း YBS ယာဉ်လိုင်းများနှင့်ပတ်သက်၍ တိုင်ကြားမှုဖြစ်စဉ်များတွင် အရှိန်ပြင်း၊ မဆင်မခြင်မောင်းနှင်မှုက အများဆုံးဖြစ်ပြီး အမှုပေါင်း ၆၆၇ မှုရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် မှတ်တိုင်တွင်စနစ်တကျမရပ်ခြင်းကြောင့် တိုင်ကြားမှုမှာ ၆၁၆ မှုရှိပြီး မချေမငံဆက်ဆံမှုနှင့်ပတ်သက်၍ တိုင်ကြားမှုမှာ ၅၇၆ မှုရှိကြောင်း၊ ယာဉ်စီးခပိုတောင်းမှု ၃၁၂ မှု၊ ဂိတ်အစအဆုံးမမောင်းမှု ၂၂၈ မှု၊ ကိုယ်ထိလက်ရောက်မှု ၁၇ မှု၊ သတ်မှတ်လမ်းကြောင်းမမောင်းမှု ၅၃ မှု၊ ယာဉ်စီးခပုံးထဲမထည့်မှု ၂၄၄ မှုတို့ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်အတွင်း YBS ယာဉ်လိုင်းများနှင့်ပတ်သက်၍ တိုင်ကြားမှုပေါင်း ၂၇၁၃ မှုရှိခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၁၅၅ မှုဖြစ်ပွားခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ၁၆၄ မှုဖြစ်ပွားခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုကိုးမှု တိုးလာသလို ယာဉ်အစီးရေမှာလည်း ၁၈၈ စီးတိုးပွားကြောင်း သိရသည်။

YRTA အနေဖြင့် YBS ယာဉ်လိုင်းကုမ္ပဏီများနှင့် တာဝန်ခံယာဉ်လိုင်းများကို စည်းကမ်းထိန်းသိမ်းကြပ်မတ်ကွပ်ကဲလျက်ရှိရာ ယာဉ်စည်းကမ်း ထိန်းသိမ်းဆောင်ရွက်ရာတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ စစ်ဆေးရေးအဖွဲ့ ၁၀ ဖွဲ့၊ YRTA စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခြောက်ဖွဲ့၊ လူစည်ကားရာယာဉ်ရပ်မှတ်တိုင်များတွင် ယာဉ်ကြောရှင်းလင်းရေး အဖွဲ့ ၁၂ ဖွဲ့ဖြင့် နေ့စဉ် YBS ယာဉ်များကိုစစ်ဆေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရပြီး ၂၀၁၉ ခုနှစ်အတွင်း စစ်ဆေးအရေးယူမှုပေါင်း ၁၂၀၄၃ မှု ရှိခဲ့ကြောင်း သိရသည်။

ယခု ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း YRTA က စည်းကမ်းထိန်းသိမ်းမှုအနေဖြင့် ချလန်ဖြတ်အရေးယူမှု ၉၈၉ မှုရှိခဲ့ပြီး တိုင်ကြားမှု ၁၃၇ မှုရှိကာ ယာဉ်တိုက်မှု ၁၄ မှုနှင့် အခြား တစ်မှုဖြစ်ပွားခဲ့ရာတွင် တစ်ဦးသေဆုံး၍ ၁၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက YRTAရုံးချုပ်တွင်ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။ **ကိုထက်**

# ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

၃၂။ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်မည်သူမဆို ပုဒ်မ ၁၅ အရ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်ငါးသောင်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၃။ ပုဒ်မ ၁၅ (ဂ) အရ သတင်းပို့ရန်တာဝန်ရှိသူ မည်သူမဆို သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်ငါးသောင်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၄။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၁၅ အရ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ်ချမှတ်ရမည်။

၃၅။ မည်သည့်ကျန်းမာရေးဝန်ထမ်း သို့မဟုတ် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းမဆို ပုဒ်မ ၁၆ အရ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၆။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၇။ ကူးစက်ရောဂါရှိသူဖြစ်ကြောင်း ကျန်းမာရေးဌာန တစ်ခုခုကသတ်မှတ်ခြင်းခံရသူမည်သူမဆို ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၁၉ ပါတားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့် အမိန့်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၉။ မည်သူမဆို ပုဒ်မ ၂၀ ပါ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသော ကျန်းမာရေးအရာရှိ၏ စီမံဆောင်ရွက်ခြင်းကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်း ဖြစ်ပါက ထိုသူအား ထောင်ဒဏ်ခြောက်လ ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၂၂ ပါ ကျန်းမာရေးအရာရှိ၏တာဝန်အရ လုပ်ဆောင်မှု တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ်ချမှတ်ရမည်။

၄၁။ မည်သည့်ယာဉ်တာဝန်ခံမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း တစ်ရာ့ငါးဆယ်မှ အများဆုံး ကျပ်သိန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည်။

၄၂။ မည်သည့်ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ကုန်ပစ္စည်းလက်ခံစစ်ဆေးသူမဆို ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံ ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်ချမှတ်ရမည်။

၄၃။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်ကိုလိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်း ဆုံးခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်ချမှတ်ရမည်။

**အခန်း (၁၁)**

**အထွေထွေ**

၄၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ ကူးစက်ရောဂါနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ရမည်။

၄၅။ ဤဥပဒေတွင်ပါရှိသော လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ကုသရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆေးသုတေသန ဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနနှင့် တိုင်းရင်းဆေး ပညာဦးစီးဌာနတို့သည် ဝန်ကြီးဌာန၏ တာဝန်ပေးချက်နှင့်အညီ ဦးစီးဌာန အား ကူညီဆောင်ရွက်ရမည်။

၄၆။ ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့သည် သတင်းပို့တိုင်ကြားရမည့် ကူးစက် ရောဂါ မဟုတ်သော်လည်း ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါ သို့မဟုတ် ဆေးယဉ်ပါးတီဘီရောဂါ၊ အနာကြီးရောဂါ၊ ငှက်ဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါအပါအဝင် အခြားကူးစက်ရောဂါဖြစ်ပွားမှု များနှင့်စပ်လျဉ်း၍ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် ကူးစက်ရောဂါဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ သို့မဟုတ် ကူးစက်မြန်ရောဂါနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန် ဆောင်ရွက်ခြင်း၊ ထိန်းချုပ်ခြင်း၊ လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ် ခြင်း၊ သတ်မှတ်ထားသော အချိန်ကာလအတွင်း တိုင်ကြားသတင်းပေးပို့ခြင်း၊ အသွားအလာတားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းနှင့် သတင်း ထုတ်ပြန်ခြင်းလုပ်ငန်းတို့ကို သတ်မှတ်ချက်များနှင့်အညီ လိုအပ်သလို ဆောင် ရွက်နိုင်သည်။

၄၇။ ဝန်ကြီးဌာနသည်-

(က) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို မိမိ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၄၈။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၉။ ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ တာဝန်အရ ဆောင်ရွက်သူ တစ်ဦးဦး၏ ဆောင်ရွက်ချက်များအပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမ ကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့်မရှိစေရ။

၅၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင် သည်။

(ခ) ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင် သည်။

၅၁။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၁၉၉၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်း လိုက်သည်။

---

## ကသာမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် နှစ်ထပ်တိုးချဲ့လူနာဆောင် ပန္နက်တင်

**ကသာ ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် (၁၂၀'-၀" x ၅၆'-၀") အတိုင်းအတာရှိသည့် နှစ်ထပ်တိုးချဲ့လူနာဆောင် အဆောက် အဦပန္နက်တင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သူရစိုး၊ လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါ်မာလာမီးနှင့် ဝန်ထမ်းများ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများက မင်္ဂလာပန္နက်ရိုက်ကာ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **အေးမြသက်ထား**



## အုတ်ဖိုမြို့၌ စုပေါင်းသွေးလှူဒါန်း

**ပဲခူး ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၉ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလွင်ဦးဆောင်၍ မြို့မရဲစခန်းနှင့် နယ်မြေ စခန်းမှူးများပါဝင်သည့် တပ်ဖွဲ့ဝင် ၃၆ ဦးသည် (၇၃)နှစ်မြောက် ပြည်ထောင်စု နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်း၊ ဆေးရုံအတွင်း၊ အပြင်သန့်ရှင်းလှပရေး ပြည်သူ့အကျိုးပြုဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါဆောင်ရွက်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် ဆရာဝန်ကြီး ဒေါက်တာသန့်ဇင်မောင်တို့က လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။ **အောင်ဆင့်**



## လက်ပံတန်းမြို့နယ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူခင်းများလျော့နည်းကျဆင်းစေရေး ပညာပေးဟောပြော

**လက်ပံတန်း ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မှုခင်းများလျော့နည်းကျဆင်းစေရေး အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက အထက ခမုံဆိပ်ကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ်(၂) တပ်ဖွဲ့စိတ်(သာယာဝတီ)မှ ဒုရဲအုပ်ထွန်းညွန့်က လူမှောင်ခို/လူကုန်ကူးမှု အဓိပ္ပာယ်များ၊ ပြစ်မှုပြစ်ဒဏ်များနှင့် လူကုန်ကူးမှုအမျိုးအစားများကို ရှင်းလင်းပြောကြားပြီး ဒုရဲအုပ်သန့်ဇင်စိုးက မူးယစ်ဆေးဝါးအဓိပ္ပာယ်နှင့် အမျိုးအစားများ၊ ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့သော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဥပဒေများ/အက်ဥပဒေများ၊ အမိန့်များကို ပရိုဂျက်တာဖြင့် ပြသရှင်းလင်းသည်။

အဆိုပါဟောပြောပွဲသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ စုစုပေါင်း ၈၅၀ ခန့် တက်ရောက်ခဲ့ပြီး မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**စုဝေလွင်(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းများဖွင့်ပွဲ တက်ရောက်

**ပုသိမ် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေး ပြခန်းများဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ကန်သာယာပြည်ထောင်စုကွင်း၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်တို့က အသိပညာပေးဝန်ကြီးဌာန ပြခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အသိပညာပေးပြခန်းများကို လိုက်လံကြည့်ရှုသည်။

အသိပညာပေးပြခန်းများမှာ ထူးချွန်ထင်ရှားဧရာဝတီ တိုင်းသားများပြခန်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြခန်း၊ ပညာရေးကောလိပ်ပြခန်း၊ အခြေခံပညာပြခန်း၊ နည်းပညာတက္ကသိုလ်(ပုသိမ်)ပြခန်း၊ ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)ပြခန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြခန်း၊ စားသုံးသူရေးရာဦးစီးဌာနပြခန်း၊ အမှတ် – ၁၃ ယာဉ်ထိန်းရဲတပ်ဖွဲ့ပြခန်း၊ အမှတ်–၄၉ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့စုပြခန်း၊ အမှတ်(၇)လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့စုပြခန်း၊ သစ်တောဦးစီးဌာနပြခန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနပြခန်း၊ တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးပြခန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူထုဗဟိုပြုစီမံကိန်း ပြခန်းများကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်ထိပြသထားမည်ဖြစ်ပြီး မည်သူမဆိုလာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ညပိုင်းများတွင်လည်း အဆို၊ အက၊ တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**





## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းများ တက်ရောက်ဖွင့်လှစ်

**မုံရွာ ဖေဖော်ဝါရီ ၁၀**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်သာယာ (ရွှေလိမ္မော်ကျွန်း)တွင် ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမျိုးအောင်တို့က မုခ်ဦးအားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော မီးသတ်ဦးစီးဌာန ပြခန်း၊ သစ်တောဦးစီးဌာန ပြခန်း၊ စည်ပင်သာယာရေးဝန်ကြီးဌာန ပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြခန်း၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ ပြခန်း၊ ပညာရေးဆိုင်ရာ ပြခန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပြခန်းနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြခန်း၊ စုစုပေါင်း ပြခန်း ၁၀ ခုတို့အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သော ပြခန်းများအား ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်ကြာဖွင့်လှစ်ပြသပေးသွားမည်ဖြစ်၍ မည်သူမဆို လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ထမနဲထိုးပြိုင်ပွဲအားပေး

**ဘားအံ ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီက ဘားအံမြို့ သီရိကွင်း၌ ကျင်းပသည်။


ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ထမနဲအသင်းများ၏ ယှဉ်ပြိုင်မှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ပြိုင်ပွဲကိုဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင် အသင်း ၃၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြည်နယ်ဝန်ကြီးများက အထူးဆုရရှိသော ထမနဲအသင်းများအားလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က စတုတ္ထနှင့် ပဉ္စမဆုရရှိသော အသင်းများအားလည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယဆုနှင့် တတိယဆုရရှိသော အသင်းများအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိသော ပြည်နယ်လမ်းဦးစီးဌာန ထမနဲအသင်းအားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်နှင့် ရိုးရာယဉ်ကျေးမှုပဒေသာကပွဲဖွင့်ပွဲ မန္တလေး၌ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၀**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နဝမအကြိမ် တိုင်းရင်းသားလူမျိုးစုများဈေးရောင်းပွဲတော်နှင့် ရိုးရာယဉ်ကျေးမှု ပဒေသာကပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ရှိ မန္တလာသီရိအဆင့်မြင့် အားကစားကွင်းတွင် ကျင်းပသည်။

တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ခင်းကျင်းပြသထားသော ပြခန်းများ၊ တိုင်းရင်းသား လူမျိုးများ၏ဒေသထွက်ကုန်ပစ္စည်းများ၊ အသုံးအဆောင်နှင့် ရိုးရာအစားအစာ ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။

မန္တလေးမြို့တွင် အခြေချနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု ၁၈ မျိုး၏ ရိုးရာအစားအစာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ တိုင်းရင်းသား ယဉ်ကျေးမှုနှင့် ရိုးရာပစ္စည်းများပြခန်း၊ တိုင်းရင်းသားစာပေအစရှိသော ပြခန်းများနှင့် ဈေးဆိုင်ခန်းပေါင်း ၃၀ ကျော်နှင့် စာအုပ်အရောင်းဆိုင်ပေါင်း ၅၀ ကျော် ပါဝင်ကြောင်း၊ ညပိုင်းများတွင် တိုင်းရင်းသားများ၏ရိုးရာယဉ်ကျေးမှု ပဒေသာကပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း မန္တလေးမြို့ အခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်က ပြောကြားသည်။

အဆိုပါ တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်နှင့် ယဉ်ကျေးမှု ပဒေသာကပွဲများကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်ထိ မန္တလေးမြို့ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆိုအခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

## (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**သရက်ချောင်း**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲကို သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ကဗျာပြိုင်ပွဲတွင် သရက်ချောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ၁၆ ဦး၊ အထက်တန်းအဆင့် လေးဦး စုစုပေါင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **မျိုးချစ်ဦး(ပြန်/ဆက်)**

**မိုးနဲ**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မူလတန်းအဆင့် ပန်းချီ၊ ဆေးရောင်ခြယ်ပြိုင်ပွဲကို မိုးနဲမြို့နယ် ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် စိတ်ကြိုက်ပန်းချီတွင် ကိုးဦး၊ ပုံတူဆေးရောင်ခြယ်ပွဲတွင် ကိုးဦး စုစုပေါင်း ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရကျောင်းသား ကျောင်းသူများအား (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

**မင်းလှ**

(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ အထက မင်းလှ(မြို့တွင်း)ကျောင်း၌ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် မိန့်ခွန်းပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ကလေးငယ် ၁၅ ဦးက မိမိနှစ်သက်ရာခေါင်းစဉ်ဖြင့် ကဗျာရွတ်ဆိုယှဉ်ပြိုင်ခဲ့ကြပြီး မိန့်ခွန်းပြောပြိုင်ပွဲတွင် ကလေးငယ်ခြောက်ဦးက ဗိုလ်ချုပ်မိန့်ခွန်းများဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ **ပေါက်စ (မင်းလှ)**

**ရေတ်ကောင်း**

ရောဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့တွင် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဗဟုသုတမေးခွန်းများဖြေဆိုပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက် မွန်းတည့် ၁၂ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။ **ပြုံးမောင်မောင်(ပြန်/ဆက်)**

**အရာတော်**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ပုံတူပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် ထိန်းသိမ်းအပ်ပေပြည်ထောင်စုအမွေ ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၆ ဦး၊ ဗိုလ်ချုပ်အောင်ဆန်းပုံတူပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **စိုးဝေအောင်(ခင်ဦး)**

**ပုလဲ**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်းတို့၌ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို စာဖတ်ရှိန်မြှင့်တင်ရေးပြိုင်ပွဲများအဖြစ် စာစီစာကုံး၊ ပန်းချီ၊ မြန်မာစကားပုံဆက်နှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၃၂ ဦး၊ အလယ်တန်းအဆင့်ပန်းချီပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၁၀၂ ဦး၊ မူလတန်းအဆင့် မြန်မာစကားပုံဆက်ပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၁၀၁ ဦးနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၂၃၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**



## မြန်မာနိုင်ငံဆရာဝန်အသင်း (ဗုဒ္ဓဘာသာအဖွဲ့)ရန်ကုန်က ဩဝါဒပါတိမောက်အခါတော်နေ့ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗုဒ္ဓဘာသာအဖွဲ့-ရန်ကုန်)က ထမနဲပွဲကျင်းပခြင်းနှင့် ဩဝါဒပါတိမောက်အခါတော်နေ့အကြောင်း သိမှတ်ဖွယ်ရာများရှင်းပြပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင် (ဘီ)တွင် ကျင်းပသည်။

ဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးအောင်မြတ်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးမင်းဆွေ၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ရီရီမြင့်တို့က တပို့တွဲလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအားလုံးတို့၏ အလွန်ထူးကဲမွန်မြတ်သည့် နေ့ထူးနေ့မြတ်ကြီးအဖြစ် တပို့တွဲလပြည့် ဩဝါဒပါတိမောက်အခါတော်နေ့နှင့် ထမနဲပွဲတော်ကို သတ်မှတ်ပူဇော်ခြင်းဖြစ်ကြောင်း သိမှတ်ဖွယ်ရာများကို ရှင်းပြခဲ့ကြောင်း သိရသည်။

**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

## ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပုံတူပန်းချီပြိုင်ပွဲများသို့ ကျောင်းသား ကျောင်းသူ ၈၉ ဦး ဝင်ရောက်ယှဉ်ပြိုင်

**ဖျာပုံ ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီက ကြီးမှူး၍ စာစီစာကုံးပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းပုံတူ ပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့ အထက(၁)၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၈၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

"ကျောင်းသား ကျောင်းသူတွေအနေနဲ့ မြန်မာ့လွတ်လပ်ရေးဖိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်ကျေးဇူးကို နားလည်သိတတ်ကြစေရန်။ ဗိုလ်ချုပ်အောင်ဆန်း၏ ကြီးမြတ်သောဂုဏ်ပုဒ်နှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအား ဖော်ညွှန်းထိန်းသိမ်းတတ်စေရန်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ မြင့်မြတ်သော တိုင်းပြုပြည်ပြု စိတ်ဓာတ်၊ ကိုယ်ကျင့်တရား၊ ရိုးသားမှု၊ ရဲရင့်တည်ကြည်ဖြောင့်မတ်မှု၊ တိုင်းပြည်အပေါ် စွန့်လွှတ်အနစ်နာခံတတ်သည့် စိတ်ဓာတ်များကို မျိုးဆက်သစ် ကျောင်းသား ကျောင်းသူ လူငယ်များ လေးစားအားကျ အတုယူနိုင်စေရန်ရည်ရွယ်ပြီး အခုလို ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အမှတ်တရ ဂုဏ်ပြုပြိုင်ပွဲတွေနဲ့ အခမ်းအနားတွေ ကျင်းပပေးရခြင်းဖြစ်ပါတယ်"ဟု ဖျာပုံမြို့ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဦး(ဥက္ကဋ္ဌ၊ ဖျာပုံမြို့နယ်စည်ပင်ကော်မတီ)က ပြောသည်။



ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို လူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့် ကျင်းပရာ အခြေခံပညာအလယ်တန်းအဆင့်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ အထက်တန်းအဆင့်ပြိုင်ပွဲတွင် ရှစ်ဦး၊ ပုံတူပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့် ၃၆ ဦး၊ အလယ်တန်းအဆင့် ၂၀၊ အထက်တန်းအဆင့် ၁၄ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ရောင်စုံကာလာကွန်တိန်နာစားသောက်ဆိုင်များပါဝင်သော ကွန်တိန်နာပန်းခြံ ဖွင့်လှစ်



**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

နိုင်ငံတကာအစားအစာများနှင့် မြန်မာ့ရိုးရာမုန့်များပါဝင်သော မြန်မာနိုင်ငံ၌ ပထမဦးဆုံး နေရာတစ်နေရာတည်း၌ စုစည်း၍ဖွင့်လှစ်မည့် ရောင်စုံကာလာများဖြင့်အလှဆင်ထားသော ကွန်တိန်နာစားသောက်ဆိုင်ခန်းများပါဝင်သည့် ကွန်တိန်နာပန်းခြံ(Super Container Park)ကို ရန်ကုန်မြို့ တာမွေမြို့နယ် ဂီတအစည်းအရုံးအနီးရှိ ဓမ္မဒါနလမ်း၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းမှစတင်၍ နေ့စဉ်ဖွင့်လှစ်မည်ဖြစ်သည်။

"ရောင်စုံကာလာ ကွန်တိန်နာတွေနဲ့ အလှဆင်ထားတဲ့ ကွန်တိန်နာစားသောက်တန်းမှာ လာရောက်စားသောက်ကြမယ့် ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်တွေအတွက် သန့်ရှင်းသပ်ရပ်တဲ့ နိုင်ငံတကာအစားအစာတွေအပါအဝင် မြန်မာ့ရိုးရာမုန့်တွေကို ခင်းကျင်းပြသ ရောင်းချပေးမှာဖြစ်ပါတယ်။ ကလေးငယ်များဆော့ကစားဖို့နေရာအတွက်ကိုလည်း ကစားရာနေရာ စီစဉ်ပေးထားပါတယ်၊ စားသုံးသူ ပြည်သူတွေရဲ့ အကြိုက်ကိုကြည့်ပြီး ဒီလိုမျိုး ကွန်တိန်နာပန်းခြံတွေကို မြို့နယ်အလိုက် ထပ်မံတိုးချဲ့ဖွင့်လှစ်သွားဖို့ ရှိပါတယ်" ဟု ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းက ကွန်တိန်နာပန်းခြံ၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲ၌ Super Cotainer Park အား စီစဉ်ဆောင်ရွက်သည့် ဦးမြင့်လွင်က ပြောသည်။

အဆိုပါ ကွန်တိန်နာပန်းခြံ (Super Container Park)အား မြေဧက အကျယ်အဝန်းတစ်ဧကရှိသည့်မြေကွက်ပေါ်၌ ဖွင့်လှစ်ထားခြင်းဖြစ်ပြီး လက်ရှိကနဦးအကြိုအနေဖြင့် တရုတ်အစားအစာများ၊ ဥရောပအစားအစာများ၊ ထိုင်းဟင်းလျာများ၊ ကိုရီးယားအစားအစာများ၊ အိန္ဒိယအစားအစာများ၊ မြန်မာမုန့်များပါဝင်သည့် ကွန်တိန်နာစားသောက်ဆိုင်များကို ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ဖွင့်လှစ်ထားရာ ကွန်တိန်နာတစ်လုံးစီကို စားသောက်ဆိုင် နှစ်ဆိုင်နှုန်းဖြင့် ဖွင့်လှစ်ထား၍ ကွန်တိန်နာ ကိုးလုံးအတွက် စားသောက်ဆိုင်ခန်းပေါင်း ၁၈ ခန်းပါဝင်သည့် စားသုံးသူဦးရေ ၁၀၀ နီးပါးခန့် ဝင်ရောက်သုံးဆောင်နိုင်အောင် စီမံဆောင်ရွက်ထားရှိသည်။ **သတင်း-ပွင့်သစ္စာ**

**ဓာတ်ပုံ-စိုးမြင့်အောင်**

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ဂုဏ်ပြုဆောင်းပါး

# ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်က အခန်းအမှတ် (၁၁၃)

### အရှေ့တောင်အာရှ၏ အကောင်းဆုံး

မြန်မာနိုင်ငံ၏ ပထမဦးဆုံး တက္ကသိုလ်တစ်ခုဖြစ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် အရှေ့တောင်အာရှ၏ အစောဆုံး တက္ကသိုလ်များတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကို ၁၈၇၈ ခုနှစ်တွင် အိန္ဒိယ၌ရှိသည့် ကာလကတ္တားတက္ကသိုလ် လက်အောက်ခံ ရန်ကုန်ကောလိပ်အဖြစ် စတင်တည်ထောင်ခဲ့သည်။ အင်္ဂလိပ်အစိုးရသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးနောက် ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံ ရန်ကုန်ယူနီဗာစတီကောလိပ်နှင့် ဂျက်ဆင်(ယုဒသန်)ကောလိပ်တို့ကို ပေါင်းစည်း၍ ရန်ကုန်တက္ကသိုလ်အဖြစ် ထူထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ်ကို အင်္ဂလန်နိုင်ငံတွင်ရှိသည့် အောက်စဖို့ဒ်နှင့် ကိန်းဘရစ်ချ်တက္ကသိုလ်များတွင် ရှိသည့် စနစ်အတိုင်း ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်သည် ၁၉၄၀–၁၉၅၀ ဝန်းကျင်တွင် အရှေ့တောင်အာရှ၏ အကောင်းဆုံး တက္ကသိုလ်တစ်ခုဖြစ်ခဲ့ပြီး အခြားအာရှနိုင်ငံများမှ ကျောင်းသားများ လာရောက် ပညာဆည်းပူးရာ တက္ကသိုလ်တစ်ခုလည်း ဖြစ်ခဲ့သည်။

### ဗဟိုကျောင်းဆောင်ငါးဆောင်နှင့် ပဲခူးဆောင်

ရန်ကုန်တက္ကသိုလ်ဖွင့်လှစ်ပြီးနောက် တက္ကသိုလ် အင်္ဂါရပ်များနှင့်အညီ အဆောင်များ စတင်ဆောက်လုပ်ခဲ့သည်။ မြန်မာ့သမိုင်းဝင် နေရာဒေသအသီးသီးကို ရည်ညွှန်းမှည့်ခေါ်ထားသည့် အင်းဝ၊ စစ်ကိုင်း၊ ပင်းယ၊ ပဲခူး၊ သထုံ ကျောင်းဆောင် ငါးဆောင်ကို ၁၉၂၈ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ထိုကျောင်းဆောင် ငါးဆောင်ကို ဗဟိုကျောင်းဆောင်ဟုလည်း ခေါ်တွင်သည်။

ရန်ကုန်တက္ကသိုလ်၏ အစောဆုံး ထိုကျောင်းဆောင် ငါးဆောင်အနက် ပဲခူးဆောင်သည် အခန်းအမှတ် (၁၁၃) ကြောင့် ပိုမိုထင်ရှားသည်။ အဓိပတိလမ်းကို မျက်နှာမူထားသည့် ပဲခူးဆောင်တတိယထပ် (အပေါ်ဆုံးထပ်) အခန်းအမှတ်(၁၁၃) သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိအောင် ပုံဖော်ပေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝက နေထိုင်ရာ အခန်းဖြစ်ခဲ့သောကြောင့်ပင်ဖြစ်သည်။

တက္ကသိုလ်အဆောင်များ စတင်ဖွင့်လှစ်ခါစ ပဲခူးဆောင်တွင် ဗိုလ်ချုပ်အောင်ဆန်းအပြင် ဦးသိန်းဟန် (ဆရာဇော်ဂျီ)၊ ဦးဝန်(ဆရာမင်းသုဝဏ်)နှင့် ဝန်ကြီးချုပ်ဦးနုတို့ နေထိုင်ခဲ့ကြသလို ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့သည်ပဲခူးဆောင် အဆောင်နည်းပြဆရာများအဖြစ်လည်း တာဝန်ယူခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ်တွင် ဗိုလ်ချုပ်အောင်ဆန်း ဘီအေစီနီယာတန်း တက်ရောက်ပညာသင်ကြားစဉ် ၁၉၃၆–၁၉၃၇ ခုနှစ်တွင် ပဲခူးဆောင်အပေါ်ထပ်ရှိ အခန်းအမှတ် (၁၁၃) ၌ နေထိုင်ခဲ့ပြီး ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ယခုအခါတွင် ရန်ကုန်တက္ကသိုလ်ရှိ ပဲခူးဆောင်ကို ကျောင်းသားများ

**ရန်ကုန်တက္ကသိုလ်၏ အစောဆုံး ထိုကျောင်းဆောင် ငါးဆောင်အနက် ပဲခူးဆောင်သည် အခန်းအမှတ် (၁၁၃) ကြောင့် ပိုမိုထင်ရှားသည်။ အဓိပတိလမ်းကို မျက်နှာမူထားသည့် ပဲခူးဆောင် တတိယထပ် (အပေါ်ဆုံးထပ်) အခန်းအမှတ်(၁၁၃) သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိအောင် ပုံဖော်ပေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝက နေထိုင်ရာ အခန်းဖြစ်ခဲ့သောကြောင့်ပင် ဖြစ်သည်**




အား နေထိုင်ခွင့်ပြုသော်လည်း ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သည့် အခန်းအမှတ် (၁၁၃) ကို နေထိုင်ခွင့်မပြုဘဲ နဂိုအတိုင်းသာ ထားရှိခဲ့သည်။

### ပဲခူးဆောင် အခန်းအမှတ်(၁၁၃) ကို သီးသန့်ထားရှိခြင်း

၁၉၅၇–၁၉၅၈ ခုနှစ်တွင် အရွေးခံရသော ပဲခူးကျောင်းဆောင် သဟာယနှင့် စာဖတ်အသင်းသည် အဆောင်မှူး ဦးကျော်ရင်နှင့်တိုင်ပင်၍ အမျိုးသားခေါင်းဆောင်ကြီးတစ်ဦး နေထိုင်သွားသည့်အခန်းကို သီးသန့်ထားရှိရန် ဆုံးဖြတ်ချက်ချကာ "အောင်ဆန်းအခန်းတည်ထားရေးအဖွဲ့" ကိုဖွဲ့၍ အကောင်အထည်ဖော်သည်။ တက္ကသိုလ်ကျောင်းဆောင် ကော်မတီကလည်း ခွင့်ပြုခဲ့သည်။

အခန်းမွမ်းမံရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျောင်းနေဖက်တစ်ဦးဖြစ်သူ ဒဂုံဆောင် အဆောင်မှူး ဦးလှရွှေက အခြားကျောင်းနေဖက်များနှင့်တိုင်ပင်ကာ ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားဘဝနေထိုင်စဉ်က အခြေအနေမျိုးနှင့် အတတ်နိုင်ဆုံး တူညီအောင် ဆောင်ရွက်သည့်ကိစ္စတွင် အကူအညီပေးသည်။ အောင်ဆန်းခန်းဆောင်ဖွင့်ပွဲကို ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက် သောကြာနေ့ ည (အမျိုးသားအောင်ပွဲအကြိုည)တွင် ကျောင်းဆောင်နှစ်လည် ညစာစားပွဲနှင့်အတူ ကျင်းပသည်။ တက္ကသိုလ်အဓိပတိ ဦးနုနှင့် ပါမောက္ခချုပ် ဒေါက်တာထင်အောင်တို့တက်ရောက်ကာ အခန်းဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်ဟု " မြန်မာ့အသံ ဦးကျော်၏ နှစ်ငါးဆယ်တက္ကသိုလ်" စာအုပ်တွင် ဖတ်ရှုရသည်။

### လက်ရှိရန်ကုန်တက္ကသိုလ်ပဲခူးဆောင်

ပဲခူးဆောင်တွင် အခန်းပေါင်း ၁၃၄ ခန်းရှိပြီး လက်ရှိအဆောင်နေကျောင်းသားဦးရေ ၁၁၀ ရှိသည်။ အဆောင်နေကျောင်းသားများသည် ဘာသာရပ်စုံမှ ကျောင်းသားများဖြစ်ပြီး ဒုတိယနှစ်မှ ပါရဂူတန်းအထိ ကျောင်းသားများနေထိုင်လျက်ရှိကာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျောင်းသားများလည်း နေထိုင်လျက်ရှိသည်။

၂၀၁၈ ခုနှစ်မှစတင်ကာ လက်ရှိအချိန်ထိ ပဲခူးဆောင် အဆောင်မှူးအဖြစ် တာဝန်ယူလျက်ရှိသည့် ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာန၏ တွဲဖက်ပါမောက္ခ ဒေါက်တာအောင်ဆွေက ယခုလိုပြောသည်။

"တစ်ခန်းကို တစ်ယောက်နှုန်းထားတယ်။ ရန်ကုန်တက္ကသိုလ်(လှိုင်) RC–2 ထဲမှာ လူနေဆောင်မဆောက်ခင် အရင်တုန်းက ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ လာတက်နေတဲ့ နိုင်ငံခြားသားတွေကို ဒီပဲခူးဆောင်မှာ ထားတယ်။ အများစုက တရုတ်ကျောင်းသားတွေပေါ့။ အခုတော့ RC–2 ထဲကို ရွှေ့လိုက်တယ်"

### ကိုအောင်ဆန်းနေထိုင်ရာ ပဲခူးဆောင် အခန်းအမှတ် (၁၁၃)

ပဲခူးဆောင် အခန်းနံပါတ် (၁၁၃) တွင် တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းဘဝက နေထိုင်ခဲ့သည့် အရိပ်အယောင်များကို တွေ့ရှိနိုင်သည်။

အခန်းနံပါတ် (၁၁၃) သို့ ဝင်လိုက်သည်နှင့် ကိုအောင်ဆန်း အိပ်စက်ခဲ့ရာ စပရိန်ခုတင်ကို စတင်မြင်တွေ့လိုက်ရသည်။ "မကိုင်ရ" ဟူသော အသိပေးစာတန်းနှင့်အတူ ပလတ်စတစ်အိတ်ငယ်တွင် ပရုတ်လုံးထည့်သွင်းထားသည့် အဖြူရောင်မှ အရောင်ပြောင်းစပြုနေသည့် အိပ်ရာခင်းတစ်ခု၊ နီညိုရောင် ဘန်ကောက်ပုဆိုးတစ်ထည်၊ ဝါကျင့်ကျင့်အရောင်ပြောင်းနေသည့် ပိတ်ခြင်ထောင်တစ်လုံးတို့က ခုတင်ပေါ်တွင် နေရာယူလျက်ရှိသည်။

ခုတင်ခြေရင်းတွင်မူ စာရေးစားပွဲနှင့် ကြိမ်သစ်သားကုလားထိုင်တစ်လုံး၊ စာရေးစားပွဲပေါ်ရှိ စာအုပ်ဗီရိုငယ်လေးထဲတွင်မူ ကိုအောင်ဆန်း ဖတ်ရှုခဲ့သည့် အင်္ဂလိပ်စာအုပ် (၆) အုပ်က စီစီရီရီထောင်လျက်..။

ခုတင်ခြေရင်း ညာဘက်ထောင့်တွင် ပိုင်းရှင်မဲ့ အနက်ရောင် ဖဲထီးရှည်တစ်လက်ကို ချိတ်ဆွဲထားကာ ဖဲထီးရှည်၏အောက်တွင်မူ သစ်သားသေတ္တာတစ်လုံးပေါ်တွင် ထင်းရှူးပုံးလေး တစ်ပုံး တင်ထားသည်။ ထိုပုံးပေါ်တွင် ဆေးသားပျက်နေပြီဖြစ်သည့် မှန်ပေါင်သွင်းဓာတ်ပုံအချို့ကို တင်ထားသည်။

ကိုအောင်ဆန်း အိပ်စက်ခဲ့သည့် ခုတင်ခေါင်းရင်းအပေါ်တည့်တည့်တွင် ဆေးသားလွင့်စပြုနေသည့် ဗိုလ်ချုပ်အောင်ဆန်း ပန်းချီကားကိုတွေ့နိုင်သည်။ အခန်းပတ်ပတ်လည် ခုတင်ခေါင်းရင်းနှင့် ခြေရင်းတွင် တက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်း၊ ကိုအောင်ဆန်းနှင့် ကျောင်းသားသမဂ္ဂ အဖွဲ့ဝင်များ၊ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ လန်ဒန်ရောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိန်ဝန်ကြီးချုပ် အက်တလီ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်တိုင်းရင်းသူများ၊ လန်ဒန်ရောက် မြန်မာနိုင်ငံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့များ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်နု၊ ဗိုလ်ချုပ်အောင်ဆန်း ဇနီးမောင်နှံနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၊ ၁၉၃၆ တက္ကသိုလ်သပိတ်ကြီးကို လှုံ့ဆော်ခဲ့သော အိုးဝေမဂ္ဂဇင်းကော်မတီလူကြီးများ ရှေ့တန်းဝဲမှယာ ကိုတင်လတ်၊ ကိုအောင်ဆန်း၊ ကိုညိုမြ(ခ) ကိုသိန်းတင်၊ ကိုဘဆက်၊ နောက်တန်းဝဲမှယာ ကိုတင်အောင်၊ ကိုတင်အုံး၊ မောင်ကိုကို ဟု စာတန်းရေးထိုးကာ ချိတ်ဆွဲထားသည့် ဓာတ်ပုံများကို ကြည့်ရှုရသည့်အပြင် စာတမ်းရေးထိုးထားခြင်းမရှိသည့် ပုံများကိုပါ ချိတ်ဆွဲထားသည်။

ကိုအောင်ဆန်းနေထိုင်ခဲ့ရာ အခန်းအမှတ် (၁၁၃) မှ အပြင်သို့ထွက်လိုက်မိသည့်နှင့် လက်ရှိ ပဲခူးဆောင် အဆောင်မှူး ဒေါက်တာအောင်ဆွေ ပြောခဲ့သည်ကို အမှတ်ရမိသဖြင့် ပြန်လှည့်၍ ချောင်းကြည့်လိုက်မိသေးသည်။

ဒေါက်တာအောင်ဆွေ ပြောသည်က "ကျွန်တော်တို့ ကျောင်းသားဘဝကဆို ဗိုလ်ချုပ်အခန်းကို ဝင်ကြည့်ခွင့်မရှိဘူး။ ဒီအတိုင်းကို ပိတ်ထားတာ။ ခေတ်စနစ်နဲ့ ဆိုင်မယ်ထင်တယ်။ ဗိုလ်ချုပ်အခန်းကို ကြည့်ချင်ရင် အပြင်က ပြတင်းပေါက် တရုတ်ကပ်ကြားထဲကနေ ချောင်းကြည့်ခဲ့ရတာ"

ပဲခူးဆောင်အဆောင်မှူးဒေါက်တာအောင်ဆွေသည် ပဲခူးဆောင်ကျောင်းသားဘဝအဖြစ် ၁၉၉၁ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ နေထိုင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။

"အဲဒီကတည်းက ဗိုလ်ချုပ် ဒီအဆောင်မှာ နေခဲ့တယ်ဆိုတာကို အမှတ်ရမိတယ်။ ဒီအဆောင်မှာနေခဲ့တဲ့ ကျောင်းသားတိုင်းက ဗိုလ်ချုပ်နေခဲ့တဲ့အဆောင်မှာ နေရတယ်ဆိုပြီး ဂုဏ်ယူကြတယ်"ဟု ဒေါက်တာအောင်ဆွေက ပဲခူးဆောင်ကျောင်းသားအဖြစ် နေထိုင်ခဲ့သည်ကို အမှတ်တရအဖြစ် ဂုဏ်ယူစွာပြောပြနေသေးသည်။

အဆောင်မှူး ဒေါက်တာအောင်ဆွေတို့ဖြတ်သန်းခဲ့ရသည့် အဆောင်နေကျောင်းသားဘဝနှင့် လက်ရှိအဆောင်နေ ကျောင်းသားဘဝကတော့ ကွာခြားသွားပြီဆိုသည့် အကြောင်းကို ဒေါက်တာအောင်ဆွေက ပြောပြသေးသည်။

**ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

### အရင်ခေတ်နှင့် ယခုခေတ်တက္ကသိုလ်ကျောင်းသားဘဝ

ဒေါက်တာအောင်ဆွေက " အဓိက ကွာတာကတော့ ကျောင်းသားတွေ တစ်ယောက်နဲ့ တစ်ယောက် စုစည်းမှု အားနည်းသွားတာပဲ။ ကျွန်တော်တို့ ကျောင်းသားဘဝတုန်းက တယ်လီဖုန်းမရှိဘူး။ ဘာမီဒီယာမှမရှိဘူး။ ကက်ဆက်ဖွင့်နိုင်တဲ့သူဆို မိဘက တောင့်တင်းတဲ့သူ အဆင်ပြေတဲ့ ကျောင်းသားပေါ့။ အများစုက ဂစ်တာတီးမယ်။ သီချင်းဆိုမယ်။ ညဘက်ဆို မြန်မာ့ရုပ်မြင်သံကြားက လာတဲ့ တီဗွီအစီအစဉ်တွေကို စုပြီးကြည့်ကြမယ်။ အောက်မှာ ဇယ်ခုံလို တောက်ခုံလေး ထားပေးထားတယ်။ အဲဒီမှာ ကျွန်တော်တို့ ကစားကြတယ်။ ဒါကျွန်တော်တို့ ကျောင်းသားဘဝက ဖြတ်သန်းရတဲ့ Life ပါ။ အခုကတော့ ကျောင်းသားတွေမှာ သူတို့ရဲ့ကိုယ်ပိုင် device တွေနဲ့ ရှိနေကြတာဖြစ်တဲ့အတွက် တီဗွီခန်းထဲမှာလည်း ကျောင်းသားမရှိဘူး။ ဘောလုံးပွဲရှိတဲ့ အချိန်လောက်ပဲ ရှိတယ်။ တီဗွီကြည့်တဲ့အကျင့်လည်း မရှိတော့ဘူး။ ကိုယ့်အခန်းထဲမှာပဲကိုယ် ဂိမ်းဆော့မယ်၊ အင်တာနက်ကြည့်မယ်။ ဒီလိုတွေ ဖြစ်လာတယ်။ ဒါပေမယ့် နာခံမှုကတော့ တူညီပါတယ်။ ဒါကတော့ မပြောင်းဘူး" ဟု ပြောပြသည်။

ဒေါက်တာအောင်ဆွေနှင့် စကားစမြည်ပြောကြရင်းမှ ဒေါက်တာအောင်ဆွေက ကျွန်တော့်ကို သူ၏ အဆောင်ကျောင်းသားဘဝ အတိတ်ဆီသို့ ဆွဲခေါ်သွားလေသည်။

ရန်ကုန်တက္ကသိုလ် အဆောင်များသည် ယောကျ်ားလေးဆောင်၊ မိန်းကလေးဆောင် ခွဲခြားထားသော်လည်း ညီအစ်ကို မောင်နှမသဖွယ်ရှိစေရန် "မောင်နှမဆောင်" များ ထားရှိကြသေးသည်။

ထိုမောင်နှမဆောင်များမှာ ရွှေဘို–ရတနာ–ပဲခူးသည် မောင်နှမဆောင်၊ စစ်ကိုင်း–သီရိသည် မောင်နှမဆောင်၊ ပင်းယ–အင်းလျားသည် မောင်နှမဆောင် စသည်ဖြင့် တွဲဖက်ပေးထားသည်။

ယခင်တက္ကသိုလ်ပုံရိပ်ကို ဒေါက်တာအောင်ဆွေက ယခုလို ဆက်ပြောပြသည်။

"ကျွန်တော်တို့ ကျောင်းသားဘဝက ညစာစားပွဲ (Dinner)လုပ်ပြီဆိုတာနဲ့ မောင်နှမဆောင်နဲ့ပဲ တွဲလုပ်လုပ်၊ တစ်ဆောင်ချင်းပဲလုပ်လုပ် အငြိမ့်အမြဲပါတယ်။ တက္ကသိုလ်ရဲ့ ဂုဏ်အင်္ဂါက အငြိမ့်ပေါ့။ အခုတော့ အဲဒီလို မပါတော့ဘူး။ အနောက်တိုင်းယဉ်ကျေးမှု၊ ကိုရီးယားဒန့်စ်စတာတွေပါလာတယ်။ ကျွန်တော်တို့ ကျောင်းသားဘဝကဆို တက္ကသိုလ် Life ဖြစ်တဲ့ သီချင်းလေးတွေဆိုတာ။ စစ်ကိုင်းလမ်းတို့၊ မာလာဆောင်တို့ ဘာတို့ပေါ့။ အခုတော့ အရင်တက္ကသိုလ်ရဲ့ရသကို သိပ်မခံစားရတော့ဘူး"

ယခုအခါ ရန်ကုန်တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းနေခဲ့သည့် ပဲခူးဆောင် အခန်းအမှတ် (၁၁၃) ကို ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ ဖေဖော်ဝါရီ ၁၃ ရက်တွင် တစ်ကြိမ်၊ ဗိုလ်ချုပ်ကျဆုံးခဲ့သည့် အာဇာနည်နေ့ ဇူလိုင် ၁၉ ရက်တွင် တစ်ကြိမ် တစ်နှစ်လျှင် နှစ်ကြိမ် ဖွင့်လှစ်ပြသပေးလျက်ရှိသည်။

"အာဇာနည်နေ့မှာတော့ ပြင်ပက ရဟန်းရှင်လူပြည်သူတွေပါ ပြသတယ်။ ဗိုလ်ချုပ်မွေးနေ့မှာတော့ ကျောင်းသားတွေကိုပဲ ပြသပေးတယ်" ဟု ပဲခူးဆောင် အဆောင်မှူး ဒေါက်တာအောင်ဆွေက ပြောသည်။

မကြာမီ ပဲခူးဆောင်ကျောင်းသား ကိုအောင်ဆန်း၏ မွေးနေ့ ဖေဖော်ဝါရီ ၁၃ ရက်နေ့ကို ရောက်ရှိပေတော့မည်။

ယခုအခါ ရန်ကုန်တက္ကသိုလ်ကြီးသည် ခေတ်အဆက်ဆက်ကို တည်ငြိမ်စွာဖြင့် ဖြတ်သန်းခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ် (၁၀၀) သက်တမ်းပြည့်မည်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အခမ်းအနားများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအထိ တစ်နှစ်တာပတ်လုံး ကျင်းပသွားမည်ဖြစ်သည်။

၁၉၃၆–၁၉၃၇ ခုနှစ်ဝန်းကျင်က ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းမကြီးသို့ မျက်နှာမူနေသော ပဲခူးဆောင် တတိယထပ် အခန်း(၁၁၃)တွင် ဘီအေစီနီယာတန်း တက်နေသည့် လူငယ်လေးတစ်ယောက်ရှိခဲ့သည်။ ထိုလူငယ်လေးကား မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းကို ပုံဖော်ပေးခဲ့သူ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်ပေတော့သည်။ ။

**❒ ပုသိမ်တံတားအမှတ်(၂) မှ**

အဆိုပါပုသိမ်တံတားသစ်အား ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့ မဟာဗန္ဓုလလမ်းနှင့် ငဝန်မြစ်အနောက်ဘက်ကမ်းရှိ လူနေရပ်ကွက်များသို့ တိုက်ရိုက်ဆက်သွယ်ကာ တည်ဆောက်နေခြင်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၆)မှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကာ တံတားသစ်တည်ဆောက်ရန်အတွက် ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈ ဒသမ ၅ ဘီလီယံ အကုန်အကျခံကာ တည်ဆောက်နေကြောင်း၊ တံတားသစ်တည်ဆောက်ရေးလုပ်ငန်းပိုင်း၌ တံတားအထူးအဖွဲ့(၁၆)မှ ကျွမ်းကျင်အင်ဂျင်နီယာ ၂၀ ကျော်နှင့် ကာယဉာဏလုပ်သား ၂၀၀ ကျော်တို့ဖြင့် တည်ဆောက်နေကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ တံတားအထူးအဖွဲ့(၁၆)၏ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာ ဒေါ်သစ်သစ်အောင်က ပြောကြားသည်။

ယခုအခါ ပင်မတံတားသံပေါင် တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိနေပြီး ပုသိမ်မြို့ဘက်ကမ်းနှင့် စိန်ကုန်းဘက်ကမ်းရှိ ချဉ်းကပ်တံတား အပေါ်ထည်လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ လာမည့် မတ်လတတိယအပတ်၌ ချဉ်းကပ်တံတားအပေါ်ထည်လုပ်ငန်းများ အလုံးစုံဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း၊ ယခင်မူလ မေတ္တာဦးဆိပ်ခံတံတားဟောင်းနှင့် ပုသိမ်မြို့တစ်ဖက်ကမ်းဖြစ်သော စိန်ကုန်းဘက်ခြမ်းရှိ ရပ်ကွက်များဖြစ်သည့် အမှတ်(၈)နှင့် (၉)ရပ်ကွက်တို့ကို ဖြတ်သန်းကာ တည်ဆောက်နေသော အဆိုပါပုသိမ်တံတားအမှတ် (၂) ၏ အမျိုးအစားမှာ သံမဏိသံပေါင်ခုံးတံတားဖြစ်ပြီး တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ကာ တံတားသစ်၏အရှည်မှာ စုစုပေါင်း ပေ ၂၃၈၀ ရှိကြောင်း၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ ရှိပြီး လူသွားလမ်းတစ်ဖက်လျှင် အကျယ် ငါးပေစီပါဝင်ကာ ရေလမ်းကင်းလွတ် အကျယ် ၄၁၆ ပေနှင့် အမြင့် ပေ ၆၀ ရှိကြောင်း တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး တံတားအထူးအဖွဲ့(၁၆)၏ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဒေါ်သစ်သစ်အောင်က ပြောကြားသည်။

**ချိတ်ဆက်သွားလာနိုင်**

တံတားသစ်စီမံကိန်းမှ အရှည် သုံးမိုင်နှင့် နှစ်ဖာလုံအကွာတွင်တည်ရှိသော မူလပုသိမ်ကြိုးတံတား၏ ခံနိုင်ဝန်လျော့နည်းလာမှုကြောင့်လည်းကောင်း၊ ပုသိမ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လာသည်နှင့်အမျှ ငဝန်မြစ်၏အနောက်ဘက်အခြမ်းတွင် မြို့ပြအိမ်ရာများ တိုးချဲ့ရန်လိုအပ်လာ၍လည်းကောင်း၊ ချောင်းသာနှင့် ငွေဆောင်ကမ်းခြေအပါအဝင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ ကမ်းခြေပတ်လမ်းများကို ချိတ်ဆက်သွားလာနိုင်ရန်ရည်ရွယ်၍ တံတားသစ်အား တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှစတင်၍ ဖောင်ဒေးရှင်းလုပ်ငန်းများစတင်ခဲ့သော ပုသိမ်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်ပြီးစီးပါက ပုသိမ်မြို့၏ မြို့ပြလူနေမှုစနစ်ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ငဝန်မြစ်အနောက်ဘက်ကမ်းမှ ဒေသခံပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေနိုင်တော့မည်ဖြစ်ကြောင်း ပုသိမ်တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

**❖ နေပြည်တော်မှ**

ယနေ့ကျင်းပသော (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ငြိမ်းချမ်းရေး စုပေါင်းစက်ဘီးစီးနင်းကြသူ စုစုပေါင်း ၁၅၃ ဦးသည် ယနေ့တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း Gate-1 ရှေ့မှ စတင်တာထွက်ကာ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်းအတိုင်း စီးနင်းကြ၍ မိတ္ထီလာမြို့၌ ညအိပ်ရပ်နားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၁ ရက်တွင် မိတ္ထီလာ၊ ကလော၊ အောင်ပန်း၊ ဟဲဟိုးကားလမ်းအတိုင်း တောင်ကြီးမြို့သို့ စီးနင်းကြမည်ဖြစ်ကာ တောင်ကြီးမြို့၌ ညအိပ်ရပ်နားမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် တောင်ကြီး၊ ဟိုပုန်း၊ ပင်လုံကားလမ်း အတိုင်းစီးနင်းကာ ရှမ်းပြည်နယ် ပင်လုံမြို့ ကျောက်တိုင်ကွင်းသို့ ပန်းဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၉ ခုနှစ် ဇန်နဝါရီလ | | ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ | |
|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၆၀၅၃၃ | ၁၄၇၉၃ | ၇၄၀၈၈ | ၁၅၄၄၂ |
| ၂ | မန္တလေးလေဆိပ် | ၂၂၂၃၇ | ၂၇၃၁ | ၃၆၇၄၉ | ၂၆၅၄ |
| ၃ | နေပြည်တော်လေဆိပ် | ၂၂၂ | ၂၆၂ | ၁၃၁၅ | ၂၅၉ |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ |
| ၅ | တာချီလိတ် | ၆၆၆၉ | ၁၀၆ | ၇၃၆၀ | ၁၁၀ |
| ၆ | မြဝတီ | ၁၈၄၁ | ၆၇၇ | ၂၅၉၀ | ၇၃၁၂ |
| ၇ | ကော့သောင်း | ၇၉၇ | ၅၅ | ၁၀၁၃ | ၁၂၆ |
| ၈ | ထီးခီး | ၁၁၇ | ၂၆ | ၈၅ | ၃၁ |
| ၉ | တမူး | ၇၀၃ | ၃၇ | ၃၇၇ | ၈၃ |
| ၁၀ | ရိခေါ်ဒါရ် | ၆ | ၂ | ၄၅ | ၁၅ |
| စုစုပေါင်း | | ၉၃၁၂၅ | ၁၈၆၈၉ | ၁၂၃၆၂၂ | ၂၆၀၃၂ |

## အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ | ၉၁၈၃၆ | ၂၇၅၉၀ | ၁၁၉၄၂၆ |
| ၂ | နိုဝင်ဘာ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ | ၁၁၅၈၉၈ | ၂၇၄၈၈ | ၁၄၃၃၈၆ |
| ၃ | ဒီဇင်ဘာ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ | ၁၂၇၉၅၀ | ၂၄၉၆၇ | ၁၅၂၉၁၇ |
| ၄ | ဇန်နဝါရီ | ၉၃၁၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ | ၁၂၃၆၂၂ | ၂၆၀၃၂ | ၁၄၉၆၅၄ |
| စုစုပေါင်း | | ၃၀၅၇၄၄ | ၈၀၇၁၄ | ၃၈၆၄၅၈ | ၄၅၉၃၀၆ | ၁၀၆၀၇၇ | ၅၆၅၃၈၃ |



ရန်ကုန်အသင်းနည်းပြချုပ်နှင့် ဟိုချီမင်းစီးတီးအသင်းနည်းပြချုပ်တို့အား ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

**■ ရန်ကုန်နှင့် ဟိုချီမင်းစီးတီးအသင်းမှ**

ရန်ကုန်အသင်းသည် အုပ်စု (F) တွင် ဗီယက်နမ်ကလပ်ဟိုချီမင်းစီးတီးအသင်း၊ စင်ကာပူကလပ် ဟောင်အန်ယူနိုက်တက်အသင်း၊ လာအိုကလပ် လာအိုတိုယိုတာအသင်းတို့နှင့် ကျရောက်သည်။ ယခုပွဲမှာ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့်ပွဲဖြစ်သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဗီယက်နမ်နိုင်ငံ၌ အားကစားပွဲများ ကျင်းပခွင့်ပိတ်ပင်ထားရာ ရန်ကုန်အသင်းက အိမ်ကွင်းအဖြစ် ပြောင်းလဲကစားခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းနည်းပြချုပ် ဦးတင်မောင်ထွန်းက "ဟိုချီမင်းစီးတီးအသင်းက ကျွန်တော်တို့အုပ်စုမှာ အင်အားအတောင့်တင်းဆုံးလို့ထင်ပါတယ်။ အိမ်ကွင်းမှာ ရလဒ်ကောင်းရဖို့ အကောင်းဆုံးကြိုးစားမှာပါ။ ကျွန်တော်တို့နဲ့ ပွဲဦးထွက်ကစားမယ့် ဟိုချီမင်းစီးတီးအသင်းက ကလပ်အသင်းအဆင့်သတ်မှတ်ချက်မှာ ကျွန်တော်တို့ထက် နိမ့်ပေမယ့် ဗီယက်နမ်နိုင်ငံရဲ့ ဘောလုံးအဆင့်အတန်းကို ထည့်တွက်ရပါမယ်။ သူတို့ရဲ့ ဘောလုံးအဆင့်အတန်းက မြင့်မားလာသလို ကစားသမားကောင်းတွေလည်း ပါလာမှာပါ။ သူတို့ရဲ့ကစားပုံတွေကိုလည်း လေ့လာပြီးသွားပါပြီ။ ကျွန်တော်တို့အကောင်းဆုံး ကြိုးစားမှ ရလဒ်ကောင်းရရှိမှာပါ။ ကျွန်တော်တို့က ပြည်တွင်းလိဂ်ပွဲတွေရော AFC Cup ခြေစစ်ပွဲရော ကစားထားရတာကြောင့် ပွဲပန်းနိုင်ပါတယ်။ ဒါပေမယ့် သေချာပြင်ဆင်ပြီး ကစားမှာပါ။ လိဂ်ပြိုင်ပွဲမှာကစားနေတဲ့ ခြေစွမ်းထက် ပိုကောင်းဖို့တော့လိုပါတယ်"ဟု ပြောကြားသည်။

ဟိုချီမင်းစီးတီးအသင်းနည်းပြချုပ် ဂျောင်ဟေးဆောင်က "ဒီပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားပြီး ရလဒ်ကောင်းရယူနိုင်မယ်လို့လည်း ထင်ပါတယ်။ ဒဏ်ရာရကစားသမားတချို့ရှိပေမယ့် ကစားသမားတိုင်းက ခြေစွမ်းမကွာလို့ အကောင်းဆုံးကစားနိုင်မှာပါ။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကွင်းပြောင်းလဲကစားခဲ့ရပေမယ့် မြန်မာနိုင်ငံဘက်က ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ရန်ကုန်အသင်းက အသင်းကောင်းတစ်သင်းဖြစ်ပြီး ပြည်တွင်းမှာ အအောင်မြင်ဆုံးဖြစ်နေတဲ့အသင်းပါ။ ရန်ကုန်အသင်းရဲ့ကစားပုံကိုလည်း တတ်နိုင်သလောက် လေ့လာထားပြီး ရမှတ်တွေ ရယူနိုင်ဖို့ ကြိုးစားမှာပါ"ဟု ပြောသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## မီလန်ဒါဘီမှာအနိုင်ရရှိခဲ့တဲ့ အင်တာမီလန်အသင်း ရမှတ်တူဂိုးကွာခြားချက်နဲ့ အီတလီစီးရီးအေထိပ်ဆုံးတွင် ဦးဆောင်ခွင့်ရ

အင်တာမီလန်အသင်းဟာ မီလန်ဒါဘီပွဲစဉ်အဖြစ် အေစီမီလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အီတလီစီးရီးအေအမှတ်ပေးဇယားမှာ ရမှတ်တူ ဂိုးကွာခြားချက်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။


အင်တာမီလန်အသင်းဟာ အေစီမီလန်အသင်းနဲ့ပွဲစဉ်မှာ သွင်းဂိုးတွေကို ပွဲကစားချိန် ၅၁ မိနစ်မှာ ဘရိုဇိုဗစ်၊ ၅၃ မိနစ်မှာ ဗီစီနို၊ မိနစ် ၇၀ မှာ ဒီဗီရစ်နဲ့ သာမန်ပွဲကစားချိန်ပြီးဆုံးလို့ နာကျင်အချိန်ပို သုံးမိနစ်(၉၀+၃)မှာ လူကာကူတို့က သွင်းယူပေးခဲ့ကြပြီး အေစီမီလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကိုတော့ မိနစ် ၄၀ မှာ ရီဘစ်နဲ့ ၄၅ မိနစ်မှာ အီဘရာဟီမိုဗစ်တို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် အင်တာမီလန်အသင်းဟာ ပွဲစဉ် ၂၃ အပြီးမှာ ရမှတ် ၅၄ မှတ်ရရှိခဲ့ပြီး ဂျူဗင်တပ်အသင်းနဲ့ ရမှတ်တူပေမယ့် ဂိုးကွာခြားချက်ကြောင့် အင်တာမီလန်အသင်းက ထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အင်တာမီလန်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ရဲ့နောက်မှာတော့ အမှတ်ပေးဇယားအဆင့် ၃ နေရာမှာ လာဇီယိုအသင်းက ရမှတ် ၅၃ မှတ်နဲ့ရပ်တည်နေတာ ဖြစ်ပါတယ်။

**⬬ ငွေကြယ် - ရေးသားသည် ⬬**

## နွေရာသီဈေးကွက်အတွင်း ဖာမီနိုအား ပေါင် ၇၅ သန်းဖြင့် ဘိုင်ယန်မြူးနစ်အသင်းခေါ်ယူရန် စီစဉ်နေ




ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းဟာ လီဗာပူးအသင်းတိုက်စစ်မှူးရောဘတ်တိုဖာမီနိုအား ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းနဲ့ ခေါ်ယူဖို့ပြင်ဆင်နေတယ်လို့ သိရပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းက အခုဘောလုံးရာသီကုန်မှာ အသင်းကို အသစ်ပြန်လည်တည်ဆောက်ဖို့ရည်ရွယ်ထားပြီး အသင်းရဲ့ထိပ်တန်းဦးစားပေးခေါ်ယူမယ့် ကစားသမားတွေထဲမှာ တိုက်စစ်မှူး ဖာမီနိုက ထိပ်ဆုံးကနေပါဝင်နေတာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်း နည်းပြ ဟာန်ဖလစ်က အခုနှစ်နွေရာသီမှာ အသက် ၃၂ နှစ်ပြည့်တော့မယ့် တိုက်စစ်မှူး လီဝန်ဒိုစကီးနဲ့ အတူအသင်းရဲ့ တိုက်စစ်ပိုင်းမှာ အသက် ၂၈ နှစ်အရွယ် ဘရာဇီးကြယ်ပွင့် ဖာမီနိုကို တွဲဖက်ကစားစေဖို့ ဆန္ဒရှိနေတာဖြစ်တဲ့အတွက် နွေရာသီဈေးကွက်အတွင်း ဖာမီနိုကိုခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ မန်စီးတီးအသင်း တောင်ပံကစားသမား လီရွိုင်းဆာနေးကိုလည်း ခေါ်ယူဖို့စီစဉ်နေပါတယ်။ ဒါကြောင့် ပရီမီယာလိဂ် ကလပ်အသင်းတွေဖြစ်တဲ့ လီဗာပူးနဲ့ မန်စီးတီးဆီကနေ အဲဒီကစားသမားနှစ်ဦးစလုံးခေါ်ယူနိုင်ဖို့ ဘိုင်ယန်မြူးနစ်အသင်းက ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဖာမီနိုဟာလီဗာပူးအသင်းရဲ့ တိုက်စစ်ပိုင်းမှာ ဆာဒီယိုမာနေး၊ မိုဟာမက်ဆာလာတို့နဲ့အတူ အရေးပါတဲ့ သွင်းဂိုးတွေ ရယူပေးနိုင်ခဲ့တာကြောင့် လီဗာပူးအသင်းအတွက်လည်း မရှိမဖြစ် ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

# လိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး **Y.M.B.A (The Young Men's Buddhist Association)**၏

ရာသက်ပန် ဂုဏ်ထူးဆောင်နာယက၊

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် **ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်** ကို

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး **Y.M.B.A** ၏ အမြင့်ဆုံးဘွဲ့ဖြစ်သော

**"အဂ္ဂမဟာမင်္ဂလဓမ္မ ဇောတိကဓဇ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် **Y.M.B.A** အသင်းကြီး၏ မွန်မြတ်သော ဆောင်ပုဒ်ဖြစ်သည့်

**"အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာရေး"**များကို ဆတက်ထမ်းပိုး အစဉ်ကြိုးပမ်းဆောင်ရွက်သွားနိုင်

ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

Golden Land ReaL Estate အိမ်ခြံမြေအကျိုးဆောင် မှ
ရန်ကင်းမြို့နယ်ရှိ Golden City ၊Space ၊ Sky Suite Condo
များအား ငှားရမ်းလိုသော နိုင်ငံခြားသား Customer များရှိပါသဖြင့်
ပိုင်ရှင်များ အမြန်ဆက်သွယ်အပ်နှံပေးပါရန် ဖိတ်ခေါ်အပ်ပါသည်။
09-96 4008848,09-443008848

**EAZY DRIVE (အမျိုးသမီးသီးသန့်)**
**(ကားမောင်းအမြန်ရက်တိုသင်တန်း)**
ရန်ကုန်မြို့ထဲလမ်းများပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်ပြီး ကိုယ်တိုင်ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနိုင်ရန်နှင့် ကားပါကင် အမြန်ထိုးနိုင်အောင် တစ်ဦးချင်း သီးသန့် အတတ်သင်ပေးသည်။
**ဖုန်း-၀၉-၂၆၄၈၀၇၆၉၉**

### ပြောင်းလဲခေါ်ဆိုပါရန်

နောင်ချိုမြို့နယ်၊ တောင်ရှည် အုပ်စု၊ မက်လွတ်ကျေးရွာနေ ဒေါ်စန်းမြိုင်အား ဒေါ်စန်းယုန္ဒယ် ဟုပြောင်းလဲခေါ်ဆိုပါရန်။

**ဒေါ်စန်းယုန္ဒယ်**

သင့်ဝိသာစုထပ်ပေါင်းအတွက် ...
TRUE ... 201 ...
Ph: 01-3680828,01 3681015 , 0973040665.

ရန်ကုန်မြို့တွင်း English 4 Skills တစ်ဦးချင်းသီးသန့် (သို့) ဝိုင်း အိမ်လာသင် ပေးသည်။
Mr.Brown
Ph:09–889355571



ဝ် စားဖူးပါက နှစ်သက်ရမည့်
**မျက်ကြည်လှူဝ**
အကြောဖြေဆေး
စားသုံးနိုင်သူများ
➤ ခြေဆီမထွက်၊ ဇက်ကြောတက်၊ မျက်စိမှုန်ဝါးသူ။
➤ ဝမ်းချုပ် ဆီးပူ၊ ရိုးဖြူလိပ်ထွက်၊ လဆက်ရာသီမှန်လိုသူ။
➤ ဆံပင်ဖြူ/ ပါး၊ အဆိုင်များ၊ ညောင်းအားဗိုတတ်သူ။
(အထိုင်များသော ရုံးဝန်ထမ်းများ၊ ရေးသည်များ၊ ကားမောင်းသူများ)
TMR 010077 (1118)
ရန်ကုန်
- ကိုဝင်းမြင့်+မဘောဘီ ဆေးဆိုင်
- K လှလှမေထ္တာ - သိမ်ကြီးဈေး
မျက်ကြည်လှူဝ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ရေစကြိုမြို့။ Tel: 09 89680 5353, 09 203 1080.




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးသင်းဖေလမ်း၊ အမှတ်-၄၂နေ ဦးအောင်ဇေယျပိုင် [၁၂/လမန(နိုင်)၁၄၉၆၁၅]မှ လွှဲအပ်ညွှန်ကြားသည်မှာ MOE SET YAE မိုးစက်ရေ သဘာဝသောက်ရေနှင့်သောက်ရေသန့် (မှတ်ပုံတင်စာချုပ်အမှတ်-၁၀၃၆၁/၂၀၁၈)ကို အမှတ်(၃)၊ သီရိမြိုင်လမ်း၊ မင်းစမ်းဘောတောင်ပိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်လုပ်ပြီး ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးကို လက်လီလက်ကားဖြန့်ချိရောင်းချမည်ဖြစ်ပါသဖြင့် အမည်တူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

MOE SET YAE
MOE SET YAE

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း (LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ ၂ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၁၈၃၃**

# အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀ ဖြင့် မြန်မာနိုင်ငံတော်အစိုးရမှ ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သည့် သီရိပျံချီမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရပါသော

## ဦးချမ်းမြေ့ဆွေ

**(Chairman - AC Myanmar Microfinance Company Limited), (Chairman - Shwe Min Nyi Naung Company Limited), (Chairman - Taw Win ACM Company Limited), (Director - Shwe Pyi Taung Ngu Company Limited), (Director - Farmers Economic Upgrade Company Limited)**

အား အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။ နောင်တွင်လည်း အမျိုးဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း၊ လုပ်ငန်းစီးပွားပိုမိုတိုးတက် ဖြစ်ထွန်းအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Farmers Economic Upgrade Company Limited & Micro Finance** လုပ်ငန်း၏ ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြသော -

- **Farmers Development Public Company Limited**
- ဦးစိုးမြင့် **(Chairman - Myanmar Organic Resources Company Limited)**
- ဦးသက်ဇော် **(Managing Director - Farmers Development Public Company Limited)**
- ဦးကျော်ထူးစိန် **(Chairman - K Notary Law Office)**
- ဦးမြင့်သန်း **(Managing Director - Myint Hein Kyaw Construction Company Limited)**
- ဦးဇော်မျိုးလွင် (ရွှေမြန်မာ ပရိဘောဂ)
- ဒေါ်ဥမ္မာမြင့် **(Owner ဗိုလ်-3 Restaurant & Family Karaoke)**
- ဦးအောင်မျိုးထွန်း **(Managing Director - Shwe Min Nyi Naung Company Limited)**
- ဦးဟန်ဝင်းနိုင် **(Director - AC Myanmar Microfinance Company Limited)**
- ဦးဝင်းဇော်ထွန်း **(Director - Farmers Economic Upgrade Company Limited)**



Dragon Eyes အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ

| | | |
|---|---|---|
| တောင်ဒဂုံ Sony မြေယာ (မြေ) | 96' x 66' | 3900 သိန်း |
| အလုံ River View Point Condo | 2000 sqft | 3500 သိန်း |
| သင်္ဃန်းကျွန်း မင်္ဂလာ Condo | 950 sqft | 1780 သိန်း |
| ဥက္ကလာ ရွှေနှင်းဆီလမ်းထွယ် 2 RC | 35' x 45' | 5500 သိန်း |

09 674 888850, 09 430 83990

Dragon Eyes Real Estate Facebook Page တွင်လည်းဝင်ရောက်ကြည့်ရှု အိမ်ခြံမြေအရောင်း/အငှားများ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



## လုံးချင်း အရောင်း/အငှားများအပ်နှံနိုင်ပါသည်

1. ဗဟန်း၊ ရန်ကင်းတွင် ဘိုးဘွားပိုင်မြေကွက် ဈေးတန်လုံးချင်း နောက်ထပ်အဝယ်ရှိသည်။
2. ရုံးခန်း၊ တိုက်၊ လုံးပြတ်အငှားများ အပ်နှံနိုင်ပါသည်။
3. စမ်းချောင်း၊ အလုံ၊ ကမာရွတ် လုံးချင်း ရုံးနှင့်စားသောက်ဆိုင်အငှား။

ပိုင်ရှင်တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ Agent:(Ph:09–428996688–Viber/Call)



## ZAMBUYADANA CO., LTD. WOOD BASE INDUSTRY




521, Mogoke Street, Industrial Zone (1), Dagon Myothit (South)
Hp : (95-9) 400 300900, (95-9) 400 900300, (95-9) 510 7832, (95-9) 550 5855, Email : zbuyadana@gmail.com


ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ


## ☆STAR☆

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

09-43088052
09-260660405
09-421067330



## ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များအထူး ဈေးကောင်းပေးဝယ်သည်။

09-5089354
09-5180139



## မိုးစံ (လင်း) ကုမ္ပဏီ

(open daily) (ဗဟန်းရုံး) မှ အမြန်ရောင်းမည်၊

| | | | |
|---|---|---|---|
| ၁။ဗဟန်း၊သင်္ဂလွင်လမ်း | (8770Sqft) | မြေ | 11000L |
| ၂။တာ/ဥ၊ပါရမီလမ်းမ | (80x80) | 2BN | 8000L |
| ၃။သာကေတ၊ Capital အနီး | (70x95) | မြေ | 5500L |
| ၄။မ/ဥ၊ ဇက်မွှရန် (ရွှေဂုံတိုင်) | (100x150) | ပို | 5200L |
| ၅။အင်းစိန်၊City Mart အနီး(ဈေးသစ်) | (40x160) | 1BN | 2850L |
| ၆။ရေကျော်၊အောင်ဇေယျလမ်း | (50x110) | မြေ1Sqft | 1.35L |
| ၇။မရမ်း(စ)မိုးညှင်းလမ်းနီး(ပင်မလမ်း) | (7000Sqft) | မြေ1Sqft | 1.28L |
| ၈။ရန်ကင်း၊GRC - Condo | (1100Sqft) | Lift | 1400L |
| ၉။အလုံ၊Orchid Condo | (1850Sqft) | Lift | 2500L |

Facebook Page - မိုးစံလင်းအကျိုးဆောင်ကုမ္ပဏီ ဗဟန်းရုံး တွင်လည်း ဝင်ရောက် ကြည့်ရှု စုံစမ်းနိုင်ပါသည်။

01- 552742, 09 5060938,09 450450977, 09 5060940


## 7F/1975 Toyota Nadia (Gray) ရောင်
## ယာဉ်နှင့်ပတ်သက်၍ ဒေါ်အေးအေးမြင့် [၁၂/မရက(နိုင်)၁၁၀၁၈၆]ဟု
## အမည်ပေးထားသူနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးစိုင်းထွန်းညွန့် [၁၂/မရက(နိုင်)၁၂၂၇၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ၏ ဇနီးအမည်ပေါက်သော အထက်ဖော်ပြပါ ယာဉ်အား ဒေါ်အေးအေးမြင့်ဆိုသူက ၆-၁၂-၂၀၁၉ ရက်တွင် ငှားသွားပြီး ယနေ့အထိ အဆက်အသွယ်မရပါ။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါယာဉ်အား ငှားရမ်းသူနှင့် လက်ဝယ်ရှိသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ဆက်သွယ်အပ်နှံပေးရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ငှားရမ်းသူနှင့် လက်ဝယ်ရှိသူများအား တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးမြင့်သန်း | ဒေါ်သီရိလှိုင် | ဦးအောင်ဇော်မိုး |
|---|---|---|
| (စဥ်-၆၉၆၃) | (စဥ်-၁၅၂၆၀) | (စဥ်-၁၆၃၅၆) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

အမှတ် (၅၅/၅၆)၊ ကျိုက်ဝိုင်းဘုရားလမ်းမ၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
၀၉-၅၁၉၅၀၅၁၊ ၀၉-၅၀၁၈၀၇၆

# eGOVERNMENT CONFERENCE & ICT EXHIBITION

WITH THE GUIDANCE OF:

e-Government Steering Committee

OFFICIALLY SUPPORTED BY:

## 4th e-Government Conference & ICT Exhibition (Nay Pyi Taw)

PLATINUM SPONSOR

HUAWEI

MyanTel

ORACLE

GOLD SPONSOR

mytel

MIT Myanmar Information Technology

Global Technology Co., Ltd.

### "Towards Digital Government"

- International perspectives - presentations by International Experts
- Panel Discussion : Towards Digital Government
- Myanmar 4.0 Presentations
- e-Government Presentations
- Over 90 booths of latest Technology trends and solutions
- e-Government Showcases by Myanmar Government Ministries

18-19 February 2020 (9:00am to 5:00pm)

MICC-II, Nay Pyi Taw, Myanmar

SILVER SPONSOR

telenor FUJITSU MPT CISCO SECURELINK CB BANK

MEDIA PARTNER

INTERNET

PROUDLY ORGANIZED BY:

MCPA Myanmar Computer Professionals Association
MCF Myanmar Computer Federation
MCIA Myanmar Computer Industry Association

www.egovernmentnpt.org

ကြော်ငြာ

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ဦးမင်းလွင်
**အသက်(၅၉)နှစ်**

လုပ်သားမှူး၊ ဆင်ပြောင်ရေယာဉ်
မြန်မာ့ဘောလီဘော လက်ရွေးစင်အားကစားသမားဟောင်း

**(၁၁-၂-၂၀၁၉)မှ (၁၁-၂-၂၀၂၀)**

၁၁-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၄:၃၀ နာရီတွင် တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင် ဦးမင်းလွင်အား နေ့စဉ်၊ လစဉ်နှင့် ၁ နှစ်ပြည့်နေ့တွင် ရည်စူး၍ပြုခဲ့သော ကုသိုလ်ကောင်းမှု အစုစုကို အမျှ ပေးပါတယ်။

အဖေကြီးရေ - အမျှ- အမျှ- အမျှ

**ဇနီး ဒေါ်ငွေငွေရီ**
**သားကြီး ဗိုလ်ကြီးဝေဖြိုး(ခ)မင်းထက်သာ**
**အပတ်စဉ်(၁၆)တပ်မတော်**
**ဆေးတက္ကသိုလ်**
**သားငယ် မောင်မင်းထက်သျှား**
**သမီးငယ် မဇွန်ထာဝရမင်းလွင်**
**Final Part II, (UM-2)**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်လှ (ညောင်လေးပင်မြို့)
**အသက်(၉၉)နှစ်**

ညောင်လေးပင်မြို့နေ (ဦးခိုင်ဝန်-ဒေါ်သင်းအုံ)တို့၏ သမီး၊ (ဦးစိုးမြင့်)-ဒေါ်မြင့်မြင့်ခိုင် တို့၏ အစ်မ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၂၈)နေ [ဦးကြင်သိန်း (ကထိက၊ ဗဟိုမီးသတ်သိပ္ပံကျောင်း)]၏ ဇနီး၊ ဦးဝင်းမြင့်သိန်း (ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း)၊ တပ်ကြပ်ကြီး/စာရေး မောင်စိုး(ငြိမ်း၊ တပ်မတော်မှတ်တမ်းရုံး)-ဒေါ်ခင်သိန်းဝေ(ငြိမ်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဦးတင့်လွင်-ဒေါ်ချိုချိုသိန်းတို့၏ မွေးသမိခင်၊ ဒေါ်ဝင်းသန္တာစိုး (ကထိက၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်) (ခေတ္တ-ပြင်သစ်)၊ ဗိုလ်ကြီးရန်နိုင်စိုး-ဒေါ်နီလာဝင်းရွှေ၊ ဒေါ်သင်းသန္တာစိုး(MCB Bank)၊ ဦးလွင်မော်၊ ကိုရဲမင်းအေးတို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၉-၂-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်စု
**အသက်(၇၈)နှစ်**
**ဒါရိုက်တာ (T.Y.S.T Group Co.,Ltd.)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အမှတ်(၅၈)၊ နေသိဒ္ဓိလမ်းနေ (ဒေါက်တာဦးစု-ဒေါက်တာဒေါ်ခင်ညွှန့်)တို့၏ သား၊ (ဦးအုံးမြိုင်-ဒေါ်အုံးကြည်)တို့၏ သားသမက်၊ ဒေါ်လှမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးအောင်-ဒေါ်သန်းသန်းဝင်း၊ ဦးအောင်စေသော် (T.Y.S.T Group Co.,Ltd.)-ဒေါ်ဇာခြည်ဝင့် (T.Y.S.T Group Co.,Ltd.)တို့၏ ဖခင်၊ မစုဝေသဲ(YCC)၊ မောင်အောင်ကောင်းသန့် (Strategy First)၊ မောင်သာယာစေသော် (ILBC-P4-H)တို့၏ ချစ်လှစွာသောအဘိုး ဦးခင်စုသည် ၉-၂-၂၀၂၀ (တနင်္ဂနွေနေ့) ည ၇ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း
**နိုင်ငံရေးအကျဉ်းသားဟောင်း**
**ကိုဇော်မောင်မောင်ဝင်း (ခ) ကိုဇော်**
**အသက် (၄၇)နှစ်**

နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးဖြစ်သူ ကိုဇော်မောင်မောင်ဝင်း(ခ)ကိုဇော် နာမကျန်းဖြစ်စဉ်က ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးခဲ့ကြသည့် နိုင်ငံရေးအကျဉ်းသားများ၊ ကျန်းမာရေးစောင့်ရှောက်မှုစင်တာ(HCPP)မှ တာဝန်ရှိသူများ၊ ဈာပနကိစ္စအဆင်ပြေချောမွေ့အောင် ကူညီပံ့ပိုးကြသော မိတ်ဆွေအပေါင်းအသင်းများ၊ နိုင်ငံရေး အကျဉ်းသားဟောင်းများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

**အမေတူးနှင့် ကျန်ရစ်သူမိသားစု**

---

စိုက်ပျိုးရေးရုံးချုပ် ဝန်ထမ်းဟောင်းများအသင်း
## ဒေါ်မြင့်မြင့်ရီ
**ကြီးကြပ်ရေးမှူး(ငြိမ်း)၊ ပြတိုက်**
**အသက်(၇၆)နှစ်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်၊ စက်မှုလယ်ယာလမ်းနေ ဒေါ်မြင့်မြင့်ရီသည် ၇-၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၂၀ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်လွင်
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ လမ်းသစ်(၂)လမ်း၊ အမှတ်(၇/ခ)နေ (ဦးငွေလွင်-ဒေါ်မြင့်မြင့်)တို့၏ သမီးကြီး၊ ဦးမောင်ကို (SEA HARMONY Co., Ltd)၏ ဇနီး၊ ဦးရွှေဝင်း-ဒေါ်ညိုညိုလွင် (ဌာနစုမှူး၊ YCDC)၊ ဦးအောင်ဇော်မင်း(Chief Engineer)-ဒေါ်သက်သက်လွင်၊ ဦးဇော်သူရလင်း-ဒေါ်နွယ်နွယ်လွင်(Exo Travel)၊ ဒေါ်ခင်ဆွေလွင်၊ ဦးရဲနန္ဒာလွင်-ဒေါ်သင်းသင်းဆွေတို့၏ အစ်မကြီး၊ မောင်မင်းထက်မော်၊ မဆုမြတ်ဝင့်၊ မရှင်းသန့်ဖြူတို့၏ အဒေါ် ဒေါ်မြင့်မြင့်လွင်သည် ၉-၂-၂၀၂၀ (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ဟားခါးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရီသန်း
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့နေ (ဦးခန့်-ဒေါ်သိန်းနွဲ့)တို့၏ သမီး၊ (ဦးတင်စိုး)-ဒေါ်သိန်းမြင့်၊ (ဦးကျော်ရင်-ဒေါ်ကြည်)တို့၏ ညီမ၊ ပုဇွန်တောင်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ (၇)ရပ်ကွက်၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၃၀၂)၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာနေ ဦးထိန်လင်းဦး(Engineer, REPASSA, Singapore Co.,Ltd.)၊ ဒေါ်စန္ဒာအောင် (မူလတန်းပြ-ငြိမ်း၊ အမက-၁၊ ဗဟန်း)၊ အလုံမြို့နယ်၊ မိုးကောင်းလှျပ်စစ်အရာရှိဝန်း၊ အခန်း(B-6)နေ ဦးသန်းထွေး (လက်ထောက်အထွေထွေမန်နေဂျာ၊ YESC)၊ ဒေါ်မာလာမြင့် (လဝက-ငြိမ်း)တို့၏ မိခင်၊ မသဲယဉ်ကျေးဦး (မူလတန်းပြ၊ အလက-၈၊ ဒလ)၊ မောင်ကျော်ဝေယံဦး (Hotel Tourisum Training Center, Kandawgyi Palace Hotel)၊ မနဒီလင်းဦး၊ မောင်ဉာဏ်လင်းအောင် (Junior Web Developer Code X Myanmar)တို့၏ အဘွားသည် ၉-၂-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အလုံမြို့နယ်၊ မိုးကောင်းလျှပ်စစ်အရာရှိဝန်းနေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အလုံမြို့နယ်၊ မိုးကောင်း လျှပ်စစ်အရာရှိဝန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
**ဆရာဦးစိန်သိန်း (ကျောင်းဆရာ-ငြိမ်း) (၇၆)နှစ်**
**အထက(၁)လမ်းမတော် (စိန့်ဂျွန်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ်(၂၇၆)နေ ဒေါ်အုန်းကြည် ၏ ခင်ပွန်း ဆရာဦးစိန်သိန်း (အပူဇော်ခံ၊ မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့)သည် ၃-၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**အမှုဆောင်အဖွဲ့**
**မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့**
**အထက(၁)လမ်းမတော်(စိန့်ဂျွန်း)**

---

## ဒေါက်တာသန်းနိုင်
**M.B.B.S (Yangon)/Dip.Med.Sc (Surgery) / M.Med.Sc (PH)**
**ခွဲစိတ်အထူးကုဆရာဝန်၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ရန်ကုန်**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မလွှကုန်းလမ်း၊ အမှတ်(၃၀)၊ ပ-ထပ်နေ (ဦးအုန်းမောင်-ဒေါ်ရင်ရင်)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးမျိုးတင့်-ဒေါ်မြမြ)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ (ဦးထွန်းလွင်-ဒေါ်စိုးစိုးမာ)၊ ဦးတင်မောင်ဝင်း-ဒေါ်တင်အေး၊ (ဦးဝင်းမောင်)-ဒေါ်စိန်စိန်မာတို့၏ ညီ/မောင်၊ ဦးမြင့်မြတ်-ဒေါ်နီနီမာတို့၏ အစ်ကို၊ ဒေါ်ခင်မြစီ (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စိုက်ပျိုးရေး)၏ ခင်ပွန်း၊ ဒေါက်တာနိုင်မြတ်သူ(ခုတင်-၅၀၀ ဆေးရုံ၊ ရန်ကုန်)-ဒေါ်ဝင့်နန္ဒာထွန်း (MK Safe Travel & Tour)၊ ဦးနိုင်ဇွန်ကို (Senior Marketing Assistant, Toyota Aye and Sons Co.,Ltd.)တို့၏ မွေးသဖခင်သည် ၁၀-၂-၂၀၂၀ (တနင်္လာနေ့)နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

စိုက်ပျိုးရေးရုံးချုပ်
ဝန်ထမ်းဟောင်းများအသင်း
## ဒေါ်ခင်လှိုင်
**အသက်(၈၀)**
**အကြီးတန်းစာရေး(ငြိမ်း)ဝယ်/ဖြန့်**
**အသင်းဝင်အမှတ်-၀၉၄၀**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်နေ ဒေါ်ခင်လှိုင်သည် ၂-၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

## မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်ဝေ (ဗာကုလဖောင်ဒေးရှင်း-မကွေး)
**အသက်(၇၄)နှစ်**

ကန်တော့ခံဆရာ ဦးခင်မောင်ဝေ Msc. (Geol.), (Delf The Nertherlands)သည် ၈-၂-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၄ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘွဲ့ရနှင့် သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်ရွှေ (အထောင်၊ ကံကလေး)
**အသက် (၉၁) နှစ်**

ဦးဝင်းအောင်-ဒေါက်တာချိုချိုမြင့် (တွဲဖက်ပါမောက္ခ၊ သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)တို့၏မိခင်ကြီး ဒေါ်ကျင်ရွှေ အသက်(၉၁)နှစ်သည် ၉-၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခများနှင့်**
**သားဖွားမီးယပ် အထူးကုဆရာဝန်များ**
**မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့်**
**သင်ကြားရေးဆေးရုံကြီး**
**ဆေးတက္ကသိုလ် ၂၊ ရန်ကုန်**

---

သင့်သွေးဖြင့်
အသက်ကယ်ပါ

---

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးမောင်သိန်း(ခ)မိုဟာမက်အလီ
**တပ်မတော်(ရေ-ငြိမ်း)၊ အာရှလက်ဝှေ့ချန်ပီယံဟောင်း**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ခြံအမှတ်(၄၁)၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်နေ (ဦးဖိုးသိန်း-ဒေါ်ညွှန့်)တို့၏ ဒုတိယသား၊ (ဟာဂျီဦးမောင်အေး-ဟာဂျီမဒေါ်အေးမိ)တို့၏ သားသမက်၊ [ဟာဂျီမရဟီမာဘီ(ခ)ဒေါ်ခင်ခင်မြင့်]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းအောင်ဝင်း-ဒေါ်ဝင်းသီတာသိန်း (မနီလာသိန်း)တို့၏ ဖခင်၊ မသံစဉ်ဇူအောင်၏ ချစ်လှစွာသောအဘိုးသည် ၆-၂-၂၀၂၀ ရက် ညနေ ၆:၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၇-၂-၂၀၂၀ (သောကြာနေ့) ဂျွမ္မာနာမာ(စ်) ရေဝေးစွန္နီမွတ်စလင်(မ်)ကဗရ်စတာန်ဥယျာဉ်တော်၌ ဒါဖနာရ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဥတုရာသီ တောကိုမှီ၏

---







---

## ဦးတင်အောင်
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ အမှတ်(၃)၊ (၁၀၅)လမ်းနေ (ဦးသိန်းမောင်-ဒေါ်ကျင်ပု)တို့၏သား၊ (ဦးဝင်းမောင်-ဒေါ်စိန်နီ)တို့၏ သားသမက်၊ ဒေါ်ပွဲဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ညွန့်)-ဒေါ်တင်ရီတို့၏ မောင်၊ ဦးကျော့မောင်-ဒေါ်ဝင်းကြည်တို့၏ ညီ၊ (ဦးညီအေး)-ဒေါ်တင်ထွေးတို့၏ အစ်ကို၊ ကိုမြတ်သူအောင်၊ မသန္တာဝင်း၊ Janson Luk(ခ)မောင်သိုက်သိုက်-မသူဇာအောင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၉-၂-၂၀၂၀ (တနင်္ဂနွေနေ့) ည ၈:၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဘဂွမ်း
**အသက်(၈၅)နှစ်**
**သွားဆေးတက္ကသိုလ် (ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ အမှတ်(၁၁၇-အေ)၊ မဥ္ဇူ(၂)လမ်းနေ (ဦးအုန်းညွန့်-ဒေါ်ကြည်မေ)တို့၏ သား၊ (ဦးချစ်-ဒေါ်သောင်း)တို့၏ သားသမက်၊ [ဒေါ်တင်မေဝင်း (အထပြ-ငြိမ်း)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်သူမောင်မောင်-ဒေါ်နီလာ၊ ဒေါ်မေစန္ဒာဝင်း၊ ဦးမောင်မောင်မင်းဇော်-ဒေါ်စန်းစန်းမော်၊ ဦးနေလင်းအောင်-ဒေါ်မြင့်မြင့်ရီတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ မြစ်တစ်ယောက်၏ဘိုးဘိုးကြီးသည် ၁၀-၂-၂၀၂၀ (တနင်္လာနေ့)နံနက် ၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအသင်း သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ဆွေဆွေဦး(ခ)စန်းမြကေသီ

လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊ စွမ်းအင်ဝန်ကြီးဌာန

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ ဦးဝိစာရအိမ်ရာနေ (ဗိုလ်မှူးတင်မောင်-ဒေါ်တင်ရီ)တို့၏ သမီးကြီး၊ ဦးတင်မောင်ထွန်း (အင်ဂျင်နီယာ-ငြိမ်း၊ ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်သိန်းသိန်းဌေး၊ ဦးတင်ထွန်းမင်း (စ-စ-စ-ငြိမ်း)-ဒေါ်အေးအေးမြင့်၊ ဦးမင်းသူ-ဒေါ်လွင်မေသိန်းတို့၏ အစ်မ၊ ဦးပြည့်ဖြိုးကျော် (Chief Mate F.G)-ဒေါ်ထက်ထက်အောင်၊ ဦးမျိုးသန့်ကျော်-ဒေါ်အေးမြတ်သီတာ (အကောက်ခွန်ဦးစီးဌာန)တို့၏ ချစ်လှစွာသောမိခင်၊ မြေးအမြွှာ မအေးမြသရဖူကျော်နှင့် မောင်အောင်မင်းခန့်ကျော်တို့၏ ချစ်လှစွာသောအဘွားသည် ၁၀-၂-၂၀၂၀ (တနင်္လာနေ့) ညနေ ၃:၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (လိုက်ပါပို့ဆောင်မည့်သူများ အထက်ပါ နေအိမ်မှကားများ နံနက် ၇:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## မြေပုံမြို့နယ်အသင်း (ရန်ကုန်)

**ဦးမောင်ဝင်း (၆၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၁)၊ ပန်းခြံကျောင်းလမ်း၊ (၁၃) ရပ်ကွက်နေ ကိုအောင်ဝင်းစောေ-မစိုးစိုးနွယ်၊ ကိုအောင်လင်းစော-မစိုးစိုးနိုင်၊ ကိုအောင်မင်းစော-မနွယ်နွယ်စန်းတို့၏ဖခင်၊ ဒေါ်မပု(ခ)ဒေါ်ခင်စောလှ၏ခင်ပွန်း၊ မြေးသုံးယောက် တို့၏ အဘိုးရင် သည် ၉-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၈:၁၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ (နေအိမ်နှင့်တာမွေအဝိုင်းမှတ်တိုင်တို့မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) အလုပ်အမှုဆောင်အဖွဲ့

## ဦးမင်းဇော်(ရွှေဂွန်း)

**အသက် (၆၀)**

**မင်းဓမ္မသက်န်းတိုက်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁-တိုးချဲ့)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၂၆/C-1)၊ မဟာမြိုင်အိမ်ရာနေ [ဦးစံသိန်း-ဒေါ်ကြိုင်(ရွှေဂွန်း)]တို့၏သားငယ်၊ [ဦးအုံးရွှေ-ဒေါ်ပုတင်ရီ(ရွှေဂွန်း)]တို့၏ သားသမက်၊ ဒေါ်မာမာဝင်း၏ ခင်ပွန်း၊ ဦးအေးကို-ဒေါ်ခင်နွယ်၊ ဦးတင်ထွန်း-ဒေါ်လှန္ဒဲ့၊ ဦးအောင်မြင့်-ဒေါ်ပြုံး၊ ဦးမြင့်စိုး-ဒေါ်ခင်ကြွယ်၊ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဆင့်(ငြိမ်း)-ဒေါ်ခင်မလေး၊ ဒေါ်ခင်မာအေးတို့၏ ချစ်လှစွာသော ညီ/မောင်၊ မောင်ဟိန်းဇော်ထွဋ်(ခ)ထွဋ်ထွဋ် (SCG Cement Co., Ltd.)၊ မောင်သစ်ထူး(Lizstar Shipping Co., Ltd.)တို့၏ ချစ်လှစွာသောမွေးသဖခင်သည် ၁၀-၂-၂၀၂၀ (တနင်္လာနေ့) နံနက် ၀၀:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဟန်ညွန့်

**အသက်(၅၅)နှစ်**

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၇)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၁၆၇)နေ [ဦးမောင်စိန် (အခန်းမှူး၊ ကြေးမုံ-ငြိမ်း)-ဒေါ်မမကြီး]တို့၏ သား၊ (ဦးအောင်သန်းဦး)၊ မဌေးဌေးကြည်တို့၏ မောင်၊ မမြင့်မြင့်စိန်၊ မမြင့်မြင့်အေး (သတင်းစဉ်)တို့၏ အစ်ကိုသည် ၉-၂-၂၀၂၀ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဆွမ်းဆက်ကပ်အမျှပေးဝေလိုပါသောကြောင့် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးခင်မောင်ဝေ**

**အသက်(၇၄)နှစ်**

ဗာကုလ ဖောင်ဒေးရှင်း(မကွေး)

ရန်ကုန်မြို့၊ ဓမ္မစေတီလမ်း၊ အမှတ်(၃၀၄)၊ ယုဇနစီးပွားရေးတာဝါနေ အသင်းဝင် ဒေါ်လှလှမြင့်(ခ)Lily Shein (S.A.T, ငြိမ်း၊ အထက-၁၊ ညောင်လေးပင်)၏ ခင်ပွန်းသည် ၈-၂-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

**ဦးခင်မောင်ဝေ (ဗာကုလဖောင်ဒေးရှင်း-မကွေး)**

M.Sc (Geol.) (Delf The Netherlands)

**အသက်(၇၄)နှစ်**

ဆရာ ဦးခင်မောင်ဝေ သည် ၈-၂-၂၀၂၀ (စနေနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ၁၉၇၈ ခုနှစ်၊ ဘွဲ့ရဘူမိဗေဒကျောင်းသားများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးခင်မောင်ဝေ (၇၄)နှစ်**

ရန်ကုန်မြို့နေ ဆရာမ ဒေါ်လှလှမြင့် (S.A.T ငြိမ်း၊ အထက-၁၊ ညောင်လေးပင်)၏ ခင်ပွန်းဖြစ်သူ ဆရာ ဦးခင်မောင်ဝေ (ဘူမိဗေဒဌာန၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်)သည် ၈-၂-၂၀၂၀(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဆရာမနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တပည့်ဇော်ဝင်းနှင့် မိသားစု**

**၁၉၇၃၊ အထက(၁)ညောင်လေးပင်**

**၁၉၇၇ ဘူမိဗေဒ၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်**

## ဒေါ်တင်တင်ဌေး(ပြည်)

**အသက်(၈၂)နှစ်**

ပြည်မြို့၊ အမှတ်(၃၁၀)၊ ကုန်သည်လမ်းနေ (ဦးချစ်ထွန်း-ဒေါ်မြ)တို့၏ သမီးကြီး၊ ဒေါ်တင်တင်အေး၊ (ဒေါ်သန်းနွဲ့နွဲ့)တို့၏ အစ်မကြီး၊ အမှတ်(၅၇၀)၊ ကေတုမတီလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးတင်ညွန့် (ရန်ကုန်ဆေးရုံကြီး အုပ်ချုပ်ရေးအရာရှိ-ငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန)၏ ဇနီး၊ ဒေါ်ဥမ္မာညွန့် (အထက-၂၊ တောင်ဥက္ကလာပ)၊ ဒေါ်လွင်မာညွန့်၊ (မောင်တင်ထွဋ်)တို့၏ မိခင် ဒေါ်တင်တင်ဌေး သည် ၁၀-၂-၂၀၂၀(တနင်္လာနေ့) နံနက် ၃:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့် (ဒု-အထွေထွေမန်နေဂျာ-ငြိမ်း၊ ကပရ)

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၂)ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်(၉/၁၀၄၃)နေ (ဦးတင်စော-ဒေါ်တင်ရီ)တို့၏ သား၊ [ဦးကျော်ဝင်း(ဌာနမှူး-ငြိမ်း၊ လျှပ်စစ်ဝန်ကြီးဌာန)]-ဒေါ်ခင်စန်းဝင်း၊ ဦးမြင့်သိန်း(ဓာတ်သတ္တုဗေဒအမှုဆောင်အရာရှိ)-(ဒေါ်ချစ်ချစ်)တို့၏ညီ၊ [ဦးအောင်မင်း (အငြိမ်းစားရဲမှူးကြီး)]-ဒေါ်သင်းသင်း၊ ဦးမြင့်အောင်-ဒေါ်အေးအေးသစ်၊ ဦးအောင်မြင့်-ဒေါ်သန်းသန်းရီတို့၏ အစ်ကို၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်နေ ဦးသိန်းလှိုင်-ဒေါ်သန်းထိုက်စိုး၊ ဦးဇော်ဝင်းစိုး-ဒေါ်ချယ်ရီစိုး၊ ဦးဝင်းမြတ်စိုးတို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုး၊ မြင်းခြံမြို့နေ ဒေါ်အေးသန်း၏ခင်ပွန်းသည် ၁၀-၂-၂၀၂၀ (တနင်္လာနေ့) နံနက် ၈:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) တွင် အမှတ်(၈၈)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ညွန့်မြိုင်**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၁၁၉)နေ ဦးစိုးအောင်ခိုင်-ဒေါ်ခင်မိုးလှိုင်၊ ဦးဇော်မင်းအောင် (မြို့နယ်တရားသူကြီး၊ အမရပူရမြို့နယ်)-ဒေါ်စိုးစိုးဝင်း၊ ဦးအောင်သွင်ဦး-ဒေါ်သီတာရွှေ၊ ဦးခိုင်ဝင်းအောင်-ဒေါ်မူမူမြင့်၊ ဦးမြတ်စိုးဝင်း-ဒေါ်စုချောမွန်တို့၏ မွေးသမိခင်၊ မြေး ၁၁ ယောက်တို့၏အဘွား၊ [ဦးသောင်းရွှေ (ဒုရဲမှူး-ငြိမ်း)]၏ ဇနီးသည် ၁၀-၂-၂၀၂၀ (တနင်္လာနေ့) နံနက် ၀၀:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၂၀ ရက် နံနက်တွင် အခန်း(၄၀၃)၊ တိုက်(7+1/A)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကုန်ဖုန်ကျော် (ခ) ဒေါ်ခင်လေးကြူ

**အသက် (၈၁)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၅၄)၊ ခြောက်လွှာ၊ ရေကျော်လမ်းနေ (ဦးစီဖောင်-ဒေါ်ရင်စီ)တို့၏ သမီး၊ (ဦးတင်အောင်-ဒေါ်ညွန့်လေး)တို့၏ သမီးချွေးမ၊ မခင်မြင့်မြင့် (ခ) ကုန်ကျင်းရင်း၊ ကိုမိုးဝင်း-မမွှေးမွှေး၊ မခင်ယုယု-ဦးအောင်ထွဋ်၊ မောင်ဇော်မင်း-မမီမီကျော်တို့၏ မိခင်၊ မောင်မင်းကျော်သူ၊ မောင်မျိုးဇော်အောင်၊ မောင်သံလွင်ဟိန်း၊ မမှုံနံ့သာဝင်း၊ မနေခြည်ဝင့်တို့၏အဘွား၊ (ဦးထင်ကျော်)၏ ချစ်လှစွာသော ဇနီးသည် ၉-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ကွန်ကြည် (ထားဝယ်)**

**အသက် (၇၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀) ရပ်ကွက်၊ ဦးထွန်းငြိမ်းလမ်း၊ ခြံအမှတ်(၁)နေ ဦးဖေသိန်း၏ ချစ်လှစွာသောဇနီး၊ (ဗိုလ်မှူးကျော်သိန်း)-ဒေါ်ညိုညိုဦး၊ ဦးမောင်မောင်တာ-ဒေါ်အိအိခိုင် (မြင့်မြတ်ဟိန်းကုမ္ပဏီ)၊ ဦးမင်းမင်း(ခ)ကိုခိုင်မင်းထိုက်၊ မသဥ္ဇာသောင်း (မျိုးသူထိုက် စက်လှေအုပ်စု)တို့၏ မွေးသမိခင်၊ ကျေးဇူးရှင်၊ ကိုထူးမင်းမြတ်-မအိမြတ်စန္ဒီ၊ ကိုစိုးသန့်ဦး-မရွှေဝတ်ရည်ကျော်၊ ဒေါက်တာအာကာဖြိုး-မရွှေဝင့်ဝါကျော်၊ မရွှေလှဲ့ကျော်၊ မမေမြတ်ပန်းဟိန်း၊ မောင်မင်းစစ်သွေး၊ မသွေးသစ္စာတို့၏ ချစ်လှစွာသောအဘွား၊ မသျှင်သော်တာထူး၏ဘွားဘွားကြီးသည် ၉-၂-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်း ဒါယကာကြီး

**ဦးအောင်မြင့်(ခ)ချူပင်ဟွီး**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃၉)၊ ပထမထပ်၊ (၇) ရပ်ကွက်၊ ဘိုကလေးဈေးလမ်းနေ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ ကိုထွန်းအောင်ကျော် (AUNG Aircon Sale & Service)၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၉-၂-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၁၁-၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တကုမာရမဟာထေရ်**

**သာသနဓဇဓမ္မာစရိယ၊ မြို့နယ်သြဝါဒါစရိယ**

**ရမ်းဗြဲမြို့နယ်၊ ကျောင်းထိုင်ဘုန်းကြီးများအသင်း (ရန်ကုန်)**

**သြဝါဒါစရိယဆရာတော်ဘုရားကြီး**

**သိက္ခာတော် (၆၈) ဝါ၊သက်တော် (၈၈)နှစ်**

**(ရမ်းဗြဲမြို့နယ်၊ လေးတောင်၊ သရက်ချိုစံပြကျေးရွာ)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၂) ရပ်ကွက်၊ မင်းလက်ဝါးလမ်း၊ မူလသာသနာ့အောင်မြေကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ကြီး၊ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်၊ သရက်ချို(စံပြ)ကျေးရွာနေ (ခမည်းတော်-ဦးအေးကျော်-မယ်တော်-ဒေါ်အေးပု)တို့၏သားကြီး ဘဒ္ဒန္တကုမာရမဟာထေရ်သည် (၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်) ၉-၂-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်) ၁၃-၂-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား အပ်ပါသည်။ (မူလသာသနာ့အောင်မြေကျောင်းတိုက်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်) ၁၅-၂-၂၀၂၀ (စနေနေ့) နံနက် ၅ နာရီတွင် ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း၍ ရေစက်ချ အနုမောဒနာ တရားနာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်သည်။]

တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ရင်ကြည် (ညောင်တုန်း)**

**အသက်(၈၈)နှစ်**

ရွှေဟင်္သာတောရကျောင်းတိုက်၊ တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တအာဒိစ္စ၏ ရဟန်းမယ်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ (၁၁)လမ်း၊ လမ်းမတော်နေ ဦးချစ်အောင်၏ ဇနီး၊ ဦးအောင်အောင်မိုး-ဒေါ်ဖြူဖြူအောင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မဆုပြည့်နန္ဒာ၊ မသဒ္ဓါညွန်းတို့၏အဘွား ဒေါ်ရင်ကြည်သည် ၁၀-၂-၂၀၂၀ (တနင်္လာနေ့) နံနက် ၂:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ညောင်တုန်းမြို့၊ ငြိမ်းချမ်းမြေသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အာနိဒွိ

## မောင်ထက်ဝေယံ

**အသက် (၂၅)နှစ်**

**ပထမနှစ်(စိတ်ပညာ)**

**အထက(၁)လသာကျောင်းသားဟောင်း**

Director of AOYou Company Limited

မုဒုံမြို့နေ (ဦးအောင်သိန်း-ဒေါ်တင်ရှိန်)၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်နေ (ဦးစိုးသိန်း-ဒေါ်အေးမြိုင်)တို့၏ မြေး၊ ဦးနီနီ-ဒေါ်တင်တင်အေး (ရွှေလွင်လွင် သကြားရောင်းဝယ်ရေး)တို့၏ ချစ်လှစွာသောသားငယ်၊ ကိုအောင်သက်ဟန် (ဥက္ကဋ္ဌ၊ ပြည်ခိုင်ဖြိုးပါတီ၊ တာမွေမြို့နယ်)၏ညီ မောင်ထက်ဝေယံသည် ၈-၂-၂၀၂၀ (စနေနေ့) ညနေ ၆:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အမှတ် ၂၈၊ ၁၆၄ လမ်း၊ တာမွေကြီး ခ-ရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးကြင်အောင်**

(မောင်မြန်မာစက်ဘီးဆိုင်-ဘိုကလေး)

**အသက်(၉၁)နှစ်**

ဘိုကလေးမြို့၊ (၃)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ (ဦးချမ်း-ဒေါ်ကြွေ)တို့၏ သား၊ (ဒေါ်စိန်အေး)၏ ခင်ပွန်း၊ ရဲမှူးမြင့်အောင်(ငြိမ်း)-ဒေါ်တင်တင်လှ (အထပြ-ငြိမ်း)၊ ဒေါ်ကြင်ကြင်မြ (မောင်မြန်မာစက်ဘီးဆိုင်)၊ ဦးဇော်လင်းဌေး-ဒေါ်စန်းစန်းထွေး(အလပြ-ငြိမ်း)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါက်တာသက်ဇေယျာ-ဒေါက်တာအိအိထက်၊ မရှားလဲ့ဖြူ၊ မောင်ပိုင်ထက်အောင်၊ မောင်မြတ်သူတို့၏ အဘိုး၊ Jack Jack ၏ အဘေးသည် ၉-၂-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ဘိုကလေးမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးထွေး**

**အသက်(၈၄)နှစ်**

**ရန်ကုန်တိုင်းပညာရေးမှူးရုံး(ငြိမ်း)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၂၉)၊ မယ်ဇီကုန်းလမ်းနေ (ဦးဘိုးမြင့်-ဒေါ်အုန်းတင်)တို့၏ သား၊ ဒေါ်သန်းအေး(အထက-၁၊ လှိုင်-ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်မမကြီး၊ ဦးအောင်ကျော်ဦး-ဒေါ်ချိုချိုသောင်းဦး၊ ဦးလှမြင့် (KBZ Bank)-ဒေါ်ခင်မေသက် (အထက-၄၊ ကမာရွတ်)၊ (ဦးမျိုးမြင့်)-ဒေါ်ပန်းနုထွေး (ဒီဂရီကောလိပ်၊ ရန်ကုန်)၊ Capt.ဦးညီညီထွေး (MTM)-ဒေါ်မြတ်မွန်သန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၀-၂-၂၀၂၀ (တနင်္လာနေ့) နံနက် ၄:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးထိုက်တင်ယျ (၄၆)နှစ်

Manager (Toyota Tsusho Myanmar Co., Ltd)

ရန်ကုန်မြို့နေ (ဦးတင်မောင်ကြည်)-ဒေါ်တင်အောင်တို့၏ သားကြီး၊ (ဦးမြသန်း)-ဒေါ်ခင်စန်းဝေတို့၏ သားသမက်၊ (ဦးနိုင်ဝင်းသန်း)-ဒေါ်အေးအေးမော်၊ ဦးအောင်မင်းသန်း-ဒေါ်သွင်ဥဥတို့၏ ညီ/မောင်၊ ကိုနေလင်းသန်း-မနန်းသင်းဆွေ၊ ကိုပြည့်စုံမောင်-မသူဇာမိုးတို့၏ အစ်ကို၊ ဒေါ်နွယ်နွယ်ဝေ၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် (၂၀)၊ ငါးလွှာ (က)နေ ဦးထိုက်တင်ယျသည် ၁၀-၂-၂၀၂၀ (တနင်္လာနေ့) နံနက် ၇:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ဖွင့်ပွဲ မြန်မာနိုင်ငံကလေးများနေ့ (ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့) အထိမ်းအမှတ်ပြိုင်ပွဲအခမ်းအနားများ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နေပြည်တော်သပြေကုန်းအဝိုင်းရှိ ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ရာ အဆိုပါဖွင့်ပွဲအခမ်းအနားကို ယင်းနေ့ နံနက် ၇ နာရီ မိနစ် ၅၀ ၌လည်းကောင်း၊ နေပြည်တော် (MICC-2) တွင် ကျင်းပမည့် ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ သီချင်း၊ ကျပန်းစကားပြောနှင့် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြိုင်ပွဲ အခမ်းအနား (ပထမပိုင်း)ကို ယင်းနေ့နံနက် ၉ နာရီ ၄၅ မိနစ်၌ လည်းကောင်း စတင်ထုတ်လွှင့်သွားမည်ဖြစ်ရာ အဆိုပါအခမ်းအနားများ ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC Channel)၊ Skynet Up to Date၊ Channel 9၊ တိုင်းရင်းသား၊ MITV၊ MNTV၊ Mizzima၊ မြန်မာ့အသံရေဒီယိုအစီအစဉ်နှင့် Ministry of Information Facebook Page၊ MRTV Facebook Page၊ Myanmar Digital News Facebook Page နှင့် Skynet DTH Facebook Page တို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်တံတားအမှတ်(၂) ကို ယခုဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်မည်

**ပုသိမ် ဖေဖော်ဝါရီ ၁၀**

ပုသိမ်တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံး ၆၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ တံတားသစ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ပုသိမ်တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်မှ သိရသည်။

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❐**



# ရန်ကုန်နှင့် ဟိုချီမင်းစီးတီးအသင်းတို့ ကစားမည့် AFC Cup အုပ်စုပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၂၀ AFC Cup ပြိုင်ပွဲအုပ်စု (F) ပထမနေ့အဖြစ် ယှဉ်ပြိုင်ကစားမည့် မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက သုဝဏ္ဏဘောလုံးကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပသည်။ ရန်ကုန်အသင်းနှင့် ဟိုချီမင်းစီးတီးအသင်းတို့၏ အုပ်စုပွဲကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**စာမျက်နှာ ၂၀ ကော်လံ ၃ သို့ ■**

# နေပြည်တော်၌ ငြိမ်းချမ်းရေးစုပေါင်းစက်ဘီးစီးပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၂၀ ပြည့်နှစ် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ငြိမ်းချမ်းရေးစုပေါင်းစက်ဘီးစီးပွဲအခမ်းအနားကို ယနေ့ နံနက် ၆ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Gate -1 ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ငြိမ်းချမ်းရေးစုပေါင်းစက်ဘီးစီးနင်းကြသူများအား သေနတ်ပစ်ဖောက် တာလွှတ်ပေးသည်။

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❖**

ကြေးမုံ ယနေ့ဖတ်စရာ

**ပြည်ထောင်စုအသွင်သဏ္ဍာန် ပီပြင်ဖို့ .....**
စာမျက်နှာ » ၆

---

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**
စာမျက်နှာ » ၉

---

**ခွင့်တူညီမျှ ဝါဒဖြူစင် ဖက်ဒရယ်လစ်ဇင် စကားဝိုင်း (၂)**
စာမျက်နှာ » ၁၁

---

**ဥရောပ၌ ဆီရာနှင်းမုန်တိုင်းတိုက်ခတ်**
စာမျက်နှာ » ၁၃

---

**မီလန်ဒါဘီမှာ အနိုင်ရရှိခဲ့တဲ့ အင်တာမီလန်အသင်း ရမှတ်တူဂိုးကွာခြားချက်နဲ့ အီတလီစီးရီးအေ ထိပ်ဆုံးတွင် ဦးဆောင်ခွင့်ရ**
စာမျက်နှာ » ၂၀

စေတနာဆေး မေတ္တာဆေး သစ္စာဆေး ...
ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။